# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တပို့တွဲလဆန်း (၃)ရက် ၊ သောကြာနေ့ ၊ (31-1-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၂၇၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ် ကိုကိုးကျွန်းမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ နယ်လှည့်အထူးကုဆေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ် ကိုကိုးကျွန်းမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၃၀**

တနင်္သာရီကမ်းရိုးတန်းဒေသ တစ်လျှောက်မှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များလိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ် ကိုကိုးကျွန်းမြို့သို့ရောက်ရှိရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက

**စာမျက်နှာ ၁၈ ကော်လံ ၁**



**နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်ရေးရှေးရှုပြီး ဆောင်ရွက်ဆဲလုပ်ငန်းများအမြန်ပြီးပြတ်ပြီး လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အား အမြန်ထုတ်လုပ်နိုင်ရေး အလေးထားကြိုးပမ်းဆောင်ရွက်**

စာမျက်နှာ- ၁၆

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က လျှပ်စစ်သုံးယာဉ်အမျိုးမျိုး တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ အပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၄ ခုကို ခွင့်ပြု**

စာမျက်နှာ- ၁၇


အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကိရိယာများအသုံးပြုကာ အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့်အရည်အသွေးကောင်းမွန်သော နေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင် ကျောက်ပြားနှင့်ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . .

CNC 3D ရုပ်လုံးဖော်စက်ကြီးများအသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများ အားထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။



**မဟာဃကျောက်ပြားစက်ရုံ (မန္တလေး)**



ဆက်သွယ်ရန် ဖုန်း – ၀၉ ၆၉၁၂၃၁၆၃၉၊ ၀၉ ၆၆၉၂၅၉၈၈၄

ရတနာပုံ
၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၁ ရက်
အယ်ဒီတာ့အာဘော်

# တပ်မတော်၏အောင်မြင်သော အသည်းအစားထိုးခွဲစိတ်ကုသမှု

အသည်းအစားထိုးခွဲစိတ်ကုသမှုသည် အသည်းပျက်စီးနေသူမည်သူမဆို ကလေးမှလူကြီးအထိ ပြုလုပ်နိုင်သည်။ အသည်းတွင် ရောဂါပိုးဝင်ခြင်း၊ ရောဂါရှိခြင်း၊ အရက် အစရှိသည်တို့ကြောင့် ပျက်စီးနိုင်ပေသည်။ ထို့ပြင် နာတာရှည်ရောဂါများဖြစ်သည့် အသည်းခြောက်ခြင်းနှင့် အသည်းရောင်ရောဂါ ဘီပိုး၊ စီပိုးတို့သည် အသည်းအစားထိုးခွဲစိတ်ကုသရခြင်း၏ အဓိက အကြောင်းရင်းများဖြစ်ပေသည်။

တပ်မတော်တွင် ပထမအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုကို ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် အသည်းအစားထိုးလူနာနှစ်ဦးဖြင့် အောင်မြင်စွာခွဲစိတ်ကုသဆောင်ရွက်နိုင်ခဲ့ပေသည်။ အသည်းအစားထိုးခွဲစိတ်ကုသမှုကို ဆက်လက်ဆောင်ရွက်ခဲ့ရာတွင် ၂၀၂၃ ခုနှစ်အတွင်း အသည်းအစားထိုးခွဲစိတ်ကုသမှု သုံးကြိမ်၊ လူနာ ကိုးဦးနှင့် ၂၀၂၄ ခုနှစ်အတွင်း လူနာ ကိုးဦးတို့ကို အောင်မြင်စွာထပ်မံခွဲစိတ်ကုသဆောင်ရွက်ပေးနိုင်ခဲ့ပေသည်။

ယခုအခါအဋ္ဌမအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုကို လူနာ သုံးဦးဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပထမနေ့ အသည်းအစားထိုးခွဲစိတ်ကုသမှုကို ဇန်နဝါရီ ၂၈ ရက်တွင် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး(ခုတင် ၁၀၀၀) အထူးကုသမှုစင်တာ၌ ပြုလုပ်ခဲ့သည်။ အဆိုပါ အသည်းအစားထိုးခွဲစိတ်ကုသမှုကို တပ်မတော်မှ အသည်းအစားထိုးခွဲစိတ်ကုသမှုအဖွဲ့နှင့် အိန္ဒိယနိုင်ငံမှ အသည်းအစားထိုးခွဲစိတ်ကုသမှုအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး လူနာဖြစ်သူနှင့် အသည်းအလှူရှင်တို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပေသည်။

တပ်မတော်သည် ဆေးဘက်ဆိုင်ရာပညာရပ်များမြင့်မားတိုးတက်လာရေးအတွက် စဉ်ဆက်မပြတ် မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာဆေးပညာတက္ကသိုလ်များသို့ စေလွှတ်ပြီး အဆင့်မြင့်ဆေးပညာများသင်ယူစေကာ ဆေးပညာရှင်များမွေးထုတ်ပေးခဲ့သည်။ ထို့ပြင် တပ်မတော်အနေဖြင့် ကျောက်ကပ်အစားထိုးလဲလှယ်ခြင်း၊ နှလုံးခွဲစိတ်ကုသခြင်း၊ နှလုံးခုန်နှုန်းထိန်းညှိစက်ထည့်သွင်းခြင်း၊ နှလုံးသွေးကြော Stent ထည့် ကုသခြင်း စသည့်အဆင့်မြင့်ကုသမှုမျိုးစုံကို နိုင်ငံတကာနှင့်ရင်ပေါင်တန်းကာ ဆောင်ရွက်နိုင်ခဲ့သည်။ အသည်းအစားထိုးခွဲစိတ်ကုသမှုကိုလည်း အောင်မြင်စွာခွဲစိတ်ကုသနိုင်ခဲ့ပြီဖြစ်ပေသည်။

အသည်းအစားထိုးခြင်းသည် ပျက်စီးနေသော သို့မဟုတ် ရောဂါရှိသောလူနာ၏ အသည်းကိုဖယ်ရှားပြီး ကျန်းမာသောအလှူရှင်၏အသည်းကို အစားထိုးခွဲစိတ်ကုသခြင်းဖြစ်သည်။ ရောဂါရှိသောလူနာ၏ နောက်ဆုံးအဆင့်အသည်းရောဂါ သို့မဟုတ် ပြင်းထန်သောအသည်းပျက်စီးမှုကို ကုသရန်လုပ်ဆောင်ခြင်းဖြစ်သည်။ အသည်းအစားထိုးကုသမှု၏ အောင်မြင်မှုနှုန်းသည် လက်ခံသူ၏အခြေအနေ၊ လှူဒါန်းထားသော အသည်းအရည်အသွေးနှင့် နောက်ခံကျန်းမာရေးအခြေအနေများကဲ့သို့သော အကြောင်းရင်းအမျိုးမျိုးပေါ်မူတည်၍ ကွဲပြားသည်။ ပျမ်းမျှအားဖြင့် အောင်မြင်မှုနှုန်းမြင့်မားလျက်ရှိပေသည်။

အသည်းအစားထိုးကုသရာတွင် အသက်ရှင်နေသောအလှူရှင်၏ အသည်းအစိတ်အပိုင်းတစ်ခုကို လက်ခံသူလူနာသို့ အစားထိုးခွဲစိတ်ကုသခြင်းဖြစ်သည်။ ကွယ်လွန်သူအလှူရှင်၏ အစားထိုးကုသမှုတွင် အလှူရှင်ထံမှ အသည်းတစ်ခုလုံးကို လက်ခံရရှိသူလူနာသို့ အစားထိုးခွဲစိတ်ကုသခြင်းဖြစ်ပေသည်။

အသည်းအစားထိုးခြင်းအတွက် အရည်အချင်းပြည့်မီမှုသည် အသည်းရောဂါ၏ပြင်းထန်မှု၊ ယေဘုယျကျန်းမာရေးအခြေအနေ၊ တက်ကြွသောရောဂါပိုးများ သို့မဟုတ် ကင်ဆာမရှိခြင်းနှင့် အသည်းအစားထိုးခွဲစိတ်ကုသပြီးသည့်နောက် လိုအပ်ချက်များကိုလိုက်နာမှုအပါအဝင် အချက်များစွာပေါ်မူတည်နေသဖြင့် အသည်းအစားထိုးကုသမှုခံယူထားသူသည် သင့်လျော်သောဆေးဝါးကုသမှုခံယူကာ နှစ်ပေါင်းများစွာ အသက်ရှင်နေထိုင်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ပြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင်လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်အောင် ဖော်ဆောင်ပေးရေး။

**ပေါင်းစည်းချစ်ကြည် လက်တွဲညီ ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ**

**တိုင်းပြည်သာယာ ဝပြောဖို့ ငြိမ်းချမ်းရေးကို တည်ဆောက်စို့**

**တို့ပြည်ထောင်စုတိုင်းရင်းသားများ ညီညွတ်စွမ်းအား ပြည့်ခွန်အား**



# ကလေးမြို့နယ်တွင် ဟင်းသီးဟင်းရွက် ၁၀၁၉၁ ဧကစိုက်ပျိုးပြီးစီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

**ကလေး ဇန်နဝါရီ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၁၉၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခု ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကလေးမြို့နယ်တွင် ဟင်းသီးဟင်းရွက် ၉၁၂၁ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၀၁၉၁ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ကလေးမြို့နယ်အတွင်း ဟင်းသီးဟင်းရွက် ၉၁၂၁ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၀၁၉၁ ဧက စိုက်ပျိုးနိုင်ခဲ့လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့သီးနှံတွေ စိုက်ပျိုးပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြသည်။

ကလေးမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကလေးမြို့နယ်တွင် ဟင်းသီးဟင်းရွက်သီးနှံများ အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ကြိုးပမ်းသင့်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ၁၆ ပြည်ဝင် မတ်ပဲအိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဇလွန် ဇန်နဝါရီ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ၁၆ ပြည်ဝင် မတ်ပဲအိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဇလွန်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ဌေးက ပြောပြ၍ သိရသည်။

ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်းက ၁၆ ပြည်ဝင် မတ်ပဲအိတ်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ ၁၆ ပြည်ဝင် မတ်ပဲအိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဇလွန်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဒီဇင်ဘာလထဲမှာ ၁၆ ပြည်ဝင် မတ်ပဲအိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ပါတယ်။ လက်ရှိလဲ ဒေသထွက်ပဲတွေကို ရန်ကုန်ဘက်က အဝယ်လိုက်နေပါတယ်။ မတ်ပဲတွေကို ပြည်ပဈေးကွက်က ပြန်လည်ဝယ်ယူမှုကောင်းလာတာကြောင့် ရန်ကုန်ဘက်က အဝယ်လိုက်လာတာဖြစ်ပါတယ်။ ဒေသထွက်ပဲတွေ၊ စပါးတွေကို ဒီဘက်က ကုန်သည်တွေ၊ ပွဲရုံပိုင်ရှင်တွေက ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချတာဖြစ်ပါတယ်။ အခု ပြည်ပဈေးကွက်က တော်တော်လေး အဝယ် လိုက်လာပါတယ်"ဟု ဇလွန်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ဌေးက ပြောပြသည်။

ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ၁၆ ပြည်ဝင် မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၁၁၆၀၀၀ ထိ ဈေးပေါက်နေပြီး အဆိုပါမတ်ပဲများ ဝယ်ယူမှုကောင်းလာခြင်းကြောင့် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ကား အငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဝမ်းတွင်းမြို့နယ် ဆာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဝမ်းတွင်း ဇန်နဝါရီ ၃၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်း ဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများ အကြောင်းကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၇ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဆာကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ ၉၀ ကို ငွေကျပ် ၂၉ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ ၈၀ ကို ငွေကျပ် ၇ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၇၀ ကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ ဘဏ္ဍာရေးဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ သုဓမ္မမဏိဇောတဓရ ဦးခင်မောင်လှ-သုဓ r® သိဂီဒေါ်နီလာခင်၊ သား မောင်ဥက္ကာဝင်းသန့် ဇလပ်ဝါဘီစကွတ်မိသားစုက ဆွမ်းအလှူငွေကျပ် ရှစ်သိန်း၊ ကျောက်ကပ်ဌာနအတွက် အလှူငွေကျပ် ၁၀ သိန်း စုစုပေါင်းငွေကျပ် ၁၈ သိန်းလှူဒါန်းရာ နာယက သီရိပျံ့ချီဝဏ္ဏကျော်ထင် ဦးမောင်ကို၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဂရိတ်ဦးမြဝင်းနှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း နေလှန်းဆားပိဿာချိန် ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့



**လပွတ္တာ ဇန်နဝါရီ ၃၀**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ဒေသထွက် နေလှန်းဆားပိဿာချိန် ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ်မှ ဆားထုတ်လုပ်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာရီက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလ အတွင်းက ဒေသထွက် နေလှန်းဆား ပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း နေလှန်းဆား ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"လပွတ္တာမြို့နယ်ကနေ ဒေသထွက် နေလှန်းဆားတွေကိုရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချနေပါတယ်။ ဒီဇင်ဘာလအတွင်း ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ဇန်နဝါရီလထဲမှာလဲ ပိဿာချိန် တော်တော်များများ တင်ပို့ရောင်းချနေရပါတယ်။ အခုလို ဆားအရောင်းအဝယ် ကောင်းလာတော့ ဆားထုတ်လုပ်တဲ့လုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင်အခွင့်အလမ်းကောင်းနေပါတယ်။ ဒီဘက်ကထွက်တဲ့ နေလှန်းဆားတွေက အရည်အသွေးလဲ ကောင်းပါတယ်"ဟု လပွတ္တာမြို့နယ်မှ ဆားထုတ်လုပ်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်ဒေါ်မာမာရီက ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ဒေသထွက် နေလှန်းဆားများကို ဆားလုပ်ငန်းရှင်များက စနစ်တကျ ထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ နေလှန်းဆား ၁၀ ပိဿာလျှင် ငွေကျပ် ၆၀၀၀၀ ထိဈေးပေါက်နေကြောင်း၊ အဆိုပါဒေသထွက် နေလှန်းဆားများကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည် စသည့်လုပ်ငန်းများတွင် အဓိက အသုံးပြုကြကြောင်း ဒေါ်မာမာရီက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ညောင်ဦးမြို့နယ် ဖျောက်ဆိပ်ပင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ညောင်ဦး ဇန်နဝါရီ ၃၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ဖျောက်ဆိပ်ပင်ကျေးရွာ၌ ကျေးရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးအေးလွင်၊ ညောင်ဦးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဒေါ်ကလျာစိုးနှင့် တာဝန်ရှိသူများက ဖျောက်ဆိပ်ပင်ကျေးရွာ၌ ကျေးရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက် ညွှန်ကြားရေးမှူး(မြို့ပြ) ဦးအေးလွင်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဖျောက်ဆိပ်ပင်ကျေးရွာ၌ အရှည် သုံးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်း ဖြည့်စွက်ရန်ပုံငွေကျပ် ၁၉၂ ဒသမ ၆၅၈ သန်းဖြင့် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ဇန်နဝါရီလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဇင်မာ**

# ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၂၁၅၆ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**ရေဦး ဇန်နဝါရီ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၂၁၅၆ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၅၂၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၂၁၅၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၃ ဒသမ ၉ တင်း ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ နှမ်း ၄၅၂၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေ အခုလက်ရှိ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၂၁၅၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုက တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေး အသိပညာပေးခဲ့ကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်သို့ပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့် အကျိုးစီးပွားပိုမိုဖြစ်ထွန်းပြီး လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်သောကြောင့် စိုက်ပျိုးသီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

**(၂၀၆)**



# ဖောက်ပြန်သူတို့ရဲ့ဒဏ်က ထွေးခံခွက်တဲ့

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

"သူငယ်ချင်းရေ အခုတစ်လော တီဗီမှာပြသနေတဲ့ အိမ်ထောင်ရေးဖောက်ပြန်တဲ့ ဇာတ်လမ်းတွဲတချို့ကို ကြည့်ပြီး သင်ခန်းစာရယူ သံဝေဂရသင့်ကြတယ်ကွာ။ အထူးသဖြင့် လင်ငယ်နေတဲ့မိန်းမပြဿနာတွေမှာ မိန်းမတွေကို တစ်ဖက်သတ်ပုတ်ခတ်နှိမ့်ချနေတယ်လို့ ထင်နေတယ်ကွ"

"မိန်းမတိုင်း၊ အမျိုးသမီးတိုင်းတော့ မဖောက်ပြန်ကြပါဘူး"

"ဒါကတော့ မင်းက စာနာစိတ်နဲ့ပြောနေတာကိုးကွ။ အချို့ယောကျ်ားတွေထက် စိတ်ဓာတ်မြင့်မြတ်ခိုင်ကျည်တဲ့ မိန်းမမြတ်တွေကတော့ လင်ပစ်သွားပေမဲ့ မိခင်ချစ်စိတ်နဲ့ သားသမီးတွေ ထွန်းတောက်အောင် ပြုစုပျိုးထောင်ပေးနေကြတယ်ကွ"

"ယောကျ်ားနဲ့မိန်းမ ကိုယ့်အချင်းချင်း ချစ်ကြိုက်ကြလို့ လက်ထပ်ခဲ့ကြတာပဲဖြစ်ဖြစ်၊ လူကြီးနှစ်ဖက်မိဘချင်း သဘောတူကြည်ဖြူလို့ လက်ထပ်ခဲ့ကြတာပဲဖြစ်ဖြစ် အိမ်ထောင်ပြုပြီးကြရင်တော့ အဲဒီအိမ်ထောင်ကိုမပြိုကွဲအောင် အပြန်အလှန်ထိန်းသိမ်းကြရမှာက လင်မယားနှစ်ယောက်စလုံးရဲ့တာဝန်ပဲကွ။ လင့်ကျင့်ဝတ်ငါးပါး၊ မယားကျင့်ဝတ်ငါးပါးနဲ့ အပြန်အလှန်ထိန်းသိမ်းစောင့်ရှောက်ကြရမှာပဲကွ။ **"အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး၊ ဤသုံးမျိုး၊ ချက်မပိုင်လျှင်၊ နောင်ပြင်နိုင်ခက်သည့်အမျိုး"**လို့ ဆိုရိုးစကားတောင်ရှိတယ်မဟုတ်လား။ အိမ်ထောင်ပြုပြီးကြရင်တော့ အဲဒီအိမ်ထောင်ကိုပြန်ပြင်ဖို့ဆိုတာ လူမှုရေးနယ်ပယ်မှာတော်တော်ခက်တဲ့ကိစ္စကွ။ ဘယ်လိုမှ ဆက်လက်ပေါင်းသင်းလို့မရကြရင်တော့ နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြတ်စဲကြတာကတော့ ပြဿနာရှင်းတာပေါ့ကွာ။ မကွာရှင်းဘဲ အငယ်အနှောင်းထားကြရင်တော့ ပြဿနာပေါင်းစုံဝင်လာမှာပဲကွ။

"အိမ်ထောင်နဲ့အကျဉ်းထောင် ကွဲပြားခြားနားမှုကို ပြောဆိုနေကြတဲ့စကားရှိတယ်ကွ။ **"အကျဉ်းထောင်ဆိုတာက မဝင်ချင်ကြဘဲဝင်ကြရတယ်။ ဝင်ပြီးရင်လဲ အမြန်ပဲထွက်ချင်ကြတယ်။ အကျဉ်းထောင်ထဲရောက်သွားရင် မသေမချင်းကြိုးကွင်းစွပ်သတ်စေဆိုတဲ့ ပြစ်ဒဏ်ကလွဲလို့ လွတ်ရက်သတ်မှတ်ချက်ရှိတယ်။ လျှော့ရက်နဲ့လွတ်ငြိမ်းချမ်းသာခွင့်ရှိတယ်။ အိမ်ထောင်ဆိုတာ ဝင်ချင်လွန်းလို့ဝင်နေကြတယ်။ ဝင်ပြီးရင်လဲ ပြန်မထွက်ချင်ကြတော့ဘူး၊ လွတ်ရက်သတ်မှတ်ချက်မရှိဘူး။ လျှော့ရက်နဲ့ လွတ်ငြိမ်းချမ်းသာခွင့်မရှိဘူး။ သုခအကြွေးနည်းနည်းယူပြီး ဒုက္ခအတိုးများများ ပေးဆပ်နေရတာကို အိမ်ထောင်ကျတယ်လို့လဲ ပြောဆိုနေကြတယ်ကွ"**

"ဒီတော့ကာ ဝင်ချင်လွန်းလို့ဝင်လာကြတဲ့ အိမ်ထောင်ထဲက ပြန်ထွက်ချင်တယ်ဆိုတာက သစ္စာမဲ့တာ ဖောက်ပြန်တာပေါ့ကွာ။ အဲဒီလို ဖောက်ပြန်ကြတာကလဲ စက္ကန့်ပိုင်း၊ မိနစ်ပိုင်းသာယာမှု၊ မိန်းမောမှု၊ ထိတွေ့မှု၊ အဟောင်းနဲ့အသစ်ရဲ့ကြားမှာ တဒင်္ဂယစ်မူးမှုကို ကြည်နူးလွန်းကြတာကြောင့် ဖောက်ပြန်ကြတာပဲကွ။ **"ခဏသုခကို၊ ထာဝရသုခထင်ပြီး၊ ဘဝမေ့၊ သတိမေ့သွားကြတာကွ"**။ ရလာတဲ့တစ်ခဏသုခနဲ့မတန်အောင် ထာဝရဒုက္ခခံကြရမယ်ဆိုတာ မသိကြလို့ပဲကွ။

"ဒါကြောင့် **"မန်လည်ဆရာတော်ဘုရားကြီး"**က **"ကာမရောဂါ ဝမ်းတွင်းနာကား၊ ကုရာနတ္ထိ၊ ဆေးမရှိဘူး၊ မိမိပညာ၊ သတိသာလျှင်၊ မဟာဩသဓ၊ ဆေးမည်စွရှင့်"**လို့ ဆိုဆုံးမခဲ့တာပေါ့ကွာ။ တစ်ခဏသုခရဖို့အတွက် ထာဝရဒုက္ခမခံကြဖို့ တစ်ခဏသုခကို ရှောင်နိုင်မှ ထာဝရဒုက္ခက လွတ်မြောက်မယ်။ နှလုံးသားကတောင်းဆိုတိုင်း ဦးနှောက်ကအလိုလိုက်ရင် ပြင်မရအောင်မှားတတ်တယ်။ ဟယ်. . .စိတ်. . . နင်ခိုင်းတိုင်း ငါမလုပ်"လို့ ဆင်ခြင်ကြဖို့ ဓမ္မကထိကဆရာတော်တွေက ဟောပြောဆုံးမနေကြတာပေါ့ကွာ။

"တချို့ဓမ္မကထိကဆရာတော်တွေကလဲ **ရှာတော့ ကာမသုခ၊ တွေ့တော့ ကာမဒုက္ခ၊ ရှာတာတခြား၊ တွေ့တာကတခြား၊ ကံဇာတာနိမ့်ကျလို့သာ၊ ဖောက်ပြန်ဖောက်ပြားနေကြတာ၊ မောဟကိလေသာ မီးလျှံကို ရွှေတောင်လို့ထင်ပြီး ပိုးဖလံမျိုး မီးကိုတိုးနေကြတာပါ။ အမှန်စင်စစ်တော့ ချမ်းသာတစ်ပဲ၊ ဆင်းရဲတစ်ပိဿာ၊ အပါယ်ငရဲ၊ မလွဲဆင်းရဲမှာပါ**"လို့လဲ ဟောပြောဆုံးမနေကြတယ်ကွ"

"လောကုတ္တရာအလိုအရ အပါယ်ငရဲက အလှမ်းဝေးနေပါသေးတယ်ကွာ။ လောကီငရဲထဲမှာတော့ တဝဲဝဲတလည်လည်နဲ့ မြုပ်ချည်ပေါ်ချည်နဲ့ လော်လည်ဖောက်ပြားမှုဒဏ်ကိုခံစားနေကြရတဲ့ ယောကျ်ားတွေက မျက်မှောက်ကာလမှာ ဒုနဲ့ဒေးပါပဲကွာ။ မယားကြီးကိုပစ်၊ မယားငယ်ယူ၊ ကိုယ့်မှာဘာမှမကျန်တော့တဲ့ နဲ့ဆန့်ကျင်ဘက် မိုးနဲ့မြေလိုကွာခြားလွန်းလှသူရဲ့ မယား၊ ကလေးတစ်ယောက်အမေနဲ့ဖောက်ပြန်ပြီး ကောက်ယူလိုက်တယ်ကွာ။ အဲဒီမယားငယ်ရဲ့ အညာ၊ အခရာမှာသာယာပြီး သားတစ်ယောက်အဆစ်ပါလာတာကိုလဲ လက်ခံပေါင်းသင်းနေခဲ့တယ်။ အဲဒီမိန်းမရဲ့ လင်ကလဲ ငါ့ဆရာရဲ့ရာထူးကြောင့် မယားခိုးမှုနဲ့ တရားမစွဲရဘူးကွ။

ဒီလိုနဲ့ပါလာတဲ့သားလေး အရွယ်ရောက်လာချိန်မှာ ငါ့ဆရာကလဲခြေမငြိမ်သေးဘူးကွ။ သူယူထားတဲ့ မယားငယ်ကလဲ သူ့ကိုငြီးငွေ့လာပြီပေါ့ကွာ။ အဲဒီကိစ္စတွေကို ငါကလုံးဝမသိဘူးကွ။ ငါ့ဆရာနဲ့ ငါကတာဝန်အရ မကြာခဏခရီးထွက်နေရတယ်ကွ။ တစ်နေ့မှာတော့ ငါ့ဆရာအမေရယ်၊ သူ့ညီမရယ်၊ ငါ့ဆရာရယ်၊ ငါရယ် မန္တလေးမြို့ ရန်ကင်းတောင်မှာရှိတဲ့ မျက်မမြင်

**❖ စိတ်ကောင်းမရှိသူ၊ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန၊ ကာမရာဂထကြွလွန်းသူ၊ အတ္တကြီးသူ၊ ငါတကောကောသူ၊ ဆင်ခြင်မဲ့သူ၊ စာရိတ္တခြစားသူတွေကိုတော့ ကဲ့ရဲ့ပြစ်တင် ရှုတ်ချ အထင်သေးကြတယ်။ အနိမ့်မှာထားကြတယ်။ ဝေးဝေးကရှောင်ပြီး ချောင်ထဲမှာပဲ ပစ်ထားကြတယ်။ ဒီတော့ကာ လူတိုင်းဟာ ငါ့ခန္ဓာကိုယ်ဟာ သောက်ရေခွက်နဲ့တူနေသလား၊ ထွေးခံနဲ့တူနေသလား၊ ထွေးခံထက်နိမ့်ကျတဲ့ သေးအိုး၊ ချေးအိုးနဲ့တူနေသလားဆိုတာကို "ဆန်းစစ်ပြုပြင်ကြဖို့လိုတယ်" ❖**

အခါ၊ ကျန်းမာရေး ချို့ယွင်းလာတဲ့အခါ ကိုယ်ယူထားတဲ့မယားငယ်က သူ့ထက်ငယ်တဲ့လူနဲ့ ဖောက်ပြန်ပြီးထားခဲ့တယ်။ ချက်ချင်းဝဋ်လည်တာကွ။ မယားကြီးဆီပြန်ရောက်တော့ လေဖြတ်နေပြီ။ တချို့ကျတော့ မယားကြီးကလဲ လုံးဝလက်မခံ၊ သားသမီးတွေကလဲ စိတ်နာနေကြတော့ ခိုကိုးရာမဲ့ဘဝနဲ့လုံးပါးပါးပြီး လူမသိသူမသိသေဆုံးသွားကြရတယ်။ တချို့လဲ လူတောထဲမတိုးရဲတော့တာနဲ့ နယ်စွန်နယ်ဖျားမှာ ဘုန်းကြီးဝတ်ပြီး ဇာတ်မြုပ်သွားခဲ့ကြတယ်။ တချို့လဲ မထူးဇာတ်ခင်းပြီး သူတောင်းစားနဲ့မခြား လှည့်လည်တောင်းခံစားသောက် လမ်းဘေးရောက်သွားကြတယ်ကွ"

"မင်းပြောလို့ ငါ့ကိုယ်တွေ့မို့ ပြောရအုံးမယ်။ အလုပ်တာဝန်အရင့်ဆရာပေါ့ကွာ။ မင်းသားကြီး နေအောင်လို ချောမောပြီး ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်ဆိုရင်မမှားဘူး။ ရုပ်လဲချော၊ ရာထူးကလဲရှိနေတဲ့လူပျိုဘဝမှာ ဟိုတယ်မှာစားသောက်နေရင်းက တစ်ချိန်တုန်းက မြန်မာနိုင်ငံရဲ့အလှမယ်တစ်ယောက်ကို ကားနဲ့ခိုးပြေးခဲ့တယ်။ ခဏလောက်ပဲပေါင်းသင်းခဲ့တယ်။ ကွဲကွာသွားကြတယ်။ နယ်ပယ်စုံကိုလှည့်လည်ရင်းက ချောမောလှပတဲ့ ရှမ်းပျိုဖြူလေးနဲ့ ချစ်ကြိုက်နှစ်သက်လက်ထပ်ခဲ့တယ်။ သမီးနှစ်ယောက်ရပြီး သူ့သားကြောကိုထုံးလိုက်တယ်။ ပိုပြီးပွေလို့ရှုပ်လို့ရအောင်ပေါ့ကွာ။ ဒါပေမဲ့ သူ့ဇနီးက နောက်ထပ်ကိုယ်ဝန်ရလာတဲ့အခါမှာ သူ့သားကြောကို ထုံးထားပါရက်နဲ့ကိုယ်ဝန်ရှိလာတာဟာ သူ့ဇနီးဖောက်ပြန်လို့ပဲဆိုပြီး ဇနီးနဲ့သမီးတွေကိုပစ်ထားခဲ့တယ်။

"ငါ့ဆရာရဲ့မိခင်နဲ့ညီမက ငါ့ဆရာကို အမျိုးမျိုးတားဆီးကြတယ်။ ရှင်းပြကြတယ်။ ရှမ်းအမျိုးသမီးလေးဟာ ရိုးသားလိမ္မာသူပါ။ ဘယ်သူနဲ့မှ မဖောက်ပြန်ဘူးလို့ ဝိုင်းပြီးတားကြပေမဲ့ ငါ့ဆရာက လက်မခံဘူး။ ဘယ်လက်ခံမလဲ သူကဖောက်ပြန်နေတာကိုး။ တကယ်တော့ ထုံးထားတဲ့အကြောပြေသွားရင် ကိုယ်ဝန်ရတတ်တယ်ဆိုတာကို ငါ့ဆရာက သိသိကြီးနဲ့ ဖွတ်မိုက်တာကွ။ ဘယ်လောက်ထိ မိုက်သလဲဆိုရင် သူ့ရာထူး

ဘုန်းကြီးတစ်ပါးဆီရောက်သွားကြတယ်။ ဦးဆောင်ပြီးခေါ်သွားတာက ငါ့ဆရာရဲ့ညီမပဲကွ။ မျက်မမြင်ဘုန်းကြီးက အကြားအမြင်ရနေလို့နာမည်ကြီးနေတာတဲ့။ အဲဒီဘုန်းကြီးက ငါ့ဆရာကို ဒကာကြီး သေဘေးကကပ်လွဲခဲ့တယ်မဟုတ်လားလို့မေးတော့ မှန်ပါတယ်ဘုရားလို့ ငါ့ဆရာကပြန်လျှောက်ခဲ့တယ်။ ဘယ်လိုလွဲခဲ့တာလဲလို့ပြန်မေးတော့ ငါ့ဆရာက ဘုရားကျောင်းဆောင်မှာ ဆွမ်း၊ ရေချမ်းဆက်ကပ်ပြီး ဘုရားရှိခိုး၊ ပုတီးစိပ်၊ မေတ္တာပို့အမျှအတန်းပေးဝေပြီးရင် သူဆက်ကပ်ထားတဲ့ ဘုရားသောက်တော်ရေခွက်ထဲက သောက်တော်ရေကိုစွန့်ပြီး အမြဲတမ်းသောက်လေ့ရှိတယ်တဲ့။ အဲဒီနေ့က သူ့မိန်းမ အဆင်သင့်ပြင်ပေးတဲ့ ဘုရားကျောင်းဆောင်က ဘုရားသောက်တော်ရေကို စွန့်ပြီးသောက်မလို့လုပ်တုန်း မှောက်ကျသွားလို့ အိမ်ရှေ့ဘက်ကို သွန်ချပစ်လိုက်တယ်။ ခွေးက အဲဒီရေတွေနဲ့ ဆွမ်းကိုလျှာနဲ့လျက်လိုက်ရုံနဲ့ ခွေးဟာ လဲကျသေဆုံးသွားခဲ့တယ်တဲ့။

ဘုန်းကြီးက "ဒကာကြီး . . .ဒကာကြီးကို ဒကာကြီးရဲ့ဇနီးက နောက်တစ်ကြိမ်မှာတော့ ဒကာကြီးရှေ့မှာပဲ ဒကာကြီးကို အသေသတ်ဖို့ကြံလိမ့်မယ်"လို့ ဟောလိုက်တယ်ကွ။ ငါ့ရှေ့မှာပဲဟောခဲ့တာ။ သိပ်မကြာပါဘူးကွာ။ ငါ့ဆရာကို သူ့မိန်းမက ခြောက်လုံးပြူးနဲ့ပစ်သတ်တာကွ။ ငါ့ဆရာကလဲ ဘုန်းကြီးက ဟောထား၊ သတိပေးထားတော့ ကျည်ဆန်တွေကို ထုတ်ထားခဲ့တာကွ။ အဲဒါကို သူ့မိန်းမကမသိဘဲ ကျည်ဆန်ရှိတယ်အထင်နဲ့ အသေပစ်သတ်တာကွ။ ငါ့ဆရာ တော်တော်ခံပြင်းနာကြည်းသွားပုံရတယ်။ အဲဒီမိန်းမကို အိမ်ပေါ်ကမောင်းချလိုက်တယ်။

"သိပ်မကြာခင်မှာ သူ့ထက်အလွန်ငယ်တဲ့ အပျိုကြီးတစ်ယောက်ကို ထပ်ယူပြန်တယ်။ အဲဒီအပျိုကြီးကလဲ သူနဲ့ရွယ်တူ ငါ့ဆရာရဲ့တပည့်တစ်ယောက်နဲ့ဖောက်ပြန်နေတာကို ငါ့ဆရာကမိသွားတယ်။ ငါ့ဆရာဟာ အဲဒီအပျိုကြီးနဲ့ကွာရှင်းပြီး အရင်က မယားကြီးရှမ်းအမျိုးသမီးနဲ့ သမီးတွေကို ပြန်ခေါ်ပြီး ခြံဝင်းထဲမှာ အိမ်တစ်လုံးဆောက်ပေးခဲ့တယ်။ သူက မယားကြီးနဲ့တော့အတူတူမနေဘဲ သမီးတွေနဲ့အတူ စောင့်ရှောက်ပေးနေရင်းက ကွယ်လွန်သွားခဲ့တယ်ကွ။ ဖောက်ပြားသူတွေဟာ "ဒု-သ-န-သော" သူဌေးသား ငရဲသားလေးယောက်လို အပါယ်ငရဲမှာကျခံကြရအုံးမှာကွ။ အပါယ်ငရဲက လွတ်လာပြန်တော့လဲ ကံကောင်းလို့ လူ့ပြည်ပြန်ရောက်ရင်တောင် ယောကျ်ားမဖြစ်ဘဲ မိန်းမဘဝနဲ့ ဝဋ်ဒုက္ခခံကြရသေးတယ်။ ယောကျ်ားဖြစ်ပြန်တော့လဲ မိန်းမလျာဖြစ်ကြရတယ်။ ပုလ္လိင်၊ နပုန်းပဏ္ဍုက်၊ လိင်မထင်မရှားနဲ့ ယောကျ်ားလဲမဟုတ်၊ မိန်းမလဲမဟုတ်တဲ့ ဘဝရောက်ကြရတယ်။ အခုကာလမှာကိုပဲ ရှိနေကြတယ်ကွ။ "တော်တော်ကြောက်စရာကောင်းတဲ့ ဝဋ်ဆင်းရဲပါလားကွာ"

"ဖောက်ပြန်သူမိန်းမတချို့ကို မိန်းမယုတ်လို့ပုတ်ခတ်နှိမ့်ချပြောဆိုခဲ့သလိုပဲ ဖောက်ပြန်တဲ့ယောကျ်ားတချို့ကိုလဲ ယောကျ်ားယုတ်လို့ ပုတ်ခတ်နှိမ့်ချပြောဆိုခဲ့ကြတယ်ကွ။ ခင်ပွန်းယုတ်အင်္ဂါ လေးရပ်ရှိတယ်။ ကိုယ်ကျိုးပဲကြည့်တတ်တဲ့ခင်ပွန်း၊ တကယ်မပေးဘဲ နှုတ်နဲ့သာ ပေးတတ်တဲ့ခင်ပွန်း၊ ချစ်သယောင်ဟန်ဆောင်တတ်တဲ့ခင်ပွန်း၊ အပါယ်လမ်းကိုသွားဖို့ သွေးဆောင်တတ်တဲ့ခင်ပွန်းတွေတဲ့ကွ။ လင်ကျင့်ဝတ်ငါးပါးထဲမှာ အခြားမိန်းမနဲ့ ဖောက်ပြားကျူးလွန်ဖို့ မကြံစည်ရခြင်းဆိုတာပါလို့ ဖောက်ပြားရင် လင်ကျင့်ဝတ်ချွတ်ယွင်းတာပဲကွ။ စီးပွားဥစ္စာပျက်စီးကြောင်းလေးပါးထဲမှာ မိန်းမလိုက်စား ကာမဂုဏ်များတာဟာ တစ်ပါးအပါအဝင်ပဲကွ။

မိန်းမတွေမှာ မာယာလေးဆယ်ရှိပေမဲ့ ယောကျ်ားတွေဖောက်ပြန်လွယ်အောင် မိန်းမတွေရဲ့စွမ်းဆောင်ရည် အနှောင်အဖွဲ့ ရှစ်မျိုးရှိတယ်ကွ။ မျက်ရည်ကျအောင်ငိုပြတာ၊ ကြည်သာရွှင်ပြုံးပျော်ပြတာ၊ နားဝင်ချိုမြ ညုတာခရာပြတာ၊ အဝတ်တန်ဆာဆင်ယင်ပြတာ၊ သစ်သီးပန်းမန်လက်လှမ်းပြတာ၊ အမွှေးနံ့သာပဏ္ဏာဆက်သပြတာ၊ စားဖွယ်ရသာ ကျွေးမွေးပြတာ၊ ကိုယ်အတွေ့နဲ့ မူးမေ့စေအောင် ညို့ငင်ပြတာဆိုတဲ့ ရှစ်မျိုးထဲမှာတော့ အထိရောက်ဆုံးအနှောင်အဖွဲ့ဟာ အတွေ့ပဲကွ။ အဲဒီအတွေ့မှာ ဖောက်ပြန်တဲ့ယောကျ်ားတွေဟာ မေ့မြောပြီး ဘဝပျက်ကုန်ကြတာပဲကွာ။

"မင်းနဲ့ငါဆွေးနွေးခဲ့ကြသလိုပဲ ယောကျ်ားနဲ့မိန်းမ ဘယ်သူပဲဖောက်ပြန်ဖောက်ပြန် လောကီလူမှုရေးနယ်ပယ်မှာတော့ အရှက်ရ၊ သိက္ခာကျ၊ ဘဝပျက်ကုန်ကြတာပါပဲကွာ"

"လူ့လောကမှာ ဘယ်လောက်ကြီးပဲချမ်းသာချမ်းသာ၊ အဆင့်မြင့်တယ်ပဲပြောပြော အိမ်ထောင်ရေးဖောက်ပြားမိရင်တော့ အရှက်တကွဲအကျိုးနည်းရတာအမှန်ပဲကွ။ တစ်ရပ်ကွက်လုံးက ကြည်ညိုလေးစားကြရသလို မိတ်ဆွေသင်္ဂဟတွေကြားမှာ ဩဇာကြီးမားခဲ့သူတစ်ယောက်ဟာ ကိုယ့်လက်အောက်က တပည့်လေးရဲ့ဇနီးကိုကြာခိုလိုက်တာ သေတဲ့အထိ လူတောထဲမတိုးရဲတဲ့ဒုက္ခကို ခံစားသွားခဲ့ရတယ်ကွ။ ဒါကြောင့် **"ပညာမတတ်ရင် တစ်ခြမ်းသေ၊ စာရိတ္တပျက်ရင်၊ တစ်ကိုယ်လုံးသေ"**လို့ ဆောင်ပုဒ်ထုတ်သတိပေးနေကြတာပေါ့ကွာ။ ဥစ္စာဓနဆုံးရှုံးတာဟာ ဘာမှမဖြစ်လောက်ပေမဲ့ ကျန်းမာရေးဆုံးရှုံးရင် စိတ်သွားတိုင်းကိုယ်မပါနိုင်တော့လို့ တစ်စုံတစ်ရာဆုံးရှုံးသွားသလိုခံစားကြရတယ်။ အကျင့်စာရိတ္တဆုံးရှုံးသွားပြီဆိုရင်တော့ အရာအားလုံးဆုံးရှုံးသွားတာပဲကွ။ အကုသိုလ်ဆိုတာ ဒုစရိုက် ၁၀ ပါးပဲ။ ဒုစရိုက် ၁၀ ပါးထဲမှာ ကာမဂုဏ်ရေးရာအမှားကျင့်သုံးခြင်း၊ သူတစ်ပါးကိုပျက်စီးစေလိုခြင်း၊ မကောင်းကြံစည်ခြင်း၊ လိမ်ညာပြောဆိုခြင်း၊ ကုန်းတိုက်သွေးခွဲခြင်း၊ အယူအမြင်မှားယွင်းခြင်း၊ အတင်းအဖျင်းပြောဆိုခြင်းဆိုတဲ့ ခြောက်ပါးပါတယ်ကွ။

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ဟိုင်းကြီးကျွန်းမြို့ရှိဒေသများတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၃၅၆၆ ဧက ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး



**ငပုတော ဇန်နဝါရီ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိဒေသများတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၃၅၆၆ ဧက ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟိုင်းကြီးကျွန်းမြို့ရှိဒေသများတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံလျာထား ၃၅၆၆ ဧကကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ပြီး ယနေ့တွင် ဆီထွက်သီးနှံစုံဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါဆီထွက်သီးနှံစုံ ၃၅၆၆ ဧကတွင် မြေပဲ ၃၁၁၂ ဧက၊ နှမ်း ၃၇၁ ဧက၊ နေကြာ ၈၃ ဧကဖြစ်ကြောင်း သိရသည်။

"ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိဒေသအတွင်းမှာ ဆီထွက်သီးနှံတွေကို နှစ်စဉ်စိုက်ပျိုးခဲ့ပါတယ်။ ဒီဘက်ဒေသမှာက ဆီထွက်သီးနှံတွေကို ဆောင်းကာလမှာ အဓိကထား စိုက်ပျိုးတာဖြစ်ပါတယ်။ အခုဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံစုံ ၃၅၆၆ ဧကထိ လျာထားစိုက်ပျိုးခဲ့တာဖြစ်ပါတယ်။ ဆီထွက်သီးနှံတွေအားလုံး စနစ်တကျစိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့နည်းပညာနဲ့ သွင်းအားစုတွေကို ဆောင်ရွက်ပေးထားပါတယ်။ ဆောင်းသီးနှံတွေ အထွက်နှုန်းကောင်းမွန်ဖို့နဲ့ ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့အတွက် လိုအပ်တာတွေကို ဆက်လက်ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ဟိုင်းကြီးကျွန်းမြို့ရှိဒေသများတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံများ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးဆိုင်ရာနည်းပညာနှင့် ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး လုပ်ငန်းများကို ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသည့် ဆီထွက်သီးနှံများကို တစ်ဧကလျှင် ပျမ်းမျှ ၅၅ တင်းမှ တင်း ၆၀ ကျော်ထိထွက်ရှိစေရန် ပြင်ဆင်လျာထား စိုက်ပျိုးထားကြောင်း သိရသည်။

ဟိုင်းကြီးကျွန်းမြို့ရှိဒေသများတွင် ဆီထွက်သီးနှံများကို အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးဆီဖူလုံနိုင်သည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်သောကြောင့် ဆီထွက်သီးနှံများကို ယခုထက် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

➤ **စာမျက်နှာ ၄ မှအဆက်**

"မင်္ဂလာတရားနဲ့အညီမနေနိုင်လို့ အကုသိုလ်ဒုစရိုက်မှုကို ကျူးလွန်တာပေါ့ကွာ။ **တပေါ်စ**-မျက်စိ၊ နား၊ လျှာ၊ ကိုယ်၊ စိတ်အလိုမလိုက်နဲ့။ **ပုတ္တဒါရဿသင်္ဂဟော** သားသမီး၊ ခင်ပွန်းကို ပြုစုလုပ်ကျွေးထောက်ပံ့ပါ။ သားသမီးကို လိမ္မာအောင်ဆုံးမပါ။ **ဓမ္မစရိယာစ** - သုစရိုက်တရားကို ကျင့်ကြံပါ။ ကိုယ်ကျင့်တရားမပျက်ပြားပါစေနဲ့။ **အာရတီပါပါ** - မကောင်းတာဆို တွေးကိုမတွေးပါနဲ့။ **ဝိရတီပါပါ**-မကောင်းတဲ့စကားတွေမပြောပါနဲ့။ မကောင်းမှုတွေမလုပ်ပါနဲ့။ **ကတညုတာ**-သူ့ကျေးဇူးကိုသိပါ၊ ဆပ်ပါဆိုတဲ့မင်္ဂလာတရားတွေနဲ့ ကျင့်ကြံနေထိုင်မှုမရှိကြလို့သာ သစ္စာမဲ့ဖောက်ပြန်နေကြတာပေါ့ကွာ"

“ဒါကြောင့် ဓမ္မကထိကတရားပြဆရာတော်ကြီးတွေက "ပလတ်စတစ်နဲ့လုပ်ထားတာချင်းတူပေမဲ့ သောက်ရေထည့်တဲ့ခွက်ကို လူတွေက အမြင့်မှာထားကြတယ်။ အညစ်အကြေးထည့်တဲ့ထွေးခံကိုတော့ အနိမ့်မှာထားကြတယ်။ သေးအိုး၊ ချေးအိုးဆိုရင် လူအများမမြင်နိုင်တဲ့အိပ်ရာခုတင်အောက် ချောင်ထဲမှာထားကြတယ်။ အဲဒီလိုပဲ စိတ်ကောင်းရှိသူ၊ သီလ၊ သမာဓိ၊ ပညာရှိသူ၊ အကျင့်စာရိတ္တကောင်းသူတွေကို လူတွေက ရိုသေလေးစား တန်ဖိုးထားနေရာပေးကြတယ်။ ဂုဏ်ပြုချီးကျူးမြှင့်တင်ပေးကြတယ်။ အမြင့်မှာထားကြတယ်။

စိတ်ကောင်းမရှိသူ၊ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန၊ ကာမရာဂ ထကြွလွန်းသူ၊ အတ္တကြီးသူ၊ ငါတကောကောသူ၊ ဆင်ခြင်မဲ့သူ၊ စာရိတ္တခြစားသူတွေကိုတော့ ကဲ့ရဲ့ပြစ်တင်ရှုတ်ချအထင်သေးကြတယ်။ အနိမ့်မှာထားကြတယ်။ ဝေးဝေးကရှောင်ပြီး ချောင်ထဲမှာပဲပစ်ထားကြတယ်။ ဒီတော့ကာ လူတိုင်းဟာ ငါ့ခန္ဓာကိုယ်ဟာ သောက်ရေခွက်နဲ့တူနေသလား။ ထွေးခံနဲ့တူနေသလား။ ထွေးခံထက်နိမ့်ကျတဲ့ သေးအိုး၊ ချေးအိုးနဲ့တူနေသလားဆိုတာကို ဆန်းစစ်ပြုပြင်ကြဖို့လိုတယ်လို့ ဟောကြားခဲ့တယ်ကွ"

အဲဒီလိုပဲ ဘောလုံးသမားတွေက ဘောလုံးကို ဝိုင်းလုကြသလိုပဲ လူကောင်းသူကောင်းတွေက ရိုးသားကြိုးစားပြီး အကျင့်စာရိတ္တကောင်းသူကို ဝိုင်းလုကြတယ်။ ခင်မင်ကြ၊ ပေါင်းသင်းကြ၊ နေရာပေးကြတယ်။ ဘောလုံးသမားတွေက ဘောလုံးကိုကန်ထုတ်ကြသလိုပဲ လူကောင်းသူကောင်းတွေက မရိုးမသားအပျင်းများပြီး အကျင့်စာရိတ္တပျက်စီးနေသူကို ကန်ထုတ်ပစ်ကြ၊ ဝိုင်းပယ်ကြတယ်။ အပေါင်းအသင်း မလုပ်ချင်ကြဘူး။ နေရာမပေးချင်ကြဘူး။ ဝေးဝေးကပဲ ရှောင်ဖယ်နေကြတယ်။ ဒီတော့ကာ သင်ဟာအလုခံချင်သလား။ ကန်ထုတ်ခံချင်သလား။ စဉ်းစားကြပါ။ သင့်အနားမှာ အားပေးအားမြှောက်နဲ့ဖားနေတာ၊ မြှောက်စားလုပ်နေကြသူတွေဟာ သင်နဲ့ဘဝတူတွေမို့ သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့နေကြတဲ့ ခဏခံမကောင်းကြံနေသူတွေဆိုတာ အသိ၊ သတိရှိကြပါလို့ ဟောကြားခဲ့တယ်ကွ"

"သိပ်မှန်၊ သိပ်ထိရောက်တဲ့ ဟောကြားချက်ပါပဲကွာ"

## တပို့တွဲမှာ

- လတပို့တွဲ
  နှင်းစို့ရွဲ
  အေးမြချမ်းပုံ တုန်သလေ့။

- ဆောင်းငှက်မဖို
  သံချိုချို
  ခွန်းဆိုနှုတ်ဆက် သွက်သလေ့။

- မီးပုံနံဘေး
  စုစုဝေး
  နွေးထွေးတူတူ ယူသလေ့။

- ပေါက်လဲလက်ပံ
  ဆက်ရက်ညံ
  ပင်ယံတောလုံး ဖုံးသလေ့။

- စပါးနယ်လှေ့
  လှမ်းခြောက်သွေ့
  ပျော်မွေ့လုပ်ဆောင် နှောင်သလေ့။

- ရာသီတော်ပွဲ
  ထမနဲ
  ထိုးမြဲတူပြိုင် မြိုင်သလေ့။

- ဆောင်းနှောင်းချိန်ခါ
  ရပ်အညာ
  လန်းဖြာခညောင်း ပေါင်းသလေ့။ ။

**မန်းတင့်မော်**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# နိုင်ငံတကာ သတင်းများ

## ရုရှားခရီးသည်တင် လေယာဉ်တစ်စင်း အရေးပေါ်ဆင်းသက်ခဲ့ရ

**မော်စကို ဇန်နဝါရီ ၃၀**

ရုရှားနိုင်ငံအခြေစိုက် မိုဘီဒါ လေကြောင်းလိုင်းမှ ခရီးသည်တင် လေယာဉ်တစ်စင်းသည် မော်စကိုမြို့မှ အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး) ဒူဘိုင်းမြို့သို့ ဇန်နဝါရီ ၂၉ ရက်က ပျံသန်းနေစဉ် ရုရှားတောင်ပိုင်း အက်စ်ထရာဟန်းမြို့၌ အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း သိရသည်။

အဆိုပါခရီးသည်တင်လေယာဉ်သည် ကတ်စပီယံပင်လယ်အထက်၌ ပျံသန်းနေချိန်တွင် အရေးပေါ်အခြေအနေ သတင်းပေးပို့ချက် ထုတ်လွှင့်ခဲ့ပြီးနောက် အက်စ်ထရာဟန်းမြို့လေဆိပ်၌ အရေးပေါ်ဆင်းသက်ခဲ့ရခြင်းဖြစ်သည်။

လေယာဉ်၏ ကုန်တင်ခန်း၌ မီးဘေးအန္တရာယ် သတိပေးချက် ပေါ်ထွက်လာမှုကြောင့် လေယာဉ်မှူးများက အရေးပေါ်အခြေအနေ သတင်းပေးပို့ချက်ကို ထုတ်လွှင့်ခဲ့ခြင်းဖြစ်ကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

လေယာဉ်အရေးပေါ်ဆင်းသက်ခဲ့ရမှုကြောင့် လိုက်ပါလာသည့်ခရီးသည်များနှင့် လေယာဉ်အမှုထမ်းများ အထိအခိုက်မရှိခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် လေယာဉ်ကုန်တင်ခန်း မီးအန္တရာယ်သတိပေးချက် ပေါ်ထွက်မှုပြဿနာကို စုံစမ်းစစ်ဆေးနေကြောင်း ပိုဘီဒါလေကြောင်းလိုင်းက သတင်းထုတ်ပြန်ထားသည်။

ဘိုးအင်း ၇၃၇ အမျိုးအစား အဆိုပါ ခရီးသည်တင်လေယာဉ်ပေါ်၌ ခရီးသည်မည်မျှလိုက်ပါသွားသည်ကို မသိရသေးကြောင်း သိရသည်။

Ref : RT

Trs : KKO

## အပစ်ရပ်ရေး သဘောတူညီချက်အရ အစ္စရေးဓားစာခံသုံးဦးကို ဟားမတ်စ်အုပ်စုပြန်လွှတ်

**ဂျေရုဆလင် ဇန်နဝါရီ ၃၀**

ဂါဇာစစ်ပွဲ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အရ ထပ်မံလွှတ်ပေးရမည့် ဓားစာခံရှစ်ဦးအနက် ပထမအသုတ် သုံးဦးကို ဂါဇာကမ်းမြောင် အခြေစိုက် ဟားမတ်စ်အုပ်စုက ယနေ့တွင် ပြန်လွှတ်ပေးခဲ့ကြောင်းသိရသည်။

ဟားမတ်စ်အုပ်စုသည် ပြန်လွှတ်ပေးရမည့်ထိုင်း ဓားစာခံငါးဦးနှင့် အစ္စရေးဓားစာခံ သုံးဦးအနက် အစ္စရေးဓားစာခံသုံးဦးကို ဂါဇာကမ်းမြောင်ပိုင်း၌ နိုင်ငံတကာကြက်ခြေနီအဖွဲ့ထံ ယနေ့တွင် လွှဲပြောင်းအပ်နှံခဲ့သည်။

ထိုင်းနိုင်ငံသား ဓားစာခံငါးဦးအား ဟားမတ်စ်အုပ်စုက မည်သည့်အချိန်တွင် ပြန်လည်လွှတ်ပေးမည်ကို မသိရသေးကြောင်း သိရသည်။

အဆိုပါဓားစာခံသုံးဦးပြန်လည်လွှတ်မြောက်လာမှုအတွက် အစ္စရေးနိုင်ငံက အပြန်အလှန်အနေဖြင့် အစ္စရေး အကျဉ်းထောင်များအတွင်းရှိ ပါလက်စတိုင်းအကျဉ်းသား ၁၁၀ကို ပြန်လွှတ်ပေးဖွယ်ရှိသည်။

ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုသည် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်က အစ္စရေးနိုင်ငံတောင်ပိုင်းဒေသများကို ဝင်တိုက်ခဲ့ပြီးနောက် အစ္စရေးနိုင်ငံသားများအပြင် ပြည်ပနိုင်ငံသား အလုပ်သမားများကိုလည်း ဓားစာခံအဖြစ် ဖမ်းဆီးခဲ့သည်။

ဇန်နဝါရီ ၁၉ ရက်တွင် စတင်အာဏာသက်ဝင်ခဲ့သော ဂါဇာစစ်ပွဲ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ပထမအဆင့်အရ ဟားမတ်စ်အုပ်စုက ဓားစာခံ၃၃ဦး ပြန်လွှတ်ပေးရမည်ဖြစ်ပြီး အစ္စရေးနိုင်ငံက ပါလက်စတိုင်းအကျဉ်းသား ၂၀၀၀ နီးပါး ပြန်လွှတ်ပေးရမည်ဖြစ်ကြောင်း သိရသည်။ Ref : Xinhua

Trs : KKO



## အမေရိကန်သမ္မတနှင့် ဂျပန်ဝန်ကြီးချုပ်တို့ ဝါရှင်တန်၌ ဖေဖော်ဝါရီ ၇ ရက်တွင် တွေ့ဆုံဖွယ်ရှိ





**တိုကျို ဇန်နဝါရီ ၃၀**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် ဂျပန်ဝန်ကြီးချုပ် အီရှီဘာတို့အနေဖြင့် လာမည့် ဖေဖော်ဝါရီ ၇ ရက်တွင် ဝါရှင်တန်မြို့၌ တွေ့ဆုံဆွေးနွေးကြဖွယ် ရှိကြောင်း သိရသည်။

သမ္မတ ဒေါ်နယ်ထရန့်နှင့်ဝန်ကြီးချုပ်အီရှီဘာတို့ကြား လာမည့် ဖေဖော်ဝါရီ ၇ ရက်တွင် တွေ့ဆုံဆွေးနွေးရေးအတွက် ဂျပန်နှင့် အမေရိကန် နှစ်ဖက်တာဝန်ရှိသူများက အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်နေကြောင်းဂျပန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဖေဖော်ဝါရီ ၇ ရက်ဆွေးနွေးပွဲတွင် ဒေါ်နယ်ထရန့်နှင့် အီရှီဘာတို့အနေဖြင့် နှစ်နိုင်ငံစီးပွားရေးနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေးကို အဓိကထား ဆွေးနွေးမည်ဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ် အီရှီဘာအနေဖြင့် အမေရိကန်သမ္မတသစ် ဒေါ်နယ်ထရန့်နှင့် ရင်းနှီးသည့် ပုဂ္ဂိုလ်ရေးဆက်ဆံမှုတည်ဆောက်ရန်ဆန္ဒရှိနေကြောင်း ဂျပန်မီဒီယာများ၏အဆိုအရ သိရသည်။

ဝန်ကြီးချုပ်အီရှီဘာနှင့် သမ္မတဒေါ်နယ်ထရန့်တို့ ဖေဖော်ဝါရီ ၇ ရက်တွင် တွေ့ဆုံဆွေးနွေးမည်ဟူသောသတင်းများကို ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြုထားခြင်းမရှိကြောင်း သိရသည်။

သို့ရာတွင် ဂျပန်ဝန်ကြီးချုပ်နှင့် အမေရိကန်သမ္မတတို့ကြား တွေ့ဆုံရေးအတွက် နှစ်ဖက်တာဝန်ရှိသူများ ညှိနှိုင်းနေကြဆဲဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

Ref : RT

Trs : KKO

## အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့၌ ခရီးသည်တင်လေယာဉ်နှင့် ရဟတ်ယာဉ်ဝင်တိုက်

**ဝါရှင်တန် ဇန်နဝါရီ ၃၀**

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့၌ ဇန်နဝါရီ ၂၉ ရက်က အမေရိကန်လေကြောင်းလိုင်းပိုင် ခရီးသည်တင် လေယာဉ်တစ်စင်းနှင့် အမေရိကန်ကြည်းတပ် ရဟတ်ယာဉ်တစ်စင်းတို့ လေထုအတွင်း ဝင်တိုက်ခဲ့ပြီး ပိုတိုမက်စ်မြစ်ထဲသို့ ပျက်ကျခဲ့ရသည်။

ခရီးသည်တင်ဂျက်လေယာဉ်နှင့် အမေရိကန်ကြည်းတပ် ဘလက်စ်ဟော့ခ်ရဟတ်ယာဉ်တို့သည်ဝါရှင်တန်မြို့ရောင်ဝါရှင်တန်လေဆိပ်အနီးတွင် ဝင်တိုက်ခဲ့ကြခြင်းဖြစ်သည်။



လေယာဉ်နှင့် ရဟတ်ယာဉ်ဝင်တိုက်မှုကြောင့် အများအပြားသေဆုံးခဲ့ရကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားထားသော်လည်း သေဆုံးသူအရေအတွက်ကို ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

သို့ရာတွင် ကင်းဆက်ပြည်နယ် အထက်လွှတ်တော်အမတ် ရော်ဂျာမာရှယ်၏အဆိုအရ လေယာဉ်နှင့် ရဟတ်ယာဉ် ဝင်တိုက်မှုကြောင့် ခရီးသည်တင်လေယာဉ်ပေါ်လိုက်ပါသွားသူအားလုံးမဟုတ်ခဲ့လျှင်ပင် အများစုသေဆုံးခဲ့ရဖွယ်ရှိသည်။

ပျက်ကျခဲ့သည့် ခရီးသည်တင်လေယာဉ်ပေါ်တွင် ခရီးသည်ဦးရေ ၆၀နှင့် လေယာဉ်အမှုထမ်း လေးဦး လိုက်ပါသွားကြောင်း အမေရိကန်လေကြောင်းလိုင်းက အတည်ပြုထားသည်။

ခရီးသည်တင် လေယာဉ်နှင့် ဝင်တိုက်ခဲ့သော အမေရိကန်ကြည်းတပ် ရဟတ်ယာဉ်ပေါ်တွင်မူ အမေရိကန်တပ်ဖွဲ့ဝင် သုံးဦး လိုက်ပါလာသည်။

ခရီးသည်တင် လေယာဉ်နှင့် ကြည်းတပ်ရဟတ်ယာဉ်ဝင်တိုက်မှုကိုစုံစမ်းစစ်ဆေးနေကြောင်းအမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန် ထားကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

## တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူများထားရှိမည့် ထိန်းသိမ်းရေးစခန်းကို ဂွမ်တာနာမိုပင်လယ်အော်၌ထားရှိမည်

**ဝါရှင်တန် ဇန်နဝါရီ ၃၀**

ကျူးဘားနိုင်ငံ ဂွမ်တာနာမိုပင်လယ်အော်၌ တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူများကို ထားရှိမည့် ထိန်းသိမ်းရေးစခန်းတစ်ခု တည်ဆောက်ရန် အမေရိကန်သမ္မတဒေါ်နယ်ထရန့်က စီစဉ်ထားကြောင်း ဇန်နဝါရီ ၂၉ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူ ၃၀၀၀၀ထိကို ထိန်းသိမ်းထားနိုင်မည့် ထိန်းသိမ်းရေးစခန်းတစ်ခုကို ဂွမ်တာနာမို ပင်လယ်အော်၌ တည်ဆောက်ရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာနနှင့် အမိမြေလုံခြုံရေးဝန်ကြီးဌာနတို့ကို ညွှန်ကြားမည်ဖြစ်ကြောင်း သမ္မတ ဒေါ်နယ်ထရန့်က ဇန်နဝါရီ ၂၉ ရက်တွင် ပြောကြားခဲ့သည်။

ဂွမ်တာနာမို ပင်လယ်အော် အမေရိကန်ရေတပ်စခန်းနယ်မြေ၌ တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူ ထိန်းသိမ်းရေးစခန်း တစ်ခုရှိထားပြီးဖြစ်သည်။

ယင်း ထိန်းသိမ်းရေးစခန်းကို အမေရိကန် တာဝန်ရှိသူများက ပင်လယ်ပြင်မှ ကယ်တင်ထားသည့် ဟေတီနိုင်ငံသားများနှင့် ကျူးဘားနိုင်ငံသားများကို ထိန်းသိမ်းရာတွင် အသုံးပြုခဲ့ကြောင်း သိရသည်။

သမ္မတ ဒေါ်နယ်ထရန့်၏ အစီအစဉ်အရ အမေရိကန်တာဝန်ရှိသူများသည် ယင်းထိန်းသိမ်းရေးစခန်းကို တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူဦးရေ ၃၀၀၀၀ထိ ထားရှိနိုင်မည့်နေရာအဖြစ် တိုးချဲ့တည်ဆောက်ရမည်ဖြစ်သည်။

ဂွမ်တာနာမို ပင်လယ်အော် အမေရိကန်ရေတပ်စခန်း၌ အကြမ်းဖက်သမားများအဖြစ် ယူဆရသူ နိုင်ငံတကာအကျဉ်းသားများကို ထိန်းသိမ်းထားသော အကျဉ်းထောင်တစ်ခုလည်း တည်ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## အိန္ဒိယအမျိုးသားအာကာသအေဂျင်စီက ၂၀၂၅ ခုနှစ်၏ ပထမဆုံးမစ်ရှင်အဖြစ် တည်နေရာနှင့် လမ်းကြောင်းပြစနစ်ဂြိုဟ်တုတစ်စင်းကို လွှတ်တင်ခဲ့



**နယူးဒေလီ ဇန်နဝါရီ ၃၀**

အိန္ဒိယအမျိုးသားအာကာသအေဂျင်စီသည် ၂၀၂၅ ခုနှစ်၏ ပထမဆုံးမစ်ရှင်အဖြစ် တည်နေရာနှင့် လမ်းကြောင်းပြစနစ်ဂြိုဟ်တုတစ်စင်းကို GSLV ဒုံးပျံဖြင့် ယနေ့တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါ တည်နေရာနှင့် လမ်းကြောင်းပြစနစ် ဂြိုဟ်တုကို GSLV ဒုံးပျံဖြင့် ဆာတစ်ရှ်ဒါဝန် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၁၉ မိနစ်အကြာတွင် GSLV ဒုံးပျံသည် သယ်ဆောင်ထားသည့် NVS-02 အမည်ရှိ အဆိုပါဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း အိန္ဒိယအမျိုးသားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

NVS-02 ဂြိုဟ်တုမစ်ရှင်သည် ဆာတစ်ရှ်ဒါဝန် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့သော အကြိမ် ၁၀၀ မြောက် မစ်ရှင်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် NVS အုပ်စုဝင် ဂြိုဟ်တုငါးစင်းကို လွှတ်တင်ရန်စီစဉ်ထားရာ ယနေ့လွှတ်တင်သည့် NVS-02 ဂြိုဟ်တုမှာ ဒုတိယမြောက် NVS ဂြိုဟ်တုဖြစ်သည်။

အိန္ဒိယ အမျိုးသားအာကာသအေဂျင်စီသည် ပထမဆုံး NVS ဂြိုဟ်တုကို ၂၀၂၃ ခုနှစ် မေလတွင် လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO


## ဂျူနိုအာကာသယာဉ်က ကြာသပတေးဂြိုဟ်၏ အိုင်အိုဂြိုဟ်ရံလပေါ်မှ ထူးဆန်းသောမီးတောင်နယ်မြေတစ်ခုကို ရှာဖွေတွေ့ရှိထား

**ဝါရှင်တန် ဇန်နဝါရီ ၃၀**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျူနိုအာကာသယာဉ်သည် ကြာသပတေးဂြိုဟ်၏ အိုင်အိုဂြိုဟ်ရံလပေါ်မှ ထူးဆန်းသောမီးတောင်နယ်မြေတစ်ခုကို ရှာဖွေတွေ့ရှိထားကြောင်း ဇန်နဝါရီ ၂၉ ရက် သတင်းများအရ သိရသည်။

အိုင်အိုဂြိုဟ်ရံလ၏ တောင်ယဉ်စွန်းတန်းဒေသ၌ တည်ရှိသော အဆိုပါ မီးတောင်နယ်မြေသည် ကမ္ဘာပေါ်ရှိ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံအားလုံးတို့က ထုတ်လုပ်နိုင်သော စွမ်းအင်ပမာဏထက် ခြောက်ဆပိုမြင့်မားသည့် စွမ်းအင်များကို ထုတ်လွှတ်နေကြောင်း သိရသည်။

ဂျူနိုအာကာသယာဉ်တွေ့ရှိခဲ့သော အိုင်အိုဂြိုဟ်ရံလမီးတောင်နယ်မြေသစ်သည် အကျယ်အဝန်း စတုရန်းမိုင် ၄၀၀၀၀ ထိ ကျယ်ဝန်းသည်ဖြစ်ရာ နေအဖွဲ့အစည်းအတွင်းရှိ မည်သည့်မီးတောင်နယ်မြေမျိုးထက်မဆို ပိုကြီးမားကြောင်း နာဆာ သိပ္ပံပညာရှင်များက ပြောကြားသည်။



အိုင်အိုဂြိုဟ်ရံလသည် နေအဖွဲ့အစည်းအတွင်း မီးတောင်လှုပ်ရှားမှုအပြင်းထန်ဆုံး အာကာသနယ်မြေဖြစ်ပြီး မီးတောင်ပေါင်းအလုံး ၄၀၀ ခန့်ထိ တည်ရှိကြောင်း သိရသည်။

အိုင်အိုဂြိုဟ်ရံလသည် ကြာသပတေးဂြိုဟ်ကို ၄၂ ဒသမ ၅ နာရီလျှင် တစ်ပတ်ကျ လှည့်ပတ်နေပြီး ကြာသပတေးဂြိုဟ်၏ ဒြပ်ဆွဲအားရိုက်ခတ်မှုကို အဆက်မပြတ်ခံနေရမှုကြောင့် မီးတောင်လှုပ်ရှားမှုများ ပြင်းထန်နေခြင်းဖြစ်ကြောင်း သိရသည်။

အိုင်အိုဂြိုဟ်ရံလ မီးတောင်နယ်မြေသစ်၏ စွမ်းအင်ထုတ်လွှတ်မှုပမာဏမှာ ဝပ် ၈၀ ထရီလီယံကျော်ထိရှိသည်ဟု နာဆာ သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## သက်တမ်းအားဖြင့် နှစ်ပေါင်း ၆၆ သန်းထိရှိသော ငါးကြီးအန်ဖတ် ကျောက်ဖြစ်ရုပ်ကြွင်းကို ဒိန်းမတ်နိုင်ငံ၌ ရှာဖွေတွေ့ရှိထား

**ကိုပင်ဟေဂင် ဇန်နဝါရီ ၃၀**

သက်တမ်းအားဖြင့် နှစ်ပေါင်း ၆၆ သန်းထိရှိသော ငါးကြီးအန်ဖတ်ကျောက်ဖြစ်ရုပ်ကြွင်းကို ဒိန်းမတ်နိုင်ငံ၌ ရှာဖွေတွေ့ရှိထားကြောင်း ဇန်နဝါရီ ၂၉ ရက် သတင်းများအရ သိရသည်။

ဒိန်းမတ်ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်များ ရှာဖွေတွေ့ရှိထားသော အဆိုပါငါးကြီးအန်ဖတ်များမှာ ရေနေကျောရိုးမဲ့ သတ္တဝါတစ်မျိုး၏ စားပြီးသားအကြွင်းအကျန်များ ဖြစ်ကြကြောင်း သိရသည်။

အဆိုပါ ပင်လယ်သတ္တဝါ အန်ဖတ်များသည် လွန်ခဲ့သောနှစ်ပေါင်း ၆၆ သန်းကာလ ခရီတေးစီးယပ်စ်ဘူမိခေတ် ငါး သို့မဟုတ် ငါးမန်းတစ်ကောင်၏ အန်ဖတ်များ ဖြစ်ကြကြောင်း ဒိန်းမတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

ငါးကြီးအန်ဖတ် ကျောက်ဖြစ်ရုပ်ကြွင်းသည် ခရီတေးစီးယပ်စ် ဘူမိခေတ် ဂေဟာစနစ်ကို လေ့လာရာတွင် အထောက်အကူပြုနိုင်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

ခရီတေးစီးယပ်စ် ဘူမိခေတ်သည် ကမ္ဘာမြေ၏ ကုန်းမြေများပေါ်၌ ဒိုင်နိုဆောသတ္တဝါများ ရှင်သန်ကြီးစိုးခဲ့သည့် ဘူမိခေတ်လည်းဖြစ်သည်။

ငါးကြီးအန်ဖတ်ကျောက်ဖြစ်ရုပ်ကြွင်းကို ဒိန်းမတ်နိုင်ငံအရှေ့ပိုင်း စတီဗင်ကလင့် ကမ်းပါးဒေသ၌ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ဒိန်းမတ် သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

# H E A L T H

## အိပ်မောကျရန် ပုံမှန်ထက်အချိန်ယူရမှုက အယ်ဇိုင်းမားရောဂါ၏ရှေ့ပြေးလက္ခဏာဖြစ်နိုင်

**ပေကျင်း ဇန်နဝါရီ ၃၀**

နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျရန် ပုံမှန်ထက် အချိန်ယူရမှုသည် အယ်ဇိုင်းမားရောဂါ၏ ရှေ့ပြေးလက္ခဏာတစ်ရပ် ဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များက ဇန်နဝါရီ ၂၉ ရက်တွင် ပြောကြားသည်။

တရုတ် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အိပ်စက်မှု သံသရာစက်ဝန်း၏ အဆင့်တစ်ဆင့်ဖြစ်သော Rapid Eye Movement (REM) ခေါ် အဆင့်သို့ရောက်ရန် ကြန့်ကြာနေမှုသည် အယ်ဇိုင်းမားရောဂါ၏ ရှေ့ပြေးလက္ခဏာတစ်ရပ် ဖြစ်နိုင်ကြောင်း သိရသည်။

REM အဆင့်သို့ ဝင်ရောက်ရန် ပုံမှန်ထက် အချိန်ယူရပါက ဦးနှောက်၏ မှတ်ဉာဏ်များကို စိစစ်ခွဲခြား သိမ်းဆည်းနိုင်စွမ်း ထိခိုက်သွားတတ်ကြောင်း တရုတ် သုတေသန ပညာရှင်များက ပြောကြားသည်။

REM အဆင့်သို့ ရောက်ရှိရန် ရှန်းကန်နေရသူများ၏ ဦးနှောက်အတွင်း အဆိပ်အတောက်ရှိ ပရိုတင်းနှစ်မျိုးဖြစ်သော Beta Amyloid နှင့် Tau ပရိုတင်းများ စုစည်းလာနိုင်ခြေလည်း မြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သာမန်အားဖြင့် သက်ကြီးပိုင်းများသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသည့်အဆင့်သို့ရောက်ရန် ပုံမှန်ထက် အချိန်ယူရတတ်ကြောင်း သိရသည်။

တရုတ် သုတေသနပညာရှင်များသည် အသက် ၇၀ အထက် လူပေါင်း ၁၂၈ ဦးတို့၏ အိပ်စက်မှုပုံစံများကိုလေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## တစ်ရက်လျှင် ဖုန်း၊ ကွန်ပျူတာကို မိနစ် ၉၀ မျှ ကြည့်ရုံဖြင့် ကလေးများ၏စာဖတ်စာရေး စွမ်းရည်အပေါ် ဆိုးကျိုးသက်ရောက်နိုင်

**ဝယ်လင်တန် ဇန်နဝါရီ ၃၀**

တစ်ရက်လျှင် ဖုန်း၊ကွန်ပျူတာကို မိနစ် ၉၀ မျှကြည့်ရုံဖြင့် ကလေးများ၏ စာဖတ်၊ စာရေး စွမ်းရည်အပေါ် ဆိုးကျိုးသက်ရောက်နိုင်ကြောင်း သုတေသန ပညာရှင်များက ဇန်နဝါရီ ၂၉ ရက်တွင် ပြောကြားသည်။

ထို့ပြင် ဖုန်း၊ ကွန်ပျူတာများကို မိနစ် ၉၀ ကြာထိ ကြည့်ရှုမှုကြောင့် ကလေးများတွင် အပြုအမူပိုင်းဆိုင်ရာ ပြဿနာများပေါ်လာနိုင်ခြေမှာလည်း မြင့်တက်လာနိုင်ကြောင်း နယူးဇီလန်နိုင်ငံ ကင်တာဂျူရီတက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

မိနစ် ၉၀ ဖုန်းကြည့်ရှုမှုကို ကလေးများ နေ့စဉ်ကြည့်ရှုနိုင်သည့် အများဆုံး အချိန်ပမာဏအဖြစ် ဆေးပညာရှင်များက အကြံပြုထားသည့်တိုင် ၎င်းအချိန်ပမာဏခန့် ကြည့်ခဲ့လျှင်ပင် ကလေးများ၏ စာဖတ်စာရေးစွမ်းရည်အပေါ် ဆိုးကျိုးသက်ရောက်မှု ရှိလာနိုင်ကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

နယူးဇီလန် သုတေသနပညာရှင်များသည် အသက်နှစ်နှစ်နှင့် ရှစ်နှစ်ကြား ကလေးဦးရေ ၆၀၀၀ ကျော်တို့ကို စောင့်ကြည့်လေ့လာခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ တစ်ရက်ဖုန်းသုံးချိန် ၁ ဒသမ ၅ နာရီရှိသော အသက် လေးနှစ်နှင့်ရှစ်နှစ်ခွဲကြား ကလေးများတွင် ပညာရေးအရ ပြဿနာများရှိလာတတ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO






# ချန်ပီယံလိဂ် အုပ်စုပွဲစဉ်များပြီးဆုံးချိန်တွင် မန်စီးတီးအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ play-off ကစားခွင့်ရရှိခဲ့

**လန်ဒန် ဇန်နဝါရီ ၃၀**

ယခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ပြီးဆုံးချိန်တွင် မန်စီးတီးအသင်းက ဘရူဂျက်အသင်းကို သုံးဂိုးတစ်ဂိုးဖြင့်လည်းကောင်း၊ ရီးရဲလ်မက်ဒရစ်အသင်းက ဘရက်စ်အသင်းကို သုံးဂိုးဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရခဲ့သောကြောင့် play-off ကစားခွင့်ရရှိခဲ့ကြောင်း သိရသည်။

ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဗိုလ်စွဲရန်ရေပန်းစားနေသည့် မန်စီးတီးအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့သည် အုပ်စုပွဲစဉ်များတွင် ရလဒ်ကောင်းရယူနိုင်ခြင်း မရှိခဲ့သောကြောင့် တိုက်ရိုက်ဝင်ခွင့်နှင့် လွဲချော်ခဲ့ရသည့်အပြင် နောက်ဆုံးပွဲစဉ်ထိ play-off ကစားခွင့်ရရှိရန် အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ရပြီး မန်စီးတီးအသင်းက ရမှတ် ၁၁ မှတ်ဖြင့် အဆင့်(၂၂)၊ ရီးရဲလ်မက်ဒရစ်အသင်းက ရမှတ် ၁၅မှတ်ဖြင့် အဆင့် (၁၁)နေရာတွင် ရပ်တည်နိုင်ခဲ့သည်။



အုပ်စုပွဲစဉ်များပြီးဆုံးချိန်တွင် လီဗာပူးအသင်းက ရမှတ် ၂၁ မှတ်ဖြင့် အဆင့်(၁)၊ ဘာစီလိုနာအသင်းက ရမှတ် ၁၉ မှတ်ဖြင့် အဆင့်(၂)၊ အာဆင်နယ်အသင်းက ရမှတ် ၁၉ မှတ်ဂိုးကွာခြားချက်ဖြင့် အဆင့်(၃)၊ အင်တာမီလန်အသင်းက အဆင့်(၄)၊ အေတီကိုအသင်းက အဆင့်(၅)၊ လေဗာကူဆင်အသင်းက အဆင့်(၆)၊ လိုင်လီအသင်းက အဆင့်(၇)နှင့် အေဗီလာအသင်းက အဆင့်(၈) နေရာတွင် ရပ်တည်နိုင်ခဲ့သောကြောင့် ၁၆ သင်းအဆင့်သို့ တိုက်ရိုက် တက်ရောက်ခွင့် ရခဲ့သည်။

အမှတ်ပေးဇယား အဆင့် (၉) မှ အဆင့် (၂၄) အတွင်း ရပ်တည်နေသည့် အတ္တလန်တာအသင်း၊ ဒေါ့မွန်အသင်း၊ ရီးရဲလ်မက်ဒရစ်အသင်း၊ ဘိုင်ယန်မြူးနစ်အသင်း၊ အေစီမီလန်အသင်း၊ ပီအက်စ်ဗွီအသင်း၊ ပီအက်စ်ဂျီအသင်း၊ ဘင်ဖီကာအသင်း၊ မိုနာကိုအသင်း၊ ဘရက်အသင်း၊ ဖီရင်နုအသင်း၊ ဂျူဗင်တပ်အသင်း၊ ဆဲလ်တစ်အသင်း၊ မန်စီးတီးအသင်း၊ စပို့တင်းလစ္စဘွန်းအသင်းနှင့် ဘရူဂျက်အသင်းတို့က ၁၆ သင်းအဆင့်သို့ တက်ရောက်ခွင့်ရရန် play-off ထပ်မံကစားရမည် ဖြစ်ကြောင်း သိရသည်။

Ref : ESPN

Trs : ML

# မြန်မာဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ပွဲစဉ်(၈) ပွဲစဉ်များ ဆက်လက်ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၃၀**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာဖူဆယ်လိဂ်-၁ပြိုင်ပွဲ ပွဲစဉ်(၈) ပွဲစဉ်များကို ယနေ့နံနက် ၉ နာရီမှ စတင်ပြီး ရန်ကုန်မြို့ရှိ MFF Futsal Stadium တွင် ကျင်းပခဲ့ရာ MIU FC အသင်းနိုင်ပွဲပြန်လည်ရရှိခဲ့ပြီး အမှတ်ပေးဇယားထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ပွဲစဉ်(၈)ပွဲစဉ်များအဖြစ် ယနေ့နံနက် ၉ နာရီက MIU FC အသင်းနှင့် VUC FC အသင်းတို့ကစားခဲ့ရာMIU FC အသင်းက သုံးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၀နာရီခွဲက Generations FC အသင်းနှင့် SFG FC အသင်းတို့ကစားခဲ့ရာ Generations FC အသင်းက လေးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ မွန်းတည့် ၁၂နာရီက Winner Soccer FC အသင်းနှင့် YRG FC အသင်းတို့ ကစားခဲ့ရာ YRG FC အသင်းက ခြောက်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြသည်။

ဆက်လက်ပြီး မွန်းလွဲ ၁နာရီခွဲက Futsal Chit Thu FC အသင်းနှင့် YCDC Marga FC အသင်းတို့ကစားခဲ့ရာ YCDC Marga FC အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ညနေ ၃ နာရီက MH Dream Team အသင်းနှင့် M2K FC အသင်းတို့ ကစားခဲ့ရာ MH Dream Team အသင်းက ရှစ်ဂိုး သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ပွဲစဉ်(၇)တွင် MIU FC အသင်း အနေဖြင့် သရေရလဒ်ကြောင့် ရမှတ် လျော့နည်းခဲ့သော်လည်း ယခုပွဲစဉ်တွင် နိုင်ပွဲပြန်လည်ရရှိခဲ့သည့်အတွက် ရမှတ် ၂၂မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နိုင်ခဲ့ပြီး MH Dream Teamအသင်းလည်း ရမှတ်၂၀မှတ်ဖြင့် အဆင့်(၂) နေရာမှ ဆက်လက်ဖိအားပေးလျက် ရှိနေကြောင်း သိရသည်။

STA

# ပရီးမီးယားလိဂ် ပွဲစဉ်(၂၄) ပွဲကြိုသုံးသပ်ချက်

**နော်တင်ဟမ် Vs ဘရိုက်တန်**

ကစားမည့်ရက်/အချိန် ၁-၂-၂၀၂၅ (ည ၁၇:၀၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဘရိုက်တန် ၂ – ၂ နော်တင်ဟမ်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| နော်တင်ဟမ် | – | အိမ်(သရေ) | အိမ်(နိုင်) | ဝေး(ရှုံး) |
| ဘရိုက်တန် | – | ဝေး(နိုင်) | ဝေး(နိုင်) | အိမ်(ရှုံး) |

နော်တင်ဟမ်အသင်းဟာ ပုံစံကောင်းရနေတာကြောင့် အမှတ်ပေးဇယားအဆင့်(၃) မှာ ရပ်တည်နေပြီး အိမ်ကွင်းကစားပုံမာကျောတဲ့ အသင်းဖြစ်ပါတယ်။ဘရိုက်တန်ကတော့နည်းပြဟာဇီလာ လက်အောက်မှာ အကောင်းဆုံးခြေစွမ်းပြနေပေမဲ့ နောက်ဆုံးပွဲမှာ အဲဗာတန်လို ကစားပုံကျဆင်းနေတဲ့အသင်းကို ရှုံးခဲ့တဲ့ခြေစွမ်းက အားရစရာမရှိသလို နော်တင်ဟမ်ရဲ့တန်ပြန်တိုက်စစ်ကိုထိန်းချုပ်ဖို့မဖြစ်နိုင်ပါဘူး။ ဒါကြောင့် နော်တင်ဟမ်ပဲ ရလဒ်ကောင်းမှာပါ။

ခန့်မှန်းရလဒ် – နော်တင်ဟမ် ၁ – ၀ ဘရိုက်တန်

# Royal-D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ

**မန္တလေး ဇန်နဝါရီ ၃၀**

မန္တလေးတိုင်းဒေသကြီး သဲသောင်ပြင်နှင့် ဖူဆယ်ကော်မတီက ကြီးမှူးကျင်းပမည့် Royal-D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှစတင်ပြီး မန္တလေးမြို့ မန္တလာသီရိအားကစားကွင်းရှိ Multipurpose Stadium တွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။



Royal-D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် နံနက် ၈ နာရီက Mogyo Legend အသင်းနှင့် AI FC အသင်းတို့ကစားခဲ့ရာ Mogyo Legend အသင်းက သုံးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ နံနက် ၉ နာရီခွဲက Mali Kyal Sin အသင်းနှင့် Nothern Star အသင်းတို့ကစားခဲ့ရာ Mali Kyal Sin အသင်းက ငါးဂိုးသုံးဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ပြီး နံနက် ၁၁နာရီက Poenix FC အသင်းနှင့် Royal Brother အသင်းတို့ကစားခဲ့ရာ တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

အလားတူ မွန်းလွဲ ၁၂နာရီခွဲက KL FC အသင်းနှင့် Top United အသင်းတို့ကစားခဲ့ရာ KL FCအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး မွန်းလွဲ ၂ နာရီက Boy Friend အသင်းနှင့် Star Boy အသင်းတို့ ကစားခဲ့ရာ နှစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့ပြီး ညနေ ၃ နာရီခွဲက SLW FC အသင်းနှင့် KBK Team အသင်းတို့ကစားခဲ့ရာ KBK Team အသင်းက ရှစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည်။

Royal-D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို လာမည့်ဖေဖော်ဝါရီ ၄ ရက်ထိ မန္တလေးမြို့ မန္တလာသီရိ အားကစားကွင်းရှိ Multipurpose Stadium တွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

STA

# အားကစားသတင်းအတိုအထွာများ

- ဆော်ဒီပရိုလိဂ် အယ်အီသီဖတ်အသင်း နည်းပြစတီဗင်ဂျာရက် အနေဖြင့် အသင်းမှထုတ်ပယ်ခံရရန် သတင်းများထွက်ပေါ်ခဲ့သော်လည်း ယခုအခါ ပုဂ္ဂိုလ်ရေးဆိုင်ရာ အကြောင်းပြချက်များကြောင့် အသင်းမှထွက်ခွာရန်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။
- အမေရိကန်မေဂျာလိဂ်ကလပ် အတ္တလန်တာ ယူနိုက်တက်အသင်းက နယူးကာဆယ်တောင်ပံကစားသမား အယ်မီရွန်ကို ပြောင်းရွှေ့ကြေးယူရို ၁၃ သန်းဖြင့်ခေါ်ယူနိုင်ခဲ့ပြီး ၂၀၂၇ ခုနှစ်ထိ စာချုပ်ချုပ်ဆိုခဲ့သည်။
- ပီအက်စ်ဂျီအသင်းမှပွဲကစားခွင့်ပျောက်ဆုံးနေသည့် ခံစစ်ကစားသမားစကရင်နေးယားကိုဂျူဗင်တပ်အသင်းက ခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း ယခုအခါကစားသမားအနေဖြင့် နည်းပြမော်ရင်ဟို၏ ဖီနာဘာချီအသင်းသို့ ရာသီဝက်အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

ML

# 2025 Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲဝင်မည့် အမေရိကန်အသင်း ဒုတိယအသင်းခေါင်းဆောင်အဖွဲ့တွင် ဂျင်မ်ဖျူရစ်ခ်ပါဝင်လာ

**ဝါရှင်တန် ဇန်နဝါရီ ၃၀**

2025 Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲဝင်မည့် အမေရိကန်အသင်းအတွက် အသင်းခေါင်းဆောင်ဖြစ်သူ ဘရက်ဒ်လေကအသင်းခေါင်းဆောင်အဖွဲ့ကိုပြင်ဆင်မှုများပြုလုပ်ရာတွင် ဒုတိယအသင်းခေါင်းဆောင်အဖွဲ့ဝင်တစ်ဦးအဖြစ် ဂျင်မ်ဖျူရစ်ခ်ကိုခန့်အပ်ကြောင်း ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ဘရက်ဒ်လေသည် ဒုတိယအသင်းခေါင်းဆောင်များ အဖြစ် ကီဗင်ကစ္စနာ၊ စနီဒီကာနှင့် ဝက်ဘ်ဆင်ပဆင်တို့အား ခန့်အပ်ထားပြီး ဖြစ်သလိုဂျင်မ်ဖျူရစ်ခ်အား ထပ်မံအားဖြည့်ခဲ့ခြင်းဖြစ်သည်။

ဂျင်မ်ဖျူရစ်ခ်သည် ၂၀၁၈ ခုနှစ် Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဥရောပအသင်းကို (၁၈ ဒသမ ၅၊ ၁၁ ဒသမ ၅) မှတ်ဖြင့် ရှုံးနိမ့်ခဲ့သောအမေရိကန်အသင်းကိုအသင်းခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့သူဖြစ်ပြီး အသင်းခေါင်းဆောင်အတွေ့အကြုံရှိသည့် ဂျင်မ်ဖျူရစ်ခ်အား ဘရက်ဒ်လေက ဒုတိယအသင်းခေါင်းဆောင်အဖွဲ့တွင် ပါဝင်ပေးရန် ကမ်းလှမ်းခဲ့ခြင်းလည်း ဖြစ်သည်။

ဂျင်မ်ဖျူရစ်ခ်သည် ကစားသမားအနေဖြင့်လည်း Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်အသင်းအတွက် ၁၉၉၇ ခုနှစ်မှစတင်၍ ကိုးကြိမ်တိုင်တိုင် ပါဝင်ကစားပေးခဲ့ဖူးသူလည်းဖြစ်သည်။

အသင်းခေါင်းဆောင် အဖြစ် တာဝန်ယူသွားမည့် ဘရက်ဒ်လေသည် ၂၀၁၈ ခုနှစ်ကဂျင်မ်ဖျူရစ်ခ် အသင်းခေါင်းဆောင် တာဝန်ယူခဲ့စဉ်က ကစားသမားအနေဖြင့် အမေရိကန်အသင်းအတွက် ပါဝင်ကစားပေးခဲ့သူလည်း ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# လေဗာကူဆင်အသင်းက ကွင်းလယ်ကစားသမား ဘူအန်ဒီယာကို အငှားစာချုပ်ဖြင့်ခေါ်ယူ




**ဘာလင် ဇန်နဝါရီ ၃၀**

ဘွန်ဒက်လီဂါ ချန်ပီယံဆုဖလားကို ကာကွယ်ရန်ကြိုးပမ်းနေသည့် လေဗာကူဆင်အသင်းက အေဗီလာအသင်းမှ အသက် ၂၈ နှစ်ရှိ ကွင်းလယ်ကစားသမားဘူအန်ဒီယာကို ရာသီဝက်အငှားစာချုပ်ဖြင့်ခေါ်ယူနိုင်ခဲ့ပြီး စာချုပ်ကုန်ဆုံးပါက ယူရို သန်း ၂၀ ဖြင့် အပြီးသတ်ဝယ်ယူခွင့် ပါရှိခဲ့ကြောင်း သိရသည်။

လေဗာကူဆင် အသင်းသည် လက်ရှိကွင်းလယ်ပိုင်းတွင် မာတင်တာရီယာဒဏ်ရာကြောင့် ဘောလုံးရာသီကုန်ထိ အနားယူရမည်ဖြစ်၍ အေဗီလာအသင်းတွင် ပုံမှန်ပွဲကစားခွင့် ပျောက်ဆုံးနေသည့် ဘူအန်ဒီယာကို အပြီးသတ်ဝယ်ယူခွင့်ပါသည့် အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဘူအန်ဒီယာသည် နော့ဝစ်အသင်းမှ အေဗီလာအသင်းသို့ ပြောင်းရွှေ့ကြေး ယူရို ၃၈ သန်းဖြင့် ရောက်ရှိခဲ့ပြီးနောက် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီတွင် အရွတ်ထိခိုက်ဒဏ်ရာကြောင့်လွဲချော်ခဲ့ကာ ယခုနှစ်တွင် ဒဏ်ရာမှပြန်လည်ကောင်းမွန်လာချိန်တွင် အမှတ်ပေးပွဲတွင် ၁၂ ပွဲသာ လူစားဝင်ကစားသမားအဖြစ် ကစားခဲ့ရပြီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင် မိုနာကိုအသင်းကို ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်ကို ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရခဲ့သည်။

လေဗာကူဆင် အသင်းသည် ပုံမှန်ပွဲကစားခွင့် ပျောက်ဆုံးနေသည့် ဘူအန်ဒီယာ၏နည်းစနစ်ပိုင်းနှင့် စွမ်းဆောင်ရည်တို့ကို သဘောကျနေသဖြင့် ၎င်း၏ပံ့ပိုးမှုများဖြင့် အသင်း၏ရည်မှန်းချက်ကို ဖြည့်ဆည်းနိုင်မည်ဖြစ်ကြောင်း ယုံကြည်ခဲ့ပြီး ခေါ်ယူရန်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ဘူအန်ဒီယာသည် လေဗာကူဆင်အသင်းတွင် ကျောနံပါတ် ၁၆ ကို ဝတ်ဆင်ကစားမည်ဖြစ်ပြီး လာမည့် အမှတ်ပေးပွဲစဉ်တွင် စတင်ပါဝင်နိုင်မည် ဖြစ်ကြောင်း သိရသည်။

**Ref : Goal.com**

**Trs : ML**

# တိုက်စစ်မှူးဒူရန် အယ်နာဆာအသင်းသို့ ပြောင်းရွှေ့ရန် လန်ဒန်မြို့တွင် ဆေးစစ်မှုခံယူ

**လန်ဒန် ဇန်နဝါရီ ၃၀**

တိုက်စစ်မှူးဒူရန်သည် အေဗီလာအသင်းတွင် တိုက်စစ်မှူး အိုလီဝက်ကင်း၏နောက်တွင်သာ ပါဝင်ကစားနေရသောကြောင့် ယခုအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် စီစဉ်ခဲ့ပြီး အယ်နာဆာအသင်းသို့ ပြောင်းရွှေ့ရန်အတွက် လန်ဒန်မြို့တွင် ဆေးစစ်မှုခံယူနေကြောင်း သိရသည်။

အယ်နာဆာ အသင်းသည် တိုက်စစ်မှူး ဒူရန်ကို ခေါ်ယူရန် ပရီးမီးယားလိဂ် ထိပ်သီးကလပ်အသင်းများနှင့် ယှဉ်ပြိုင်ခဲ့ရပြီး အသင်းအနေဖြင့် ကစားသမားအတွက် ပြောင်းရွှေ့ကြေး ယူရို ၇၇ သန်းထိပေးချေကာ မက်လုံးပေးခေါ်ယူမှုများကြောင့် လက်ဦးမှုရယူနိုင်ခဲ့သဖြင့် ယနေ့တွင် လန်ဒန်မြို့၌ ဆေးစစ်မှုခံယူလျက် ရှိသည်။

လူငယ် ကစားသမားသည် ပရီးမီးယားလိဂ်ကဲ့သို့ ထိပ်သီးကလပ်မှဆော်ဒီပရိုလိဂ်သို့ ပြောင်းရွှေ့ရန်ဆုံးဖြတ်ခဲ့မှုအတွက် ဝေဖန်မှုများရှိနေသော်လည်း ၎င်းအနေဖြင့် အယ်နာဆာအသင်းနှင့် ဆေးစစ်မှုအောင်မြင်ခဲ့ပါက ငါးနှစ်ခွဲစာချုပ်ချုပ်ဆိုမည်ဖြစ်သည်။

အသက် ၂၁ နှစ်ရှိ တိုက်စစ်မှူး ဒူရန်သည် အေဗီလာအသင်းသို့ ရောက်ရှိခဲ့ပြီးနောက် ပြိုင်ပွဲစုံ ၇၈ ပွဲတွင် သွင်းဂိုး ၂၀ ထိ သွင်းယူနိုင်ခဲ့ပြီး ယခုနှစ်အမှတ်ပေးပြိုင်ပွဲ ၂၀တွင် လေးပွဲသာ ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရခဲ့သော်လည်း သွင်းဂိုး ခုနစ်ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး ၎င်း၏ စွမ်းဆောင်ရည်ကောင်းများကိုပြသနိုင်ခဲ့သည်။

အေဗီလာအသင်းသည် ယခုအပြောင်းအရွှေ့ကာလတွင် ခြေစွမ်းပြကစားသမားများကို လက်လွှတ်ခဲ့ရသဖြင့် တိုက်စစ်မှူး အိုလီဝက်ကင်းကိုရောင်းချတော့မည်မဟုတ်သောကြောင့် အာဆင်နယ်အသင်းအနေဖြင့် ခေါ်ယူမည့်အစီအစဉ်ကို လက်လျှော့ခဲ့ရကြောင်း သိရသည်။

**Ref : ESPN**

**Trs : ML**

# ပရီးမီးယားလိဂ်ပြိုင်ပွဲ ဇန်နဝါရီလ တစ်လတာအကောင်းဆုံး ကစားသမားဆုဆန်ခါတင်ကစားသမားစာရင်း ထုတ်ပြန်

**လန်ဒန် ဇန်နဝါရီ ၃၀**

ပရီးမီးယားလိဂ် အဖွဲ့ချုပ်က လစဉ်ပေးအပ်သည့် ဆုတစ်ခုဖြစ်သည့် ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ ဇန်နဝါရီလအတွက် တစ်လတာအကောင်းဆုံး ကစားသမားဆုဆန်ခါတင်စာရင်းကို ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ် ပြိုင်ပွဲ၏ တစ်လတာအကောင်းဆုံး ကစားသမားဆုအတွက် ဆန်ခါတင်ကစားသမားစာရင်းတွင် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွက် တစ်လတာအကောင်းဆုံး ကစားသမားဆုကိုရရှိခဲ့သည့် နယူးကာဆယ်အသင်းမှ အစ်ဆက်လည်း ပြန်လည်ပါဝင်လာခဲ့သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ ဇန်နဝါရီလအတွက် တစ်လတာ အကောင်းဆုံး ကစားသမားဆုဆန်ခါတင် ကစားသမားစာရင်းတွင် မန်စီးတီးအသင်းမှ ဖိုဒန်၊ လီဗာပူးအသင်းမှ ဂတ်ပို၊ ဘုန်းမောက်အသင်းမှ ဒိန်းဟူဂျီဆန်နှင့် ကလွိုက်ဗက်၊ နယူးကာဆယ်အသင်းမှအစ်ဆက်၊ပဲလေ့စ်အသင်းမှ မာတီတာ၊ ဘရန့်ဖို့ဒ်အသင်းမှ မီအူမိုတို့ ပါဝင်လာခဲ့သည်။




ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ ဇန်နဝါရီလအတွက် တစ်လတာအကောင်းဆုံး ကစားသမားဆုဆန်ခါတင် ကစားသမားစာရင်းတွင် ပါဝင်လာခဲ့သူများမှ ဖိုဒန်သည် မန်စီးတီးအသင်းနှင့်အတူ ဇန်နဝါရီလအတွင်း ကစားခဲ့သည့် ပွဲစဉ်များတွင် အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့ကာ ခြောက်ဂိုးထိ သွင်းယူနိုင်ခဲ့သည့်အပြင် တစ်ကြိမ်၊ အစ်ဆက်ကလည်း ငါးဂိုးသွင်းယူနိုင်ခဲ့ပြီး ဂိုးဖန်တီးမှုတစ်ကြိမ်၊ကလွိုက်ဗက်ကလည်း ငါးဂိုး သွင်းယူနိုင်ခဲ့ကာ နှစ်ကြိမ် ဖန်တီးမှုပြုလုပ်ထားကာ အကောင်းဆုံးဆုအတွက် ပူးတွဲရေပန်းစားလျက် ရှိနေကြောင်း သိရသည်။

**Ref : Fotmob**

**Trs : STA**

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ်(၂၀) ပွဲကြိုသုံးသပ်ချက်

STA

**ဟီဒန်ဟိမ်း Vs ဒေါ့မွန်**

ကစားမည့်ရက်/အချိန် ၁-၂-၂၀၂၅ (ည ၀၉း၀၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဒေါ့မွန် ၄ – ၂ ဟီဒန်ဟိမ်း

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဟီဒန်ဟိမ်း | – | ဝေး(သရေ) | အိမ်(ရှုံး) | ဝေး(ရှုံး) |
| ဒေါ့မွန် | – | ဝေး(ရှုံး) | အိမ်(သရေ) | အိမ်(နိုင်) |

ဒေါ့မွန်အသင်းဟာ နည်းပြသစ်လက်ထက် ပထမဆုံးပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့အတွက် အမှားခံမှာမဟုတ်ပါဘူး။ ဟီဒန်ဟိမ်းအသင်းကလဲ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေပြီး ရုန်းကန်နေရပါတယ်။ ဒါကြောင့် အဝေးကွင်းဆိုပေမဲ့ နည်းပြသစ်လက်ထက်မှာ ပထမဆုံးနိုင်ပွဲရရှိအောင်ပြင်ဆင်လာမဲ့ ဒေါ့မွန်အသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ် – ဟီဒန်ဟိမ်း ၁ – ၂ ဒေါ့မွန်

# ပြင်သစ်လီဂူး ပွဲစဉ် (၂၀) ပွဲကြိုသုံးသပ်ချက်

STA

**ဘရက် Vs ပီအက်စ်ဂျီ**

ကစားမည့်ရက်/အချိန် ၁-၂-၂၀၂၅ (ည ၁၀း၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ပီအက်စ်ဂျီ ၃ – ၁ ဘရက်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဘရက် | – | ဝေး(ရှုံး) | ဝေး(နိုင်) | အိမ်(ရှုံး) |
| ပီအက်စ်ဂျီ | – | အိမ်(နိုင်) | အိမ်(သရေ) | ဝေး(နိုင်) |

ဘရက်အသင်းအတွက် အိမ်ကွင်းမှာ လက်ခံကစားရမယ်ဆိုပေမဲ့ လက်ရှိခြေစွမ်းပိုင်းက တည်ငြိမ်မှုမရှိလို့ ပီအက်စ်ဂျီအသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ လက်ရှိ ပီအက်စ်ဂျီအသင်းရဲ့ခြေစွမ်းပိုင်းကလဲတည်ငြိမ်မှုရှိနေလို့ ဘရက်အသင်းကိုအနိုင်ရယူဖို့ခက်ခဲမှာမဟုတ်ပါဘူး။ ဒါကြောင့် အဝေးကွင်းဆိုပေမဲ့ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ပီအက်စ်ဂျီအသင်းပဲ အနိုင်ရယူသွားမှာပါ။

ခန့်မှန်းရလဒ် – ဘရက် ၀ – ၂ ပီအက်စ်ဂျီ

# WTA၏စည်းမျဉ်းကြောင့် မက်ဒီဆင်ကီးသည် ATX Openတင်းနစ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ရတော့မည်မဟုတ်

**လန်ဒန် ဇန်နဝါရီ ၃၀**

လန်ဒန်မြို့တွင် အခြေစိုက်သည့် အမျိုးသမီးတင်းနစ်အဖွဲ့ချုပ် (WTA)က ချမှတ်ထားသော စည်းမျဉ်းအရ ဖေဖော်ဝါရီ ၂၂ရက်တွင် အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်၌ ကျင်းပသွားမည့် ATX Openတင်းနစ်ပြိုင်ပွဲတွင် ဗြိတိန်တင်းနစ်မယ် မက်ဒီဆင်ကီးပါဝင်ယှဉ်ပြိုင်နိုင်တော့မည် မဟုတ်ကြောင်း ATX Open ပြိုင်ပွဲကျင်းပရေးကော်မတီက ယနေ့တွင် အတည်ပြုခဲ့သည်။

ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲချန်ပီယံဆုအား ဆွတ်ခူးထားသည့် မက်ဒီဆင်ကီးသည် ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲမစတင်မီ ကမ္ဘာ့အဆင့်(၁၄)နေရာတွင် ရပ်တည်နိုင်ခဲ့သော်လည်း ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ပြီးနောက် ကမ္ဘာ့အဆင့် (၇)နေရာသို့ တက်ရောက်လာနိုင်ခဲ့သည်။

မက်ဒီဆင်ကီးသည် မွေးရပ်မြေတွင် ကျင်းပသွားမည့် ATX Open တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားရန်ပြင်ဆင်ထားခဲ့သော်လည်း စည်းမျဉ်းကြောင့် ပြိုင်ပွဲဖြင့်လွဲချော်ရမည်ကိုဝမ်းနည်းကြောင်း ပြောကြားခဲ့သည်။

ATX Open တင်းနစ်ပြိုင်ပွဲသည် WTA 250 တင်းနစ်ပြိုင်ပွဲအမျိုးအစားဖြစ်ပြီး ပြိုင်ပွဲ၏ အဆင့်အတန်းကြောင့် ပြိုင်ပွဲအတွင်း ကမ္ဘာ့အဆင့်(၁၀)အတွင်း၌ရပ်တည်နေသည့် ကစားသမားတစ်ဦးကိုသာ ခွင့်ပြုထားသည်။

ယင်းနေရာအတွက်ကမ္ဘာ့အဆင့်(၆)နေရာတွင် ရပ်တည်နေသည့် အမေရိကန်တင်းနစ်မယ် ပီဂူလာက မှတ်ပုံတင်ထားပြီးဖြစ်သည့်အတွက်ကြောင့် ကမ္ဘာ့အဆင့် (၇)နေရာသို့ တက်ရောက်နိုင်ခဲ့သည့် မက်ဒီဆင်ကီးက စည်းမျဉ်းအရ ပြိုင်ပွဲဖြင့် လွဲချော်ရမည်လည်းဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# စစ်ပွဲပြီးဆုံးရန်မသေချာသေးသည့် အစ္စရေး-ပါလက်စတိုင်း အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်

အစ္စရေးနှင့် ပါလက်စတိုင်းတို့သည် ဂါဇာကမ်းမြောင်ဒေသအပစ်အခတ်ရပ်စဲရေးကို ယခုနှစ် ဇန်နဝါရီ ၁၅ ရက်က သဘောတူညီခဲ့ကြပြီး ဇန်နဝါရီ ၁၉ ရက်တွင် စတင်အသက်ဝင်ခဲ့သည်။ အဆိုပါသဘောတူညီချက်တွင် အပစ်အခတ်ရပ်စဲရေး၊ အကျဉ်းသားလဲလှယ်ရေး၊ ဂါဇာကမ်းမြောင်မှ အစ္စရေးတပ်များရုပ်သိမ်းရေးနှင့် လူသားချင်းစာနာထောက်ထားမှု တိုးမြှင့်ဆောင်ရွက်ရေးကဲ့သို့သော အဓိကအချက်များပါဝင်သည်။ ကမ္ဘာ့နိုင်ငံများက အာရုံစိုက်စောင့်ကြည့်ခဲ့သည့် အစ္စရေး-ပါလက်စတိုင်းပဋိပက္ခသည် သမိုင်းဝင်အပစ်အခတ်ရပ်စဲရေးတစ်ခုအဖြစ်သို့ ထပ်မံရောက်ရှိလာခဲ့သည်။ သို့သော်လည်း အပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်၍ မသေချာမရေရာမှုများ တည်ရှိနေဆဲဖြစ်သည်။

**ပဋိပက္ခတွင် ထိခိုက်သေဆုံးမှုနှင့် သက်ရောက်မှုများ**

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်က စတင်ခဲ့သော အစ္စရေး-ပါလက်စတိုင်းပဋိပက္ခသည် ၁၅ လ ကျော်ကြာမြင့်ခဲ့ပြီးနောက် ယခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် အပစ်အခတ်ရပ်စဲရေးဖြင့်ရပ်တန့်ခဲ့သည်။ အတိအကျဆိုရလျှင် ရက်ပေါင်း ၄၇၁ ရက် ကြာမြင့်ခဲ့သည်။ ထိုကာလအတွင်းတွင် ဂါဇာလူမျိုးများသည် အစ္စရေးတို့၏တိုက်ခိုက်မှုကို ၁၅ လကျော် ဆက်တိုက်ခံခဲ့ရပြီး ပါလက်စတိုင်းပြည်သူ ၄၆၉၀၀ ကျော် သေဆုံးခဲ့ကြောင်း ဂါဇာကျန်းမာရေးအာဏာပိုင်များက ပြောကြားခဲ့သည်။ ဂါဇာကမ်းမြောင်ဒေသတွင် ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် နယ်မြေအတွင်း လူသေဆုံးမှုများပြီး ငတ်မွတ်မှုနှင့် ရောဂါပျံ့နှံ့မှုများ ဖြစ်ပွားခဲ့သည်။ အပစ်အခတ်ရပ်စဲရေးမရမီကာလအတွင်း တရုတ်အပါအဝင် နိုင်ငံများစွာက အပစ်အခတ်ရပ်စဲရေးအတွက် လုံခြုံရေးကောင်စီမှ တစ်ဆင့် အကြိမ်ကြိမ်တင်ပြခဲ့သော်လည်း အောင်မြင်မှုမရှိဘဲ ကာလကြာမြင့်ခဲ့သည်။ ၁၅ လကျော်ကြာမြင့်ခဲ့ပြီး နှစ်ဖက်စလုံးအတွက် ဆိုးရွားသော အကျိုးဆက်များ ဖြစ်ပေါ်စေခဲ့သည်။ ပဋိပက္ခများ အဆက်မပြတ်ဖြစ်ပေါ်နေခြင်းသည် ဒေသတွင်းနိုင်ငံရေးအခင်းအကျင်းကို ထိခိုက်စေရုံသာမက အရှေ့အလယ်ပိုင်းအခြေအနေကို ပိုမိုရှုပ်ထွေးစေသည်။

**အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်**

၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် ဖြစ်ပွားခဲ့သည့် ပဋိပက္ခနှင့်ပတ်သက်၍ အပစ်အခတ်ရပ်စဲရေးကို အမေရိကန်နိုင်ငံ၊ ကာတာနိုင်ငံနှင့် အီဂျစ်နိုင်ငံတို့က ၂၀၂၄ ခုနှစ်တွင် ကြားဝင်စေ့စပ်ခဲ့ခြင်းဖြစ်သည်။ ပထမအဆိုပြုချက်မူကြမ်းကို ၂၀၂၄ ခုနှစ် မေလတွင် အမေရိကန်သမ္မတဂျိုးဘိုင်ဒင်က တင်ပြခဲ့ပြီး အပစ်အခတ်ရပ်စဲရေးအတွက် ကြားဝင်စေ့စပ်မှုကို ပါလက်စတိုင်းတို့က လက်ခံခဲ့သည်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် အလားတူအဆိုပြုချက်ကို အစ္စရေးနှင့် ပါလက်စတိုင်းတို့က လက်ခံခဲ့သည်။ ဤသို့ဖြင့် လနှင့်ချီခက်ခဲသော စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ပြီးနောက် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို နောက်ဆုံးတွင်ရရှိခဲ့သည်။ သဘောတူညီချက်သည် အစ္စရေးနှင့် ပါလက်စတိုင်းတို့ကြား ဖြစ်ပေါ်လျက်ရှိသည့်တင်းမာမှုများကို ယာယီဖြေလျှော့ပေးခဲ့သည်။ ထိုပြင်းထန်သော ပဋိပက္ခဖြစ်ပွားမှုတွင်ခေတ္တရပ်ရန် သဘောတူညီချက်ထားသော်လည်း ဒေသတွင်း ထာဝရငြိမ်းချမ်းရေးဖြစ်ပေါ်ရန်အလားအလာသည် မသေချာသေးသည်ကို တွေ့ရှိရမည်ဖြစ်သည်။

ပါလက်စတိုင်းနှင့် အစ္စရေးတို့ကြားတွင် ယခင် ငြိမ်းချမ်းရေး သဘောတူညီချက်များကဲ့သို့ပင် သဘောတူညီချက်အသစ်သည်လည်း အကန့်အသတ်များစွာရှိသည်။ သဘောတူညီချက်၏ အချို့သောအပိုဒ်များကို အကောင်အထည်ဖော်ရာတွင် အငြင်းပွားမှုများဖြစ်စေနိုင်သော ရှင်းလင်းပြတ်သားမှုမရှိသည့်သဘောတူညီချက်များကို ရေးသားထားသည်။

**❖ပါလက်စတိုင်းနှင့် အစ္စရေးတို့ကြားတွင် ယခင် ငြိမ်းချမ်းရေး သဘောတူညီချက်များကဲ့သို့ပင် သဘောတူညီချက်အသစ်သည်လည်း အကန့်အသတ်များစွာရှိသည်။ သဘောတူညီချက်၏ အချို့သောအပိုဒ်များကို အကောင်အထည်ဖော်ရာတွင် အငြင်းပွားမှုများဖြစ်စေနိုင်သော ရှင်းလင်းပြတ်သားမှုမရှိသည့်သဘောတူညီချက်များကို ရေးသားထားသည်။ သဘောတူညီချက်တွင် ထိရောက်သောနောက်ဆက်တွဲအာမခံချက်မရှိသည့်အပြင် ရုပ်သိမ်းရေးအစီအစဉ်နှင့် ပြန်လည်တည်ဆောက်ရေးအစီအစဉ်အတွက် အသေးစိတ်အကောင်အထည်ဖော်မှုအဆင့်များ သို့မဟုတ် ထိရောက်သောကြီးကြပ်မှုအစီအမံများလည်း ပါရှိခြင်းမရှိပေ။ ❖**

သဘောတူညီချက်တွင်ထိရောက်သောနောက်ဆက်တွဲအာမခံချက်မရှိသည့်အပြင် ရုပ်သိမ်းရေးအစီအစဉ်နှင့် ပြန်လည်တည်ဆောက်ရေးအစီအစဉ်အတွက် အသေးစိတ်အကောင်အထည်ဖော်မှုအဆင့်များ သို့မဟုတ် ထိရောက်သောကြီးကြပ်မှုအစီအမံများလည်း ပါရှိခြင်းမရှိပေ။ ပြန်လည်ရုပ်သိမ်းရေးနှင့် ပြန်လည်တည်ဆောက်ရေးတာဝန်များကဲ့သို့သော အဓိကကိစ္စရပ်များကို နှစ်ဖက်သဘောမတူပါက သဘောတူညီချက်သည် ရှေ့မတိုးသာ နောက်မဆုတ်သာအခြေအနေသို့ကျရောက်နိုင်ပြီး အပစ်အခတ်ရပ်စဲရေးကို ထိန်းသိမ်းရန်ခက်ခဲလိမ့်မည်ဖြစ်သည်။

ပဋိပက္ခများ တစ်နှစ်ကျော်ကြာပြီးနောက် သိမ်းပိုက်မှုကိုခုခံသည့် ပါလက်စတိုင်းတို့၏ စိတ်ဓာတ်များ ပိုမိုအားကောင်းလာခဲ့သည်။ လက်နက်ကိုင်တော်လှန်ရေးသည် ပါလက်စတိုင်းနှင့် အခြားအစ္စလာမ္မစ်အဖွဲ့အစည်းများ၏ သီးသန့်ရပ်တည်ချက်မဟုတ်ဘဲ ပါလက်စတိုင်းအများစု၏ တောင်းဆိုချက်တစ်ခုဖြစ်လာခဲ့သည်။ အစ္စရေး၏ နှစ်ရှည်လများသိမ်းပိုက်မှုနှင့် နယ်မြေချဲ့ထွင်မှုသည် ပါလက်စတိုင်းတို့၏ နေထိုင်မှုနေရာကို ဆက်လက်ကျုံ့သွားစေပြီး အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ကိုင်တွယ်ဖြေရှင်းရန်ပျက်ကွက်ခဲ့သည့် အခြေအနေဖြစ်သည်။ အပစ်အခတ်ရပ်စဲပြီးနောက် လူထု၏မကျေနပ်ချက်များ ဆက်လက်စုပုံလာကာ နောက်လာမည့်ပဋိပက္ခများအတွက် အလားအလာ ဖြစ်လာနိုင်သည်။

ပဋိပက္ခများသည် နိုင်ငံအတွက်သာမက အစ္စရေးပြည်သူများအတွက်ပါ လုံခြုံရေးကို သိသာထင်ရှားစွာ အားနည်းလာခဲ့သည်။ ပါလက်စတိုင်းတို့၏ တိုက်ခိုက်မှုများအတွက် စိုးရိမ်ပူပန်ရမှုများကြောင့် အစ္စရေးအများအပြားသည် ကြိုတင်ကာကွယ်မှုများနှင့် လက်တုံ့ပြန်လုပ်ဆောင်ချက်များအပါအဝင် ပိုမိုတင်းမာသော အစိုးရမူဝါဒများကို ထောက်ခံခဲ့ကြသည်။ သို့သော်လည်း ပါလက်စတိုင်း-အစ္စရေး ပဋိပက္ခ၏ မူလဇာစ်မြစ်ကို ဖြေရှင်းနိုင်ခဲ့ခြင်းမရှိပေ။ ထို့ပြင် အဆိုပါသဘောထားတင်းမာသောမူဝါဒများသည် နိုင်ငံတကာ၏ရှုတ်ချမှုကို ခံရနိုင်သည်။

အရှေ့အလယ်ပိုင်းအတွက် ဒေသတွင်းအခြေအနေများ၏ရှုပ်ထွေးမှုသည် သိသာထင်ရှားနေဆဲဖြစ်သည်။ ဒေါ်နယ်ထရန့်သမ္မတဖြစ်လာပြီးနောက် အမေရိကန်သည် ၎င်း၏ အကျိုးစီးပွားများကို လမ်းညွှန်သည့် အရှေ့အလယ်ပိုင်းမူဝါဒကို ဆက်လက်လုပ်ဆောင်ပြီး အစ္စရေးအပေါ်မျက်နှာသာပေးမှုကို တိုးမြှင့်သွားဖွယ်ရှိနေသည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ပါလက်စတိုင်းအရေးကို လျစ်လျူရှုထားခဲ့သည်။ ဤအခြေအနေမျိုးတွင် ပါလက်စတိုင်းပြည်သူများသည် ၎င်းတို့၏ အခွင့်အရေးများကို အခိုင်အမာရရှိရန်အတွက် ခုခံမှု ပြန်လည်စတင်ရန် သို့မဟုတ် ပိုမိုအစွန်းရောက်သည့်လုပ်ရပ်များကို လုပ်ဆောင်နိုင်ဖွယ်ရှိသည်။ ထို့ကြောင့် လက်ရှိပါလက်စတိုင်း-အစ္စရေး အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်၏ အနှစ်သာရသည် ပဋိပက္ခကို ယာယီရပ်ဆိုင်းခြင်းမျှသာဖြစ်သည်။ ဤသဘောတူညီချက်ကို ချမှတ်ပြီးအကောင်အထည်ဖော်သည့်လုပ်ငန်းစဉ်တွင် ပါလက်စတိုင်းပြည်သူများ၏ အချုပ်အခြာအာဏာ၊ လွတ်လပ်ရေးနှင့် ကျိုးကြောင်းဆီလျော်သည့် နေထိုင်မှုနေရာအတွက် အခြေခံတောင်းဆိုမှုများကို အပြည့်အဝထည့်သွင်းစဉ်းစားခြင်းမရှိသကဲ့သို့ ပဋိပက္ခနောက်ကွယ်ရှိ အမြစ်တွယ်နေသည့်ပြဿနာများကိုလည်း အခြေခံကျကျ ဖြေရှင်းနိုင်မည်မဟုတ်ပေ။ ပဋိပက္ခ၏ အရင်းအမြစ်များသည် ကျယ်ပြန့်ရှုပ်ထွေးပြီး ရေယှက်နေသော နယ်မြေဒေသ၊ လူမျိုးရေး၊ ဘာသာရေးတင်းမာမှုများ ပါဝင်လျက်ရှိနေသည်။ သို့ဖြစ်၍လည်း ဒေသတွင်း ထာဝရငြိမ်းချမ်းရေး ရရှိရေးသည် လွယ်ကူသောကိစ္စရပ်မဟုတ်သည်ကို တွေ့ရှိရမည်ဖြစ်သည်။

နှစ်ဖက်စလုံးသည် တန်းတူညီတူရိုးသားသော တွေ့ဆုံဆွေးနွေးမှုတွင်ပါဝင်ကာ ကျိုးကြောင်းဆီလျော်ပြီး ခိုင်မာသောလိုက်လျောမှုများပြုလုပ်ရမည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် နိုင်ငံတကာအသိုက်အဝန်းသည် တရားမျှတပြီး ဦးတည်ချက်ရှိသော ရပ်တည်ချက်တစ်ရပ်ကို လက်ကိုင်ပြုရမည်ဖြစ်သကဲ့သို့ ဖျန်ဖြေရေးနှင့်ညှိနှိုင်းရေး လုပ်ငန်းများကို တက်ကြွစွာဆောင်ရွက်ကာ နှစ်ဖက်ကြားဆက်သွယ်ရေးတံတားကို တည်ဆောက်ရမည်ဖြစ်သည်။ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို တည်ငြိမ်မှုအလေးထားခြင်းဖြင့် ပိုမိုလေးနက်သောပြဿနာများကို လျစ်လျူရှုထားပါက ပဋိပက္ခတည်ငြိမ်မှုကို ပြန်လည်ရရှိစေမည်ဖြစ်သည်။ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်၏အခန်းကဏ္ဍတွင် အပစ်အခတ်ရပ်စဲရေးကိုကန့်သတ်ထားပြီး ထာဝရငြိမ်းချမ်းရေးပန်းတိုင်သည်ရှည်လျားကာ ခက်ခဲသောခရီးတစ်ခုအဖြစ် ဆက်လက်တည်ရှိနေသည်။

အချုပ်ဆိုရလျှင် သမ္မတဂျိုးဘိုင်ဒင်အစိုးရကာလအတွင်း စတင်ခဲ့သော အစ္စရေး-ပါလက်စတိုင်းပဋိပက္ခသည် ၎င်း၏သမ္မတသက်တမ်းကုန်ဆုံးသည့်ရက်တွင် အဆုံးသတ်ခဲ့သည်ဟု ယူဆကြသည်။ အပစ်အခတ်ရပ်စဲမှုကို အီဂျစ်၊ ကာတာနှင့် ကုလသမဂ္ဂတို့က ကြီးကြပ်သည့်တိုင် အစ္စရေးတို့က ယခုနှစ် ဇန်နဝါရီလ ၂၀ ရက်တွင် ရာဖာဒေသ၌ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းသုံးဦးသေဆုံးပြီး ရစ်ဦးဒဏ်ရာရရှိခဲ့ကာ ဇန်နဝါရီ ၂၁ ရက်တွင်လည်း ဝါဖာဒေသတွင် အစ္စရေးတို့၏ ဒရုန်းဖြင့်တိုက်ခိုက်မှုရှိခဲ့ကြောင်း အယ်လ်ဂျာဇီးယားသတင်းဌာနက ဖော်ပြခဲ့ကြောင်း တွေ့ရသည်။ ထို့ပြင် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တွင် ပါဝင်သည့်အချက်များသည် ပါလက်စတိုင်းတို့နေထိုင်မှုအတွက် ပြန်လည်တည်ဆောက်ရေးအစီအစဉ်များ ပါရှိခြင်းမရှိသေးသောကြောင့် စစ်ပွဲပြီးဆုံးသည်ထိ သက်ရောက်မှုရှိရေးသည် မသေချာမရေရာရှိနေကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား**

- **Palestine – Israel ceasefire agreement: a truce but not an end to war, China Military Online, January 2025**

**နေရှား(သုတေသန)**

# အင်ပူမြို့နယ် ကံဒေါင့်ကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်နေမှုစစ်ဆေး

**အင်ပူ ဇန်နဝါရီ ၃၀**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်ပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ကံဒေါင့်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်၊ အင်ပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာများက ကံဒေါင့်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကုမ္ပဏီတာဝန်ရှိသူများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အင်ပူမြို့နယ် ကံဒေါင့်ကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် လမ်းအရှည် တစ်မိုင် ခြောက်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိကျောက်လမ်းခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၁၀၁ ဒသမ ၂ သန်းဖြင့် တင်ဒါအောင်မြင်သည့် ထက်ဝေသစ်ကုမ္ပဏီက အောက်တိုဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် အဆိုပါကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးပါက ကျေးရွာရှိ လယ်ဧကများမှ ထွက်ရှိလာမည့် ဒေသထွက်ကုန်များကို ဈေးကွက်သို့ လွယ်ကူချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်ထံမှ သိရသည်။

**သံသာ**

# သစ္စာလွန်နှောင်ကြိုး ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေးပွဲ ကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၃၀**

Cineverse Production က ရိုက်ကူးထုတ်လုပ်မည့် သစ္စာလွန်နှောင်ကြိုး ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၉ ရက်က ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတွင် ကျင်းပခဲ့ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင် ကျော်ဆုထံမှ သိရသည်။

သစ္စာလွန်နှောင်ကြိုး ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို Johnny ရေးသားထားခြင်းဖြစ်ပြီး ခေတ်ရေးညိုက ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ MAUI က Cineverse Production အတွက် တာဝန်ယူပုံဖော် ရိုက်ကူးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားက သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းကိုမှ အိမ်ထောင်ရေး ဇာတ်လမ်းလေးပါ။ ကျွန်တော့်ကို ဒီကားမှာ ဆရာဝန်တစ်ယောက်အဖြစ် မြင်တွေ့ရမှာပါ။ ကျွန်တော်က အိမ်ထောင်ရေးဇာတ်တွေရိုက်တာ ရှားပါတယ်။ အရင်က သရဖူဆိုတဲ့ ဇာတ်ကားမှာ အိမ်ထောင်သည်အနေနဲ့ ရိုက်ခဲ့ဖူးတယ်။ ဒီဇာတ်ကားက ဒုတိယမြောက်ဇာတ်ကားဖြစ်ပါတယ်။ ဒီဇာတ်ကားက လောင်နေရတဲ့ သုံးပွင့်ဆိုင်ဇာတ်တော့မဟုတ်ပါဘူး"ဟု သရုပ်ဆောင် ကျော်ဆုက ပြောပြသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ကျော်ဆု၊ ဒေါင်းဝေ၊ ရဲထွဋ်မှူးမင်းခေါင်၊ ဈာန်ထူး၊ အောင်ခန့်ကျော်၊ မင်းခန့်၊ ရဲရင့်ထွန်း၊ အေးမြတ်သူ၊ ခင်စန်းဝင်း၊ သီရိမြတ်သွယ်၊ မြတ်လဲ့လဲ့ကို၊ ခီဆာခင်၊ ဟေရတီလင်း၊ အေးရွှေရည်အောင်နှင့် အခြားသရုပ်ဆောင်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**ASH**

# ရှယ်ယောက္ခမများ ရုပ်ရှင်ဇာတ်ကား Red Carpet Show ပြုလုပ်

**ရန်ကုန် ဇန်နဝါရီ ၃၀**

ဇန်နဝါရီ ၃၁ ရက်မှ စတင်ကာ နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည့် ရှယ်ယောက္ခမများ ရုပ်ရှင်ဇာတ်ကား Red Carpet Show ကို ဇန်နဝါရီ ၂၉ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတ အဆင့်မြင့်ရုပ်ရှင်ရုံတွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ခြူးလေးထံမှ သိရသည်။

အဆိုပါ ရှယ်ယောက္ခမများ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို နတ်ရဲ(ရူပဗေဒ)က ရေးသားထားခြင်းဖြစ်ပြီး လူညိုချောက ဇာတ်ညွှန်းရေးထားကာ ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး)က အောင်သီရိ ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားမှာ ခင်ခင်ချစ်ဆိုတဲ့ စကားမပြောတတ်တဲ့ ကောင်မကလေးနေရာမှာ ခြူးလေးက သရုပ်ဆောင်ထားပါတယ်။



နားကတော့ ကြားရတယ်။ စကားပဲ မပြောတတ်တာပါ။ သိပ်ချစ်တတ်တဲ့ အချစ်ရူးမလေးပေါ့။ သူချစ်တဲ့ကောင်လေး ပြန်ချစ်ဖို့အတွက် ကြိုးစားထားရတယ်။ ယောက္ခမတွေ အကြိုက်ကိုလိုက်ပြီး လုံးရတော့တာပေါ့နော်။ ကိုယ်တိုင်လဲ တော်တော်ကြိုးစားသရုပ်ဆောင်ထားပါတယ်။ ရုံတင်ရင်လဲအားပေးကြပါအုံး"ဟု ခြူးလေးက ပြောပြသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်လွှမ်းပိုင်၊ ကျော်ထက်၊ ခင်လှိုင်၊ ဆင်မ၊ သွက်လက်၊ မို့မို့မြင့်အောင်၊ ခိုင်နှင်းဝေ၊ ခြူးလေး၊ တက္ကသိုလ်ဂွမ်းပုံ၊ ဝါဝါအောင်၊ မျိုးမျိုးခိုင်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

**ASH**

# A 24 ရုပ်ရှင်ကုမ္ပဏီ၏ Onslaught လျှို့ဝှက်သည်းဖို အက်ရှင်ဇာတ်ကား၌ မင်းသမီး ရေဘက်ကာဟော ပါဝင်မည်

**နယူးယောက် ဇန်နဝါရီ ၃၀**

A 24 ရုပ်ရှင်ကုမ္ပဏီ၏ Onslaught လျှို့ဝှက်သည်းဖိုအက်ရှင်ဇာတ်ကားကို မင်းသမီး ရေဘက်ကာဟော ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၉ ရက် သတင်းများအရ သိရသည်။



Onslaught ဇာတ်ကားတွင် ရေဘက်ကာဟောသည် ဒါရိုက်တာ အဒမ်ဝင်းဂါ့နှင့် ထပ်မံလက်တွဲဆောင်ရွက်ရမည်ဖြစ်သည်။

ဒါရိုက်တာ အဒမ်ဝင်းဂါ့နှင့် မင်းသမီး ရေဘက်ကာဟောတို့သည် Godzilla x Kong ဇာတ်ကား၌ လက်တွဲဆောင်ရွက်ခဲ့ဖူးသူများဖြစ်ကြသည်။

မင်းသမီး ရေဘက်ကာဟောသည် Onslaught ဇာတ်ကား၌ မင်းသား ဒန်းစတီဗင်၊ မင်းသမီး အက်ဒရီယာအာဂျိုနာတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

လက်ရှိအချိန်တွင် Onslaught ဇာတ်ကား၌ မင်းသမီး ရေဘက်ကာဟော ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်စရိုက်ကို မသိရသေးပေ။

ထို့ပြင် Onslaught ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကိုလည်း A 24 ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# The Entertainment System is Down ၌ မင်းသား ကွန်နာဆွင်းဒဲ ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဇန်နဝါရီ ၃၀**

The Entertainment System is Down ဇာတ်ကားတွင် မင်းသား ကွန်နာဆွင်းဒဲ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၉ ရက်သတင်းများအရ သိရသည်။

The Entertainment System is Down ဇာတ်ကားတွင် မင်းသား ကွန်နာဆွင်းဒဲသည် မင်းသား ကိန်နူးရိ၊ ဝုဒီဝီဆင်၊ မင်းသမီး ကားစတန်ဒန်တို့နှင့်အတူ သရုပ်ဆောင်မည်ဖြစ်သည်။

အဆိုပါဇာတ်ကားသည် ခရီးရှည် လေကြောင်းခရီးစဉ်တစ်ခုအတွင်း ဖျော်ဖြေရေးစနစ်ပျက်စီးမှုကြောင့်ပျင်းရိငြီးငွေ့မှု၏အကြောက်တရားနှင့် ပဋိပက္ခများကို ရင်ဆိုင်ရတော့မည့်အခြေအနေသို့ရောက်ခဲ့ရပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဟာသဇာတ်ကားဖြစ်သည်။

The Entertainment System is Down ဇာတ်ကားကို ဒါရိုက်တာ ရူဘင်အော့စလန်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

The Entertainment System is Down ဇာတ်ကားကို ယခုနှစ် မေလမှစ၍ ရက်ပေါင်း ၇၀ အတွင်း ရိုက်ကူးရန် ဒါရိုက်တာရူဘင်အော့စလန်းက စီစဉ်ထားသည်။

The Entertainment System is Down ဇာတ်ကားကို ၂၀၂၆ ခုနှစ်အတွင်း ရုံတင်ပြသရန် ထုတ်လုပ်သူများက စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# Perfect Girl စိတ္တဇလျှို့ဝှက်သည်းဖိုဇာတ်ကား၌ မင်းသမီး အဒီလိုင်းရူးဒေ့နှင့်အာဒန်ချိုတို့ ပါဝင်မည်

**နယူးယောက် ဇန်နဝါရီ ၃၀**

Perfect Girl အမည်ရှိ စိတ္တဇလျှို့ဝှက်သည်းဖိုဇာတ်ကား၌ မင်းသမီး အဒီလိုင်းရူးဒေ့နှင့် အာဒန်ချိုတို့ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၉ ရက်သတင်းများအရ သိရသည်။

Perfect Girl ဇာတ်ကားသည် တောင်ကိုရီးယား ကေပေ့ါလောကအားပြိုင်မှုများကို နောက်ခံထား၍ ရိုက်ကူးမည့် စိတ္တဇလျှို့ဝှက်သည်းဖိုဇာတ်ကားဖြစ်သည်။

၎င်းဇာတ်ကားကို တောင်ကိုရီးယား ဒါရိုက်တာ ဟောင်ဝန်ကီက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Perfect Girl ဇာတ်ကားကို အမေရိကန် အမျိုးသမီးဒါရိုက်တာ လင်းကျူယူက တာဝန်ယူရေးသားပေးထားသည်။

မင်းသမီးအဒီလိုင်းရူးဒေ့သည် New Line ရုပ်ရှင်၏ Mortal Kombat 2 ဇာတ်ကားတွင်လည်း ပါဝင်သရုပ်ဆောင်ရန် စီစဉ်ထားကြောင်း သိရသည်။

မင်းသမီး အာဒန်ချိုကမူ Net-flix ၏ Partner Track ဇာတ်ကား၊ Avatar : The Last Airbender ဇာတ်ကားများဖြင့် ထင်ရှားသူဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**





# Kawlin District cultivates over 13,000 acres of winter peanuts


A thriving winter peanut plantation.

**Kawlin January 30**

A total of 13,186 acres of peanuts were planted during the winter crops planting season in Kawlin District, Sagaing Region, according to the statistics of the Department of Agriculture for Kawlin District.

In the 2024-2025 winter crops planting season, 9,088 acres of peanuts were planned to be planted in Kawlin District, and 13,186 acres have been planted to date since October 2024.

"It is in a successful position as an oilseed crop. Peanut cultivation has increased year by year," said U Win Thein, head of the Department of Agriculture for Kawlin District.

In Kawlin District, peanut cultivation by townships was as per following: 6,138 acres in Kawlin Township, 2,378 acres in Wuntho Township, and 4,670 acres in Pinlebu Township, totaling 13,186 acres.

In Kawlin District, one acre of peanuts is planted with one and a half basket of seeds, and it is reported that it cost more than 200,000 kyats including the cost of seeds, labor costs, fertilizer and pesticide costs, and if one acre is planted, it yields more than 50 baskets. 206

# Phaungpyin Township cultivates over 5,000 acres of winter seed corn and millets

**Phaungpyin January 30**

A total of 5,411 acres of seed corn and millets were planted during the winter crops planting season in Phaungpyin Township, Mawlaik District, Sagaing Region, according to the statistics of the Department of Agriculture for Mawlaik District.

In the 2024-2025 winter crops planting season, 820 acres of seed corn and 4,635 acres of millets were planned to be planted in Phaungpyin Township. So far, 800 acres of seed corn and 4,611 acres of millets have been planted since October 2024.

"We are providing education to ensure the success of corns and to prevent the spread of pests and diseases," said Daw Kywe Kywe Hlaing, head of the Department of Agriculture for Mawlaik District.

In Phaungpyin Township, in the cultivation of seed corn and millets, more than 50 baskets of seed corn are produced per acre, and the cost of planting one acre of seed corn is 500,000 kyats. A total of 15,000 corn ears of millets are produced per acre, and the cost of planting one acre is over 500,000 kyats. 206


A corn field in Phaungpyin Township.

# Soya bean planted on more than 11,000 acres of croplands in Kalay District

**Kalay January 30**

According to the statistics from the Agriculture Department of Kalay District, Sagaing Region, a total of 11,344 acres of soya bean have already been cultivated during this year's winter crop planting season.

During the 2024-2025 winter crop cultivation season, Kalay District planned to cultivate 11,195 acres of soya bean. Planting began in October 2024, and as of today, 11,344 acres of crops have been successfully planted, exceeding the planned acreage. Of this total, 9,144 acres of soya bean were planted in Kalay Township, 258 acres in Kalewa Township, and 1,942 acres in Mingin Township.

Kalay District Agriculture Department Head, U Aung, stated: "This year, local authorities aimed to cultivate 11,195 acres of soya bean during the winter crop season in Kale District. As of today, 11,344 acres have already been planted, surpassing our target. Measures will continue to ensure there are no pest infestations, and educational campaigns are being implemented. Farmers are being advised on acquiring necessary seeds and other inputs, ensuring they are well-informed."

The planned distribution of acreage for soya bean cultivation this season was 8,979 acres in Kalay Township, 260 acres in Kalewa Township, and 1,956 acres in Mingin Township. The Kalay District Agriculture Department has been working to support farmers with high-quality seeds, proper planting techniques, pest control measures, systematic use of fertilizers, and methods to improve crop yields.

Moreover, efforts are underway to enhance the yield and quality of legume crops in this season's planting. This includes providing necessary quality seeds, strengthening input supplies, and offering post-harvest technology and knowledge through close collaboration with farmers.

206

# Gov't confirms 30 deaths in stampede in India

**New Delhi January 30**

At least 30 people were killed and 60 others injured during a stampede that took place early Wednesday at the ongoing mega Hindu festival, Maha Kumbh Mela, in India's northern state of Uttar Pradesh, officials said.

The pre-dawn stampede was triggered after a barrier broke as tens of thousands of devotees thronged the Triveni Sangam on the occasion of taking a holy dip at Prayagraj, about 196 km south of Lucknow, the capital city of Uttar Pradesh.

"About 90 people were taken to the hospital through ambulances, but unfortunately, 30 devotees have died," a senior police official Vaibhav Krishna posted in Prayagraj told media during a press briefing in the evening. "Out of 30 dead, 25 have been identified and the rest are yet to be identified."

The police official said 36 people were being treated at the local hospital.

In 2013, at least 40 pilgrims were killed in a stampede at a train station in Prayagraj during the same festival.

Xinhua

# Feature: Shattered homes, unbroken spirits: return of displaced Gazans

**Gaza January 30**

The landscape of Gaza City and the northern Gaza Strip lies in ruins, a stark reminder of the violence that has engulfed the region. For displaced Palestinians recently allowed to return, the remnants of their homes have shattered fragile hopes for a life reclaimed.

After years spent in southern Gaza, where they endured relentless Israeli bombardments even in areas designated as "safe," these returnees now sought solace in the familiar. Instead, they encountered a harsh reality that rendered their home unrecognizable.

"Even all the words in the Arabic dictionary cannot describe the horror of what we see," Mariam Abu Shahla, a resident of Tal al-Hawa in Gaza City, told Xinhua.

Upon returning, she found her neighborhood, once alive with memories after 25 years, reduced to rubble.

"The rubble swallowed everything. The homes once filled with memories are now piles of stones and silence as if the earth itself had consumed them," she said, her voice cracking with grief.

Uncertain of where to find shelter, Abu Shahla described her return as "hell."

The smell of gunpowder still hung in the air, a testament to the violence that had ravaged the area. Returnees walked through the debris, their faces etched with disbelief and pain, each step heavy with the weight of grief. The silence was punctuated only by crumbling concrete, echoing the stillness of a place that had once thrived.

Xinhua


Displaced people are seen on their way home to the north of the Gaza Strip, near al-Nuseirat refugee camp in central Gaza Strip, on Jan. 28, 2025.

# Farmers plant more than 1,000 acres of corns as cold season crops in Tamu District


A thriving corn plantation.

**Tamu January 30**

According to reports from the Tamu District Agriculture Department, a total of 1,256 acres of sweet corn have already been cultivated during this year's winter crop planting season in Tamu District, Sagaing Region.

For the 2024-2025 winter crop season, the district initially planned to cultivate 1,025 acres of sweet corn. However, as of now, 1,256 acres have been planted, surpassing the target.

U Hla Myint, District Head of the Agriculture Department, stated, "This year, the target for sweet corn cultivation in Tamu District was set 1,025 acres. As of today, 1,256 acres have been cultivated, exceeding the planned acreage. We are providing education and support to ensure the successful growth of sweet corn and to prevent pests and diseases."

By township, with regard to the completion of sweet corn cultivation, Myothit Township planted 280 acres, Tamu Township, 379 acres and Khampak 597 acres.

This totals 1,256 acres, exceeding the original plan, which allocated 250 acres for Myothit Township, 350 acres for Tamu Township, and 425 acres for Khampak, summing up to 1,025 acres.

Farmers in Tamu District who are cultivating sweet corn are being provided with training by the respective township agriculture offices. Field demonstrations are being conducted, along with proactive pest prevention measures such as the use of integrated crop protection systems. These include neem-based pesticides and other pest control techniques.

For sweet corn cultivation in Tamu District, an average yield of 15,000 ears of corn per acre is expected. The cultivation cost per acre is estimated to be over K500,000. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Ayadaw Township finishes harvesting of more than 24,000 acres of winter sesame

**Ayadaw January 30**

According to records from the Monywa District Agriculture Department, all 24,747 acres of winter sesame planted during this year's winter crop season in Ayadaw Township, Monywa District, Sagaing Region, have been fully harvested.

In Ayadaw Township, a total of 24,747 acres of winter sesame were cultivated this season. Harvesting of the sesame fields began in December 2024, and as of now, 100 per cent of the crops have been harvested, yielding an average of 18 baskets per acre.

"The winter sesame cultivation for this year in Ayadaw Township covered 24,747 acres, and we've now completed harvesting 100 per cent of the cultivated fields. Year by year, sesame cultivation has been improving, and as an oil crop, it is achieving remarkable success," said Daw San San Myint, head of the Monywa District Agriculture Department.

Officials of the Agriculture Department in Ayadaw Township has been providing support to sesame farmers by encouraging expanded cultivation, promoting improved cultivation techniques, introducing the GAP (Good Agricultural Practices) system, and guiding them to use high-quality and high-yield seeds.


Photo shows newly harvested winter sesame.

Crops cultivated under the GAP system are of higher quality compared to those grown using other methods. They fetch better market prices and have the advantage of being exportable, not only to local markets but also to international markets. As a result, farmers adopting the GAP system benefit from increased profitability and their socioeconomic conditions are expected to improve significantly.

206

# Katha Township cultivates over 9,000 acres of summer paddy

**Katha January 30**

A total of 9,895 acres of summer paddy have been planted in Katha Township, Katha District, Sagaing Region during this year's summer crops planting season, according to the statistics of the Department of Agriculture for Katha Township.

In the 2024-2025 summer crops planting season, 11,419 acres of summer paddy have been planned to be planted for Katha Township, and it has been started since January this year. To date, 9,895 acres have been planted.

"We are working to ensure that the target acres are met. We provide the farmers with agricultural technology, education on pest prevention. We ensure that crops are not damaged, and the harvested paddy arrives under shelter on time," said U Ko Lay, head of the Department of Agriculture for Katha Township.

In Katha Township, farmers growing summer paddy are being provided with good and clean seeds, technical brochures, farmer education courses and seminars to improve per-acre yield and achieve target yields. 206


A vast stretch of summer paddy field.

# Sagaing Township plants over 3,000 acres of winter lablab beans

**Sagaing January 30**

A total of 3524 acres of lablab beans have been planted in Sagaing Township, Sagaing District, Sagaing Region, during this year's winter crops planting season, according to the statistics of the Department of Agriculture for Sagaing Township.

In the 2024-2025 winter crops planting season, 3,530 acres of lablab beans have been planned for planting in Sagaing Township, and it has planted since October 2024. To date 3,524 acres have been planted.

"We are working with the bean growers to provide them with good quality seeds, inputs, and post-harvest technology to improve the yield and quality of lablab beans," said U Myo Thant Aung, head of Department of Agriculture for Sagaing Township.

The Township Agriculture Department is providing awareness-raising activities to the bean growers in Sagaing Township to expand their acreages for lablab bean cultivation, improve yields, cultivate good varieties using the GAP system, to plant good and pure varieties, and to grow high-yielding varieties.

206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အီရန်နိုင်ငံက Razavi Khorasan ပြည်နယ်တွင် အကြီးစားစစ်ရေးလေ့ကျင့်မှုတစ်ရပ် ပြုလုပ်ခဲ့



အီရန်နိုင်ငံသည် Razavi Khorasan ပြည်နယ် Torbat-e Jam ဒေသတွင် အကြီးစား စစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို ပြုလုပ်ခဲ့ကြောင်း Army Recognition သတင်းဌာနက ဇန်နဝါရီ ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုတွင် လက်နက်စနစ်မျိုးစုံနှင့် စစ်ဆင်ရေးနည်းဗျူဟာအမျိုးမျိုး ဆောင်ရွက်ခဲ့ကြသည်။ ထုတ်ဖော်ပြသခဲ့သည့် လက်နက်စနစ်များထဲတွင် ဂျာမနီနိုင်ငံထုတ် Rheinmetall Skynex ပုံစံတူတန်ပြန်ဒရုန်းရန်ကာကွယ်ရေး၊ လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်တစ်မျိုးပါဝင်လာသည်။ ထို့ပြင် စနစ်၏ Turret ဒီဇိုင်းသည် Soleimani 402 တင့်ကား၏ဆိုလည်းမျိုး အသုံးပြုထားသည်။

အီတလီအခြေစိုက် ဂျာမနီကုမ္ပဏီ Rheinmetall Italy က ထုတ်လုပ်သော မူရင်း Rheinmetall Skynex လေကြောင်းရန်ကာကွယ်ရေးစနစ်သည် ဖြုတ်လွယ် တပ်လွယ် ဖွဲ့စည်းအသုံးပြုနိုင်သော တာတိုပစ် လေကြောင်းရန်ကာကွယ်ရေးစနစ် (SHORAD) ဖြစ်သည်။ ၎င်းတွင် အဆင့်မြင့်လေကွဲကျည်သုံး 35mm Oerlikon Revolver Gun Mk3 လေယာဉ်ပစ်အမြောက်နှင့် စွမ်းအင်မြင့်လေဆာလက်နက်စနစ်တို့ကဲ့သို့ ကြားဖြတ်တိုက်ခိုက်ရေးလက်နက်များအပါအဝင် လေပိုင်နက်စောင့်ကြည့်နိုင်မည့် အာရုံခံကိရိယာများ ပါဝင်ဖွဲ့စည်းထားသည်။ Skynex စနစ်သည် Rheinmetall Italy ကုမ္ပဏီထုတ် MANTIS၊ Skyshield နှင့် Skyranger 35 လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်များနှင့် တစ်ပုံစံတည်းနီးပါးဖြစ်ပြီး ၎င်းတို့အားလုံးသည် ဒရုန်းများ၊ ဒုံးကျည်များနှင့် လေယာဉ်များကို တန်ပြန်တိုက်ခိုက်ရန်အတွက် ၃၅ မီလီမီတာ လေယာဉ်ပစ် အမြောက်များကို အသုံးပြုထားကြောင်း သိရသည်။

အီရန်တပ်မတော် ကြည်းတပ် (NEZAJA)သည် တိုက်ပွဲဝင်အသင့် အကဲဖြတ်ဆန်းစစ်ရန် နှစ်ရက်ကြာ စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။ အဆိုပါ စစ်ရေးလေ့ကျင့်မှုတွင် အမြောက်၊ သံချပ်ကာ၊ လေကြောင်းချီတပ်ဖွဲ့များ၊ ဒရုန်းများ၊ အီလက်ထရွန်နစ်စစ်ဆင်ရေးနှင့် ဒုံးကျည်တပ်ဖွဲ့များ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ပထမအဆင့်တွင် အလျင်အမြန် တုံ့ပြန်ရေးတပ်ဖွဲ့များသည် အကြမ်းဖက်ခေါင်းဆောင်များအဖြစ် သတ်မှတ်ထားသူများကို အီရန်နိုင်ငံတွင်းသို့ မဝင်ရောက်မီ ပစ်မှတ်ထား တိုက်ခိုက်ချေမှုန်းသည့် စစ်ရေးလေ့ကျင့်မှုပုံစံမျိုး ပြုလုပ်ဆောင်ရွက်ခဲ့ကြသည်။

ဤအဆင့်တွင် ဒရုန်းများ၊ ဒုံးကျည်များ၊ ဗုံးများ၊ ရဟတ်ယာဉ်များနှင့် သံချပ်ကာယာဉ်များကို အသုံးပြုခဲ့ကြသည်။ လေ့ကျင့်မှုများသည် အစဉ်အလာအားဖြင့် ခံစစ်အခြေအနေများမှ တန်ပြန်တိုက်စစ်ကို ဆောင်ရွက်မည့် တိုက်ပွဲလုပ်ငန်းစနစ်များအတိုင်း ပေါင်းစပ်လေ့ကျင့်ခဲ့ကြခြင်းဖြစ်သည်။

စမ်းသပ်ခဲ့သည့် လက်နက်စနစ်များတွင် အဓိကအားဖြင့် Ababil-5 မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်နှင့် အသစ်ထပ်မံထုတ်လုပ်ထားသော Ababil-3N နှင့် Ababil-4 မျိုးကွဲများကဲ့သို့ မောင်းသူမဲ့လေယာဉ်များ(UAV) ပါဝင်သည်။ ရေတပ်အခန်းကဏ္ဍတွင် Zoobin ဟုလည်း ခေါ်ဝေါ်လေ့ရှိကြသော အသေခံတိုက်ခိုက်ရေးဒရုန်းများ အပါအဝင် Loitering Munition အများအပြား ဖြန့်ကြက်လေ့ကျင့်ဆောင်ရွက်ခဲ့ကြသည်။ တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်များတွင် Aras-2 နည်းဗျူဟာမြောက် ယာဉ်များပေါ်၌ တပ်ဆင်ထားသော ရေဒါတပ်ဖွဲ့များနှင့် အနီးကပ် လေကြောင်းရန်ကာကွယ်ရေးအတွက် Akhgar mini Guns တပ်ဆင်ထားသော အဝေးထိန်းတိုက်ပွဲဝင်နိုင်သည့် လက်နက်များပါဝင်သည်။

ထို့ပြင် ဒုံးကျည်စွမ်းရည်များလည်း အကဲဖြတ် ဆန်းစစ်ခဲ့ကြပြီး Fath-360 တာတိုပစ်ပဲ့ထိန်းဒုံးကျည် (SRBM) ကို အမှတ်(၈၄၀) ဒုံးကျည်တပ်ရင်းကြီးက တိုက်ပွဲဝင်အသင့် စမ်းသပ်မှုများ သရုပ်ပြသခဲ့ကြောင်း သိရသည်။

Iran tests new German Skynex-inspired short-range air defense system in large-scale military drills ကို ဘာသာပြန်ဆိုထားပါသည်။

## အစ္စရေးနိုင်ငံ Smartshooter ကုမ္ပဏီက ချေမှုန်းရေးရိုင်ဖယ်သုံး တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ် ထုတ်ဖော်ပြသ

အစ္စရေးနိုင်ငံ Smartshooter ကုမ္ပဏီသည် သယ်ဆောင်ရလွယ်ကူသော ချေမှုန်းရေးရိုင်ဖယ်သုံး တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်ကို ထုတ်ဖော်ပြသခဲ့ကြောင်း The Defense Post သတင်းဌာနက ဇန်နဝါရီ ၂၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါရိုင်ဖယ်ကို Smash Dome လက်နက်စနစ်ရှိ Smash Hopper အဝေးထိန်းလက်နက်ခန်းမှတစ်ဆင့် ထိန်းချုပ်လုပ်ဆောင်ထားသည်။ ပစ်မှတ်ကိုတိုက်ခိုက်ရာတွင် ပိုမိုတိကျစေရန်အတွက် အဝေးထိန်းလက်နက်ခန်းတွင် ကျည်လှုပ်ရှားမှုသိပ္ပံအတိုင်း တွက်ချက်လုပ်ဆောင်နိုင်သော ပစ်ခတ်မှုထိန်းကျောင်းရေးစနစ်ကို အသုံးပြုထားသည်။

အလိုအလျောက်ပစ်မှတ်ကို ထောက်လှမ်းခြင်း၊ ခြေရာခံခြင်း၊ အချိန်နှင့်တစ်ပြေးညီတွက်ချက်၍ တိုက်ပွဲဝင်နိုင်ရန် အမိန့်ပေးထိန်းချုပ်မှုစနစ်နှင့် ပေါင်းစပ်လုပ်ဆောင်နိုင်မည်ဖြစ်သည်။ Smash Hopper အဝေးထိန်းလက်နက်ခန်းသည် ဒရုန်းအမျိုးမျိုးကို တိုက်ခိုက်ဖျက်ဆီးနိုင်ရန် အရွှေ့စွမ်းအင်သုံး ကြားဖြတ်တိုက်ခိုက်ရေးစနစ်များအဖြစ် အခြားလက်နက်ခဲယမ်းများလည်း တပ်ဆင်ပစ်လွှတ်နိုင်ပြီး အဆိုပါ အပေါ့စားအဝေးထိန်းလက်နက်ခန်းကိုမောင်းသူမဲ့-မောင်းသူပါ မြေပြင်သွားယာဉ်များပေါ်တွင် တင်ဆောင်အသုံးပြုနိုင်သကဲ့သို့ မြေပြင်အခြေစိုက်စနစ်အဖြစ်လည်း တပ်ဖြန့်အသုံးပြုနိုင်မည်ဖြစ်သည်။

Smash Dome စနစ်သည် ပစ်မှတ်ထောက်လှမ်းခြင်း၊ အမျိုးအစားခွဲခြားခြင်းနှင့် ခြေရာခံထိန်းကျောင်းခြင်းတို့အတွက် ရေဒီယိုကြိမ်နှုန်းများ ထောက်လှမ်းနိုင်သည့် ရေဒါနှင့် လျှို့ဝှက်ထုတ်လွှင့်မှုမရှိဘဲ ထောက်လှမ်းနိုင်မည့် Passive Optical Detection စနစ်များကို ပေါင်းစပ်ပေးထားသည်။ ပစ်မှတ်တစ်ခုကိုတွေ့ရှိသောအခါ အာရုံခံကိရိယာများသည် အချိန်နှင့်တစ်ပြေးညီစောင့်ကြည့်ခြင်းနှင့် ကြားဖြတ်ပစ်ချနိုင်ရန် တိုက်ပွဲဝင်အသင့်ဖြစ်စေရေးအတွက် Smash Dome စနစ်၏ ပင်မခြေရာခံထိန်းကျောင်းရေးစနစ်သို့ ပစ်မှတ်ဆိုင်ရာအချက်အလက်များပေးပို့သွားမည်ဖြစ်သည်။ အဆိုပါစနစ်၏ ပစ်မှတ်ထောက်လှမ်းနိုင်မှု အကွာအဝေးသည် နှစ်ကီလိုမီတာဖြစ်သည်။

ကမ္ဘာကြီးသည် အရေးကြီးနေရာများအပေါ် နှောင့်ယှက်၊ အန္တရာယ်ဖြစ်စေနိုင်သော ဒရုန်းများ၏ စိန်ခေါ်မှုများဖြင့် ရင်ဆိုင်နေရကြောင်း Smartshooter ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် Michal Mor က ပြောကြားထားသည်။



Smash နည်းပညာဖြင့် တီထွင်ဖန်တီးထားသော Smash Dome တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်သည် ဒရုန်းခြိမ်းခြောက်မှုများကို တန်ပြန်တိုက်ခိုက်ရန် ကုန်ကျစရိတ်သက်သာပြီးလွယ်ကူအဆင်ပြေမည့် ဖြေရှင်းချက်နည်းလမ်းတစ်ရပ်ကို ပံ့ပိုးပေးနိုင်လိမ့်မည်ဖြစ်သည်။ လက်ရှိ ကွပ်ကဲထိန်းချုပ်မှုစနစ်များနှင့် အဆင်ပြေစွာ ပေါင်းစည်းအသုံးပြုနိုင်ပြီး စနစ်အနေဖြင့် သီးခြားကာကွယ်ရေးအတွက်ဖြစ်စေ၊ Soft-Kill နည်းလမ်းသုံး Passive C-UAS တန်ပြန်ဒရုန်းရန် ကာကွယ်တိုက်ဖျက်ရေးစနစ်များအတွက် မရှိမဖြစ်လိုအပ်သော Hard-Kill နည်းလမ်းတစ်ရပ်ဖြစ်စေ တိုက်ပွဲဝင်ဖြန့်ကြက် အသုံးပြုနိုင်စေမည်ဖြစ်ကြောင်း သိရသည်။

ဤလက်နက်စနစ်သည် ဒရုန်းများ၏ ခြိမ်းခြောက်မှုများကို ကာကွယ်ရန် ထိရောက်သော နည်းလမ်းတစ်ခုဖြစ်ပြီး စစ်ရေးနှင့် လုံခြုံရေးဆိုင်ရာလိုအပ်ချက်များအတွက် အထူးသင့်တော်မည်ဖြစ်သည်။ နည်းပညာမြင့်မားပြီး လက်တွေ့အသုံးချမှုတွင် ထိရောက်မှုရှိသောစနစ်ဖြစ်သည့်အားလျော်စွာ အနာဂတ်တွင် ပိုမိုကျယ်ပြန့်စွာ အသုံးပြုလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

Israeli Firm Unveils Portable Counter Drone Solution With Assault Rifle ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# အရာတော်မြို့နယ်တွင် မိုးသီးနှံပဲစင်းငုံ ဧက ၉၅၄၀ ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၄ ဒသမ ၂၃ တင်းထွက်ရှိ



**မုံရွာ ဇန်နဝါရီ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲစင်းငုံဧက ၉၅၄၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံဧက ၂၅၄၁၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပဲစင်းငုံစိုက်ခင်းများကို ၂၀၂၄ခုနှစ် ဒီဇင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ဧက ၉၅၄၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၄ ဒသမ ၂၃ တင်း ထွက်ရှိကြောင်း သိရသည်။

"မိုးသီးနှံ စိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ ပဲစင်းငုံ ဧက ၂၅၄၁၀ ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲစင်းငုံစိုက်ခင်းတွေ လက်ရှိမှာတော့ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက၉၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် ပဲစင်းငုံစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းရေး၊ အထွက်နှုန်း ကောင်းမွန်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံများကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ထုတ်လုပ်မှုနှင့်ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါကကုန်ဈေးနှုန်း တည်ငြိမ်၍ လူမှုစီးပွား ဘဝများလည်း မြင့်မား တိုးတက်လာမည်ဖြစ်သဖြင့် ပဲစင်းငုံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဓနုဖြူမြို့နယ်မှ ကွမ်းရွက်များ အရောင်းအဝယ်ကောင်းမွန်နေ

**ဓနုဖြူ ဇန်နဝါရီ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ကွမ်းရွက်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဓနုဖြူမြို့နယ် ကွမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်တွင် ကွမ်းရွက်များကို ၂၀၂၅ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်မှ ယနေ့ထိ ဝယ်ယူမှုအားကောင်းလာသဖြင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသထွက်ကွမ်းရွက်များ တစ်ရက်လျှင်ပိဿာချိန် ၁၀၀၀ ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"ဓနုဖြူမြို့နယ်ထွက် ကွမ်းရွက်တွေက ဒေသတွင်းမှာကို အရောင်းအဝယ် ကောင်းနေတာပါ။ လက်ရှိကွမ်းရွက်တစ်ပိဿာ လျှင်ငွေကျပ် ၁၈၀၀၀ထိ ပေါက်ဈေးရှိပါတယ်။ ဓနုဖြူမြို့နယ်ထွက်ကွမ်းရွက်တွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေက ဝယ်ယူမှုများနေလို့ အရောင်းအဝယ် ကောင်းနေတာပါ။ ကွမ်းရွက် အရောင်းအဝယ်သမားတွေက ဒေသထွက် ကွမ်းရွက်တွေကို မှာယူတဲ့ဒေသထိ ပို့ပေးတာပါ။ ဒေသထွက် ကွမ်းရွက်တွေကို အရောင်းအဝယ် လုပ်ရတော့ အခက်အခဲမရှိပါဘူး"ဟု ဓနုဖြူမြို့နယ် ကွမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်ဒေါ်သူဇာက ပြောပြသည်။



ဓနုဖြူမြို့နယ်တွင် ကွမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ကွမ်းရွက်များကို အခြားဒေသများသို့ စနစ်တကျ ထုတ်ပိုးတင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ကွမ်းရွက်များအရောင်းအဝယ် ကောင်းမွန်လာသည့်အတွက် စိုက်ပျိုးရေး လုပ်ငန်းရှင်များ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ လုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# သာပေါင်းမြို့နယ် လယ်တီချောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာပေါင်း ဇန်နဝါရီ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လယ်တီချောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၉ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာပေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်က ကျေးရွာရှိ ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများ၊မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး လယ်တီချောင်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၃၉၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်နှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ လယ်တီချောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၇ ဦးကိုရန်ပုံငွေကျပ် ၂၇၆ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၅၉ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၅၅ သိန်း စုစုပေါင်းအသင်းသား၊အသင်းသူ ၆၉ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၃၉၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နွဲ့ယဉ်


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၀-၁-၂၀၂၅

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၉၈၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၆၃၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၉၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၂၄၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၁၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၅၀၀ |
| ကြံ့နစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၇၀၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်ရေးရှေးရှုပြီး ဆောင်ရွက်ဆဲလုပ်ငန်းများ အမြန်ပြီးပြတ်ပြီး လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားအမြန်ထုတ်လုပ်နိုင်ရေး အလေးထားကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၀**

တည်ဆောက်ဆဲနေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေး ခန်းမ၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ လျှပ်စစ်နှင့်စွမ်းအင် ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယ ဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် နိုင်ငံခြားသုံးငွေကြီးကြပ် မှုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးညိုစော၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီး အကဲများနှင့် တာဝန်ရှိသူများ၊ တည်ဆောက် ဆဲနေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေး စက်ရုံစီမံကိန်းအကောင်အထည်ဖော်ဆောင် ရွက်နေသည့်ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက အဖွင့်အမှာ စကားပြောကြားရာတွင် လျှပ်စစ်နှင့်စွမ်းအင် ဖွံ့ဖြိုးရေးကော်မရှင်သည် ပြည်သူတို့၏ နေ့စဉ်လူနေမှုဘဝတိုးတက်မြင့်မားရေးနှင့် ပြည်တွင်း၊ပြည်ပရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက် လာခြင်းဖြင့်အခြေခံအဆောက်အအုံ(Infras tructure) လိုအပ်ချက်ကို ဖြည့်ဆည်း တည်ဆောက်နိုင်ပြီး လျှပ်စစ်နှင့်စွမ်းအင်



ကဏ္ဍနှစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစား ပေးဆောင်ရွက်နိုင်စေရေး ရည်ရွယ်ဖွဲ့စည်း ထားခြင်းဖြစ်ကြောင်း။

လက်ရှိနိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအပိုင်းတွင် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ ၂၈ ရုံ၊ အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ ၂၇ ရုံ၊ နေရောင်ခြည် စွမ်းအင်သုံးဓာတ်အားပေးစက်ရုံ ရှစ်ရုံ စုစု ပေါင်းတပ်ဆင်အင်အား ၆၃၇၁ မဂ္ဂါဝပ်ရှိပါ ကြောင်း၊ အဆိုပါရေအားလျှပ်စစ်နှင့် အပူ စွမ်းအင်သုံးဓာတ်အားပေးစက်ရုံများမှ အချို့ ဓာတ်အားပေးစက်ရုံ ၁၂ ရုံသည် ဓာတ်အား လိုင်းများဖျက်ဆီးခံရခြင်းနှင့် သဘာဝဘေး ဒဏ်ကြောင့် ပျက်စီးခြင်းစသည်တို့ကြောင့် လက်ရှိတွင် ဓာတ်အားထုတ်လုပ်မှုကျဆင်း လျက်ရှိနေပါကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက် ပမာဏ ပိုမိုမြင့်မားလျက်ရှိနေပါကြောင်း၊ ပြည့်ဖြိုးမြဲစွမ်းအင် Renewable Energy– RE ဖြင့်လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းစီမံကိန်း များကို အမြန်အကောင်အထည်ဖော်ဆောင် ရွက်သွားကြရမည်ဖြစ်ပါကြောင်း အထက် အကြီးအကဲကလည်း Renewable Energy– REကိုအလေးထားအကောင်အထည်ဖော်ရန် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း။

တည်ဆောက်ဆဲနေရောင်ခြည်စွမ်းအင် သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းများအနေ ဖြင့် ပြည်ထောင်စုနယ်မြေနေပြည်တော်တွင် လေးခု၊ မန္တလေးတိုင်းဒေသကြီးတွင် သုံးခု၊ ပဲခူးတိုင်းဒေသကြီးတွင် တစ်ခု၊ ရှမ်းပြည်နယ် တွင် တစ်ခု စုစုပေါင်း တပ်ဆင်အင်အား မဂ္ဂါဝပ် ၅၃၀ ရှိပါကြောင်း၊ ဆောက်ရွက်ဆဲ Hybrid(Gas Engine+Solar) စီမံကိန်းများ အနေဖြင့် မန္တလေးတိုင်းဒေသကြီးတွင် တစ်ခုနှင့် မကွေးတိုင်းဒေသကြီးတွင် တစ်ခု၊ စုစုပေါင်းတပ်ဆင်အင်အား ၄၉၆ မဂ္ဂါဝပ် ရှိပါကြောင်း၊ တည်ဆောက်ဆဲဆိုလာနှင့် Hybrid စီမံကိန်းများ၏ စုစုပေါင်းတပ်ဆင် အင်အားအနေဖြင့် ၁၀၂၆ မဂ္ဂါဝပ်ရှိပါ ကြောင်း၊ယခုတည်ဆောက်ဆဲနေရောင်ခြည် စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း များနှင့် Hybrid(Gas Engine+Solar)စီမံကိန်း များ၏ မြေပြင်လုပ်ငန်းတိုးတက်မှုရှိစေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ဆိုလာစီမံကိန်းများ အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသည့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများအနေဖြင့် ယခု အစည်းအဝေးတွင် မိမိတို့၏လုပ်ငန်းများ အကောင်အထည်ဖော်မှုကြုံတွေ့နေရသည့် အခက်အခဲများနှင့် စီမံကိန်းလုပ်ငန်းများ နှောင့်နှေးကြန့်ကြာနေရသည့်အကြောင်းရင်း များကို ကုမ္ပဏီတစ်ခုချင်းစီအလိုက် ရှင်းလင်း တင်ပြပေးစေလိုပါကြောင်း၊ ကုမ္ပဏီတစ်ခု ချင်းစီ၏ နေရောင်ခြည်စွမ်းအင်သုံးဓာတ် အားပေးစက်ရုံစီမံကိန်းများ အကောင် အထည်ဖော်ရာတွင် အမှန်တကယ်ကြုံတွေ့ နေရသည့် အခက်အခဲများ၊ အကြောင်းရင်း များ၊ အခြေအနေများကို သိရှိပြီးမှသာ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများ နှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဝိုင်းဝန်းအဖြေရှာသွား နိုင်မည်ဖြစ်ပါကြောင်း၊ ကုမ္ပဏီများ၏ တင်ပြချက်များအပေါ် ဆက်စပ်ဝန်ကြီးဌာန များကလည်း ဖြေရှင်းနိုင်မည့်နည်းလမ်းများ ကို အကြံပြုသုံးသပ်တင်ပြပေးစေလိုပါ ကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍အစည်းအဝေးတက်ရောက် လာသော တည်ဆောက်ဆဲနေရောင်ခြည် စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက မိမိတို့ ဆောင်ရွက်နေသည့် စီမံကိန်းများအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့် ဆက်လက်ဆောင်ရွက် သွားမည့်အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် နိုင်ငံခြားသုံးငွေကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးညိုစော၊ကော်မရှင် ဒုတိယဥက္ကဋ္ဌ(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ ဒုတိယ ဝန်ကြီးများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ က ကုမ္ပဏီများ၏ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေး ကော်မရှင်ဥက္ကဋ္ဌက လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုး ရေးကော်မရှင်အနေဖြင့် ယနေ့ပြုလုပ်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှရရှိလာသည့် အခြေအနေအားလုံးအပေါ်သုံးသပ်ပြီး အကြံ ပြုချက်များ၊ ဆွေးနွေးချက်များနှင့် ရှေ့ဆက် ဆောင်ရွက်မည့်အခြေအနေများကို အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရေးသက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း၊ နိုင်ငံတော်၏လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်ရေး ရှေးရှုပြီး ကုမ္ပဏီများအနေဖြင့်လည်း ဆောင် ရွက်ဆဲလုပ်ငန်းများအမြန်ပြီးပြတ်ပြီး လိုအပ် လျက်ရှိသော လျှပ်စစ်ဓာတ်အားအမြန် ထုတ်လုပ်နိုင်ရေး အလေးထားကြိုးပမ်း ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားခဲ့ ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ အာရခန်ဂလစ်မြို့၌ဆောင်ရွက်သည့် လုံခြုံစိတ်ချရသော အာတိတ်ဒေသလေ့ကျင့်ခန်းအစီအစဉ် ၂၀၂၅ သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တက်ရောက်






**နေပြည်တော် ဇန်နဝါရီ ၂၀**

လုံခြုံစိတ်ချရသော အာတိတ်ဒေသ လေ့ကျင့်ခန်းအစီအစဉ်၂၀၂၅ သို့တက်ရောက် ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အာရခန်ဂလစ် မြို့၌ရောက်ရှိနေသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ဇန်နဝါရီ ၂၉ ရက် နံနက်ပိုင်းတွင် ရုရှားမျိုးချစ်သူရဲကောင်းများ ဗိမာန်၌ကျင်းပသော အမှတ်တရအခမ်း အနားသို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ ရုရှားဖက်ဒရေး ရှင်းနိုင်ငံ ပြည်သူ့ကာကွယ်ရေး၊ အရေးပေါ် အခြေအနေနှင့် သဘာဝဘေးစီမံခန့်ခွဲရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အာရခန်ဂလစ် မြို့ မြို့တော်ဝန်၊ ဘယ်လာရုစ်နိုင်ငံ၊ တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အီရန်နိုင်ငံ၊ ဆော်ဒီအာရေဗျနိုင်ငံ၊ ဗီယက်နမ် နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၂၅ နိုင်ငံမှ သဘာဝဘေးနှင့် အရေးပေါ်အခြေအနေစီမံ ခန့်ခွဲမှုဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး သည် နိုင်ငံအသီးသီးမှ တက်ရောက်သူများ နှင့်အတူ တစ်မိနစ်ငြိမ်သက်အသိအမှတ်ပြု၍ အမှတ်တရပန်းစည်းချခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး သည် အာရခန်ဂလစ်မြို့ မြောက်ဒီဗီနာမြစ် ကမ်းပါးရှိ ဇာတ်တိုက်လေ့ကျင့်ခန်းပြုလုပ် မည့်နေရာသို့ သွားရောက်ကာ ရေခဲပြင်ရှာ ဖွေကယ်ဆယ်ရေးသုံးခေတ်မီယာဉ်ယန္တရား များအသုံးပြုကူညီကယ်ဆယ်မှု၊ ရေခဲပြင် ပေါ်၌ သဘာဝဘေးအန္တရာယ်ကြုံတွေ့ရသူ များယာယီနားခိုရန်နှင့် စောင့်ရှောက်မှုပေး ရန် ဆောင်ရွက်ထားရှိမှုများကို လေ့လာ ကြည့်ရှုပြီး သိရှိလိုသည်များကို မေးမြန်း ဆွေးနွေးခဲ့သည်။

ထို့နောက် ရေခဲပြင်အတွင်းပိတ်မိနေ သည့် အပြည်ပြည်ဆိုင်ရာရေကြောင်းသွား သင်္ဘောတစ်စီးပေါ်ရှိအန္တရာယ်ကြုံတွေ့ရသူ များကို ဘေးအန္တရာယ်ရှာဖွေကယ်ဆယ်ကူညီ ရေးအဖွဲ့များက မောင်းသူမဲ့လေယာဉ်၊ ရေခဲ ပြင်သွားရုပ်ပြေးယာဉ်၊ ရဟတ်ယာဉ်၊ ရေခဲပြင် သွားလူနာတင်ယာဉ်များအသုံးပြု၍ ရှာဖွေ ကယ်ဆယ်ခြင်းနှင့် လိုအပ်သည့်ထောက်ပံ့ ကူညီမှုများဆောင်ရွက်ခြင်းတို့ကို ရုရှားနိုင်ငံ နှင့် မိတ်ဆွေနိုင်ငံများမှ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး ဇာတ်တိုက် လေ့ကျင့်ဆောင်ရွက်မှုကို ကြည့်ရှုအားပေး ခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပြည်သူ့ကာကွယ် ရေး၊ အရေးပေါ်အခြေအနေနှင့် သဘာဝဘေး စီမံခန့်ခွဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပြည်သူ့ကာကွယ်ရေး၊အရေးပေါ်အခြေအနေ နှင့် သဘာဝဘေးစီမံခန့်ခွဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဘေးအန္တရာယ်စီမံခန့်ခွဲ ရေးလုပ်ငန်းများတွင် နှစ်နိုင်ငံဆက်လက် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံ များတွင် ရေခဲတောင်များရှိသည့် တစ်ခုတည်း သောနိုင်ငံဖြစ်ကြောင်း၊ရေခဲတောင်ဒေသတွင် သဘာဝဘေးအန္တရာယ်ကျရောက်ပါက ကူညီ ကယ်ဆယ်ပံ့ပိုးရန် ကန့်သတ်ချက်များရှိနေ သော်လည်း ယခုဇာတ်တိုက်လေ့ကျင့်မှုမှ အတွေ့အကြုံကောင်းများစွာလေ့လာခွင့်ရရှိ ကြောင်း၊ သဘာဝဘေးကူညီမှုဆိုင်ရာ ဆက်စပ်လုပ်ငန်းကဏ္ဍများတွင် လိုအပ် သလို ဆက်လက်ပူးပေါင်းဆောင်ရွက်သွား မည်ဖြစ်ကြောင်းဖြင့် ပြောကြားကာ ဇာတ်တိုက်လေ့ကျင့်မှုနှင့်စပ်လျဉ်း၍ အကြံ ပြုမေးမြန်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က လျှပ်စစ်သုံးယာဉ်အမျိုးမျိုး တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများအပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၄ ခုကို ခွင့်ပြု

**နေပြည်တော် ဇန်နဝါရီ ၃၀**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁/၂၀၂၅)ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ဆောင်ရွက်ဆဲလက်ရှိရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် ဝန်ဆောင်မှုကဏ္ဍမှ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်တစ်ခုနှင့်စက်မှုကဏ္ဍ၊ဟိုတယ်နှင့်ခရီးသွားကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍတို့မှ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၃ ခုတို့ကို ခွင့်ပြုပေးခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၈၄ သန်းနှင့် ငွေကျပ် ၃၄၅၈၆၃ ဒသမ ၀၄၃ သန်းဖြစ်ပြီး လူဦးရေ ၁၅၄၄ ဦးကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယခုအစည်းအဝေးက ခွင့်ပြုပေးသည့်လုပ်ငန်းများတွင် လျှပ်စစ်သုံးယာဉ်အမျိုးမျိုးတပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်းများ၊စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းနှင့် နိုင်ငံတကာအဆင့်မီ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းတို့လည်းပါရှိသည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာလကုန်ထိ မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ၊ဒေသပေါင်း ၅၃ ခုအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သောနိုင်ငံ၊ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။

စီးပွားရေးကဏ္ဍ ၁၂ ရပ်အနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ စွမ်းအင်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၃၂ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၆၇ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၄၃ ရာခိုင်နှုန်းဖြင့်လည်းကောင်း အသီးသီး ရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများကတင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များကို စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ရွာသစ်-အောင်မြင်ကုန်း ပေ ၁၅၀ သံကူကွန်ကရစ်တံတားဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃၀**

၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သော ရွာသစ်ကျေးရွာနှင့် အောင်မြင်ကုန်းကျေးရွာချင်းဆက် ပေ ၁၅၀ သံကူကွန်ကရစ်တံတားဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သော "ရွာသစ်-အောင်မြင်ကုန်းကွန်ကရစ်တံတား" သည် လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာမှ အိမ်ခြေ ၁၆၇၉ အိမ်၊ လူဦးရေ ၇၃၅၇ ဦးတို့ကို အကျိုးပြုစေမည်ဖြစ်ပြီး ကျေးရွာနေပြည်သူများ၏ စိုက်ပျိုးမြေ စုစုပေါင်း ၂၆၄၉ ဧကမှထွက်ရှိသော စပါး၊ နှမ်း၊ မြေပဲ၊ ပဲမျိုးစုံ၊ ကြံစသည့် သီးနှံထွက်ကုန်များကိုဈေးကွက်သို့ အချိန်တိုအတွင်းကုန်ကျစရိတ်သက်သာစွာ ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ကျေးရွာသူ၊ကျေးရွာသားများနှင့် တာဝန်ရှိသူများအနေဖြင့် တံတားရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြစေလိုကြောင်း ဖြင့် ပြောကြားသည်။



ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်ကောင်စီနယ်မြေအတွင်းဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးရေး အထောက်အကူပြုလမ်း၊ တံတားလုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ တံတားဖွင့်ပွဲအထိမ်းအမှတ်ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့်ပက်ဖျန်းပေးကြပြီး တံတားသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကာ ကျေးရွာသူ၊ကျေးရွာသားများ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဖွင့်ပွဲအပြီးတွင်လယ်ဝေးမြို့နယ် တလုပ်ပင်ကျေးရွာရှိ တို့မြန်မာအထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းလီမိတက်၏ ရှေ့ပြေးစီမံကိန်းအဖြစ် တစ်နှစ်လျှင် နွားအကောင်ရေ ၅၀၀၊ ငါးနှစ်လျှင်အကောင်ရေ ၂၀၀၀ ထိ လုပ်ငန်းတိုးချဲ့ဆောင်ရွက်သွားမည့် အသားတိုးနွားမွေးမြူရေးစီမံကိန်းအတွက် အဆောက်အအုံဆောက်လုပ်နေမှုကိုလည်းကောင်း၊ ရုံးတောကျေးရွာရှိ ရွှေဝါထွန်း(၂) စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း၏ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးထားသော ပန်းဂေါ်ဖီစိမ်း သုံးဧက စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ ပျဉ်းမနားမြို့နယ် သူဌေးကုန်းကျေးရွာရှိ မြို့နယ်သမဝါယမအသင်းစု၏ ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံ၌ အိန္ဒိယနေကြာဆူရာကီရန်(Suryakiran) မျိုးစိုက်ပျိုးထားမှုကိုလည်းကောင်း၊ အသားတိုးနွားများမွေးမြူထားမှုကိုလည်းကောင်း၊ နယူးဟုတ် အသားတိုးကြက်အကောင်ရေ ၄၀၀၀ မွေးမြူမည့်အခြေအနေကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေး ခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊ မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့် အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါ ယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**




## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

# တောင်ကြီးမြို့နယ် အေးသာယာမြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ရှိ စစ်မှုထမ်းဟောင်းအိမ်ရာတွင် နေထိုင်လျက်ရှိသော စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စားသောက်ဖွယ်ရာများပေးအပ်ခြင်းနှင့်ဓမ္မာရုံတည်ဆောက်ရန်အတွက် အလှူငွေပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါအိမ်ရာခန်းမ၌ ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က စစ်မှုထမ်းဟောင်းအဖွဲ့များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ အဆိုပါအိမ်ရာ၌ ဓမ္မာရုံ ဆောက်လုပ်ရန်အတွက် အလှူငွေများနှင့် ဘိလပ်မြေအိတ်များကို လည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊


ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် တောင်ကြီးမြို့နယ် အေးသာယာမြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အေးသာယာမြို့ မင်းကျန်စစ် စစ်မှုထမ်းဟောင်းအိမ်ရာရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်မိသားစုဝင်များကို သွားရောက်တွေ့ဆုံပြီး စားသောက်ဖွယ်ရာများပေးအပ်သည်။


ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အဆိုပါအိမ်ရာရှိစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။(၅၀၁)

ရှေ့ဖုံးမှအဆက်

သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါနယ်လှည့်ဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ် ကိုကိုးကျွန်းမြို့ မြို့နယ်ပြည်သူ့ဆေးရုံ၌အခြေပြု၍ ကိုကိုးကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၃၆၂ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်




တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ နယ်လှည့်အထူးကုဆေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ် ကိုကိုးကျွန်းမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၈၅ ဦး၊ ခွဲစိတ်ရောဂါ ၂၃ ဦး၊ သားဖွားမီးယပ်ရောဂါ ၂၆ ဦး၊ ကလေးရောဂါ ၁၉ ဦး၊ အရိုးရောဂါဦးရေ ၄၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၁၂ ဦး၊မျက်စိရောဂါ ၁၂၂ ဦး၊ သွားနှင့် ခံတွင်းရောဂါ ၃၅ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၁၂ ဦး၊ မျက်စိခွဲစိတ်လူနာ ခြောက်ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၂ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၅ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၃၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၈ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာ ရှစ်ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါတယ်-

“အမှတ်(၁)ရပ်ကွက်ကပါရှင့်။ဆေးကုသမှုခံယူရတာက အခုလိုလာပြီး ကုသပေးတဲ့အတွက်ကြောင့်မို့လို့ ဒီမှာက လမ်းပန်းဆက်သွယ်ရေးက ခက်ခဲတဲ့အတွက်ကြောင့် လာပြတာပါ။ အားလုံးအတွက် အဆင်ပြေကြပါတယ်။ သွားရလာရတာလည်းမရှိဘူးဆိုတော့ အကုန်အကျလည်း သက်သာသွားပါတယ်ရှင့်။ ကျွန်မက အမျိုးသမီးရောဂါနဲ့ လာပြတာပါရှင့်။ ဒေသခံတစ်ယောက်အနေနဲ့ပြောရမယ်ဆိုရင် အခုလိုလာကုသပေးတာဆိုရင် ကျွန်မတို့အနေနဲ့ ရန်ကုန်ကိုလည်း သွားစရာမလိုတော့ပါဘူး။ အဲဒီအတွက် ကုန်ကျစရိတ်တွေလည်း အများကြီးသက်သာသွားတယ်။ဒီမှာလည်း အကုန်လုံးကို စမ်းသပ်ကုသပေးတဲ့အတွက် အားလုံးအဆင်ပြေကြပါတယ်။ အခမဲ့လာကုသပေးတဲ့အတွက်လည်း ဒီကျွန်းသားတွေ ငွေကုန်ကြေးကျသက်သာတဲ့အတွက် အားလုံးအဆင်ပြေကြပါတယ်။ အခုလိုလာရောက် ကုသပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ နောက်နှစ်တွေမှာလည်း လာရောက်ကုသပေးဖို့ တောင်းဆိုပါတယ်”ဟု ပြောပြသည်။

“ကျွန်မ ရပ်ကွက်(၂)ကလာပြတာပါ။ အမေ့ကို အမျိုးသမီးရောဂါလာပြပေးတာ၊ အဖေ့ကို မျက်စိလာပြပေးတာပါ။ အဖေဆိုလို့ရှိရင် မျက်စိက တိမ်ဖြစ်နေလား ဘာဖြစ်နေလည်း စမ်းသပ်ဖို့က ခေတ်မီစက်ကိရိယာတွေလည်းမရှိဘူး။ကျွန်းမှာ ဒီလိုလွယ်လွယ်ကူကူနဲ့ စမ်းသပ်လို့မရတဲ့အတွက် အခုလိုသင်္ဘောကြီးလာတဲ့အခါမှာ အလွယ်တကူနဲ့ဘာရောဂါရှိတယ်ဆိုတာ သိသွားတယ်။ ကိုယ်လည်း ကုသလို့ အဆင်ပြေသွားတယ်ဆိုတော့ တစ်ချက်ခုတ်ပြီး ဘယ်နှချက်လောက် ပြတ်သွားမှန်းမသိဘူး။ တော်တော်လေးအဆင်ပြေသွားတယ်။ ကျွန်မတို့အနေနဲ့ ရန်ကုန်တစ်ခေါက်သွားဖို့ဆိုတာ လမ်းပန်းဆက်သွယ်ရေးလည်း အခက်အခဲဖြစ်တယ်။ နောက်ပြီး ငွေရေးကြေးရေးလည်းရှိတယ်။ ငွေကြေးအနေနဲ့ဆိုရင် အခုခေတ်ကာလနဲ့ဆိုရင် အများကြီးကုန်ကျမှာ အဲဒီအတွက်ကို အစစအရာရာအဆင်ပြေသွားတယ်။ ရန်ကုန်သွားမယ်ဆို နေစရာလည်း ပူရမယ်။ စားစရာလည်း ပူရမယ်။ ဆေးရုံစရိတ်လည်း ပူရမယ်။ အခုလိုလာကုပေးတဲ့အတွက် အရမ်းကို ဝမ်းသာပါတယ်။ နိုင်ငံတော်အကြီးအကဲတွေကိုလည်း အားလုံးကို ကျေးဇူးတင်ပါတယ်။နိုင်ငံတော်အကြီးအကဲကလည်း ကျွန်မတို့ ကိုကိုးကျွန်းကို သတိတရနဲ့ အခုလိုလွှတ်ပေးပြီးစီစဉ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်မတို့ဆီကိုတကူးတကနဲ့လာကုသပေးတယ်။ နွေးနွေးထွေးထွေးနဲ့ လာပြီးစမ်းသပ်ကုသပေးတဲ့အတွက် အားလုံးကိုကျေးဇူးတင်ပါတယ်။ တစ်နှစ်ကို တစ်ကြိမ် နှစ်ကြိမ် လာစေချင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်”ဟု ပြောပြသည်။ (၅၀၁)





# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ





**နေပြည်တော် ဇန်နဝါရီ ၃၀**

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် တပေါင်းကွင်းရှိ ယာယီ ကွပ်ကဲရေးရုံး၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဖွဲ့စည်းထားရှိသည့် ဆပ်ကော်မတီဥက္ကဋ္ဌများ၊ ပြခန်းများပြင်ဆင်လျက်ရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးများ၊ ဆပ်ကော်မတီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုအဆင့်ပြုလုပ်သည့် ပြပွဲနှင့် ပြိုင်ပွဲဖြစ်သည့်အတွက် ပြည်ထောင်စုအဆင့်နှင့်လျော်ညီစွာ စည်ကားသိုက်မြိုက်စွာဖြင့် အောင်အောင်မြင်မြင်ကျင်းပနိုင်ရေး အတွက် ကော်မတီအလိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲများ ပြုလုပ်ခြင်းဖြင့် ပြည်သူလူထုသည် MSME များကို ပိုမို စိတ်ပါဝင်စားလာပြီး တစ်ပိုင်တစ်နိုင် ဆောင်ရွက်လာခြင်းဖြင့် နိုင်ငံ၏ကုန်ထုတ်လုပ်မှုတိုးတက်၍ ပြည်ပမှ ကုန်ပစ္စည်း တင်သွင်းရမှုလျော့နည်းလာမည်ဖြစ်သည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိပြီး လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း၊ MSME များနှင့်ပတ်သက်၍ စာတွေ့နှင့် လက်တွေ့ ကျွမ်းကျင်ပိုင်နိုင်သည့် ပညာရှင်များက MSME ၏ သဘောသဘာဝများကို လုပ်ငန်းရှင်များ သိရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် ဆုများချီးမြှင့်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အတွက် ဆောင်ရွက်ပြီးစီးမှု၊ ဆပ်ကော်မတီ ဥက္ကဋ္ဌများက ဆပ်ကော်မတီအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအပေါ် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်ရန် စီမံထားရှိမှု၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးများက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် MSME ထုတ်ကုန်များ ခင်းကျင်းပြသရန် စီမံဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာသူများက ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြပြီး အတည်ပြုဆုံးဖြတ်ခြင်းတို့ ဆောင်ရွက်ကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဆေးတက္ကသိုလ်(မန္တလေး)တွင် ကျင်းပသည့် ဝိညာဉ်မဲ့ မြတ်ဆရာပူဇော်ပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်

**မန္တလေး ဇန်နဝါရီ ၃၀**

ဝိညာဉ်မဲ့မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဆေးတက္ကသိုလ်(မန္တလေး)ဇီဝခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဆေးတက္ကသိုလ်(မန္တလေး)မှ ပါမောက္ခချုပ်၊ ပါမောက္ခ ဌာနမှူးများ၊ ဆေးနီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ခန္ဓာကိုယ်လှူဒါန်းခဲ့ကြသူများ၏ မိသားစုဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ခန္ဓာကိုယ်လှူဒါန်းပေးခဲ့ကြသော ဝိညာဉ်မဲ့မြတ်ဆရာများ၏ ဂုဏ်ကျေးဇူးကို တစ်မိနစ်ငြိမ်သက်ဂုဏ်ပြု၍ အခမ်းအနားကို ဖွင့်လှစ်သည်။



အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုစကားပြောကြားရာတွင် ကျောင်းသား၊ ကျောင်းသူများက ဝိညာဉ်မဲ့မြတ်ဆရာများအား ပူဇော်ခြင်းသည် ပူဇော်ထိုက်သူကို ပူဇော်သည့် မင်္ဂလာတစ်ပါးဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အခမ်းအနားကို ဆေးတက္ကသိုလ်(မန္တလေး)တွင် ၂၀၁၆ ခုနှစ်ကစတင်ပြီး ကျင်းပခဲ့ရာ ယခု ခြောက်ကြိမ်မြောက်ကျင်းပခြင်းဖြစ်သည်ဟု သိရှိရပါကြောင်း၊ ဆေးပညာသည် လူ့အသက်နှင့် ဆိုင်သော ပညာရပ်ဖြစ်ပြီး အတွေ့အကြုံနှင့်ပညာ အချိုးတကျပေါင်းစပ်ပါဝင်ရမည်ဖြစ်ရာ အတွေ့အကြုံကောင်းများ ပညာများ ရှာဖွေရာတွင် ဝိညာဉ်မဲ့မြတ်ဆရာများသည် မရှိမဖြစ်ကဏ္ဍတွင် ပါဝင်လာပါကြောင်း၊ ခန္ဓာကိုယ်လှူဒါန်းပြီး ပညာပေးဝေသော မြတ်ဆရာတို့၏ကျေးဇူးကို သိတတ်သောအားဖြင့် သမားကောင်းဂုဏ်ရည်နှင့်ပြည့်ဝပြီး တော်သော၊ တတ်သော၊ မြင့်မြတ်သော ဆရာဝန်ကောင်းများဖြစ်အောင် ကြိုးစားသွားကြရမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဒေါက်တာမျိုးသက်တင်က ဂုဏ်ပြုစကားပြောကြားပြီး ၁/၂၀၂၅ Year 2 အတန်းမှ ကျောင်းသားတစ်ဦးက ဝိညာဉ်မဲ့မြတ်ဆရာပူဇော်ပွဲ ကျင်းပဖြစ်ခဲ့ပုံနှင့် ကျေးဇူးတင်ဂုဏ်ပြုစကား ပြောကြား၍ ၁၂/၂၀၂၄ Year 1 Senior အတန်းမှ ကျောင်းသားတစ်ဦးက ဝိညာဉ်မဲ့မြတ်ဆရာ ဆီသို့ပေးစာအား ဂုဏ်ပြုဖတ်ကြားကာ ဝိညာဉ်မဲ့မြတ်ဆရာများအား ဂုဏ်ပြုပန်းများဖြင့် ဂါရဝပြုကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောင်းသား၊ ကျောင်းသူများက ဝိညာဉ်မဲ့မြတ်ဆရာပူဇော်ပွဲနှင့်ပတ်သက်၍ ဂုဏ်ပြုရိုက်ကူးထားသည့် ဇာတ်လမ်းတိုတင်ဆက်ပြသမှုများနှင့် ဂုဏ်ပြုသီဆိုမှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်းနှင့် အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှု ထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ဒေးဒရဲမြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်








တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေးဒရဲမြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၀**

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူလိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် အမှတ်(၁)ရပ်ကွက်သို့ ရောက်ရှိကြရာ နယ်မြေခံတပ်မှတာဝန်ရှိသူများ၊ဌာနဆိုင်ရာတာဝန်ရှိသူများ၊ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့၌ ဒေးဒရဲမြို့နယ် အမှတ်(၁) ရပ်ကွက် ဆုတောင်းပြည့်ရွှေဘုန်းမြင့်စေတီတော် မြို့လယ်သံတန်ဆောင်းကြီးတွင်အခြေပြု၍ အဆိုပါမြို့နှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၄၄၆ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၄၄ ဦး၊ခွဲစိတ်ရောဂါ ၁၁ ဦး၊ သားဖွားမီးယပ်ရောဂါ ၁၆ ဦး၊ ကလေးရောဂါ ၂၁ ဦး၊ အရိုးရောဂါ ၈၇ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၃ ဦး၊ မျက်စိရောဂါ ၉၁ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၃၃ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ လေးဦး၊ မျက်စိခွဲစိတ်လူနာ နှစ်ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၉ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၉ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၃၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၂ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာ သုံးဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံနှင့် မြို့နယ်ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

"ကျွန်တော်က ဒူးနာတယ်။ခါးနာတယ်။ ဆီးချိုသွေးချိုလည်းရှိလို့ အားကိုးလို့ လာပြတာပါ။ အားရဝမ်းသာရှိပါတယ်။ မကုနိုင်သေးတဲ့သူတွေလည်း ကုနိုင်မယ်။ ကုနိုင်တဲ့သူလည်း ကုလို့ရမယ်။ အရပ်အလတ်အမြတ်မရွေး ကုနိုင်တဲ့အတွက် အားကိုးပါတယ်။ အခုလိုနယ်လှည့်ပြီးကုတဲ့ ဆရာဝန်တွေကို အထူးပဲကျေးဇူးတင်ပါတယ်။ နောင်လည်း လာခဲ့ပါဦးလို့ ဖိတ်ခေါ်ပါတယ်"ဟု ပြောပြသည်။





"ကျွန်မက အရိုးအကြောပြချင်လို့။ လက်ကကိုက်ကိုက်နေလို့ဘောပင်တောင် မကိုင်နိုင်ဘူး။ အခါအခွင့် ကြုံကြိုက်တုန်းလေးကို ကျွန်မလာပြလိုက်တာပါ။ တော်ရုံတန်ရုံဆေးခန်းကိုသီးသန့်ကြီးသွားပြီးတော့ မပြဖြစ်တဲ့ အခြေအနေမျိုးဆိုရင်တောင်မှ ပဲအခုလိုနယ်လှည့်ဆေးကုသရေးအဖွဲ့လာတဲ့အတွက် ရောဂါဝေဒနာတွေ သက်သာပျောက်ကင်းသွားလို့ မိသားစုလည်း စိတ်ချမ်းသာမှုတွေရမယ်လို့မျှော်လင့်ပါတယ်။ အခုလို နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျွန်မတို့ ဒေးဒရဲမြို့နယ်အပြင် နယ်တကာကို လာရောက်ဆေးကုသပေးတဲ့အတွက်ကြောင့်မို့လို့ ကျွန်မကနေစပြီး လာရောက်ဆေးကုသကြတဲ့ ပြည်သူပြည်သားတွေ အားလုံးရဲ့ကိုယ်စား အထူးကျေးဇူးတင်ရှိပါတယ်ရှင်။ ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်တဲ့အတွက်ကြောင့် ကျန်းမာရေးကောင်းမှ မိသားစု စိတ်ချမ်းသာမယ်၊ အဆင်ပြေမယ် အဲဒါကြောင့်မို့လို့ အထူးကျေးဇူးတင်ရှိပါတယ်လို့ပြောချင်ပါတယ်"ဟု ပြောပြသည်။

"ကျွန်တော့်လက်အကြောတင်လို့လာခဲ့တာပါ။ အကြောတင်တာ နှစ်လကျော်လောက်ရှိသွားပါပြီ။ ဒါပေမဲ့ လက်က ကိုင်လို့မရဘူး။ အလေးအပင်လည်း မလို့မရဘူး။ ကိုက်ခဲနေလို့လာခဲ့ရတာပါ။ ဒီရောက်တော့ ဆရာဝန်တွေက တစ်နေရာနဲ့ တစ်နေရာအဆင်ပြေအောင် လိုက်လုပ်ပေးတယ်။ အကုန်လုံးကို ခွဲစိတ်တဲ့နေရာကအစ အဆင်ပြေအောင်လုပ်ပေးတယ်။ ဒေသခံလူတွေအတွက်ပါ။ အားလုံးအတွက် အဆင်ပြေအောင်လုပ်ပေးပါတယ်။ လူတွေကအကုန်လုံး ဟိုနားဒီနားကလည်း လာကြတယ်။ ဒီမှာကကုတာတော့ ပိုက်ဆံလည်းမကုန်ဘူးပေ့ါ။ ဆက်ဆံတာလည်း ကောင်းတယ်။လုပ်ပေးတာလည်းကောင်းတယ်။ ဆီးချိုမစစ်ချင်ဘူးဆိုလည်းသူတို့က စစ်ပေးတယ်။ အကုန်လုံးပိုသိရအောင် စစ်ပေးတယ်။ အဲဒါကြောင့် ပိုကောင်းသွားတာပါ။ နောက်နောင်အချိန်ကျရင်လည်း ဆက်ပြီးတော့ပြခွင့်ရရင်လည်း ပိုတော့ အဆင်ပြေပါတယ်။ လာလည်းလာစေချင်ပါတယ်ခင်ဗျာ"ဟု ပြောပြသည်။ (၅၀၁)

## ထူးခြားသည့် ညအပူချိန်များ

(၂၀-၁-၂၀၂၅)

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ဟားခါး | -၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | ဟဲဟိုး | ၇ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၂ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် | မြစ်ကြီးနား | ၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၃ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | မိုင်းယန်း | ၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | ဆင်ဖြူကျွန်း | ၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | စစ်တွေ | ၁၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

☆ ကျောဖုံးမှအဆက်

အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ရခိုင်ယူနိုက်တက်အသင်း ဂိုးသမား ခန့်မင်းသန့်က ဆွတ်ခူးနိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင်သရေရလဒ်ထွက်ပေါ်ခဲ့မှုကြောင့် ISPEအသင်းက ၁၈ ပွဲကစားပြီး ရှစ်ပွဲနိုင် လေးပွဲသရေ ခြောက်ပွဲရှုံး ရမှတ် ၂၈မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၅)နေရာတွင် ဆက်လက်ရပ်တည်နေပြီး ရခိုင်ယူနိုက်တက်အသင်းက ၁၈ ပွဲကစားပြီး တစ်ပွဲနိုင် လေးပွဲသရေ ၁၃ပွဲရှုံး ရမှတ် ခုနစ်မှတ်ဖြင့် အဆင့်(၁၁)နေရာတွင် ဆက်လက်ရပ်တည်လျက်ရှိသည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၈)အဖြစ် ဇန်နဝါရီ ၃၁ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ မြဝတီအက်ဖ်စီအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ STA

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ဥပဒေအသိပညာပေးဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃၀

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ အသိပညာမျှဝေဆွေးနွေးပွဲအစီအစဉ်(Knowledge Sharing Program–KSP) အရ ကျင်းပသည့် ဆွေးနွေးပွဲအမှတ်စဉ်(၅၁) အဖြစ် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ မူပိုင်ခွင့်ဥပဒေနှင့်စပ်လျဉ်းသည့် အသိပညာပေးဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ Hybird စနစ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာများ၊စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် မြန်မာနိုင်ငံစာရင်းကောင်စီရုံးတို့မှ ညွှန်ကြားရေးမှူးများနှင့်ဝန်ထမ်းများက Online ဖြင့် တက်ရောက်ကြသည်။






ဆွေးနွေးပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က မိမိတို့ရုံးသည် စစ်ဆေးခြင်းလုပ်ငန်းအပြင် ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးအတွက် သဘောထားမှတ်ချက်ပေးခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်နေရသည့်အတွက် ဌာန၊ အဖွဲ့အစည်းအသီးသီးမှထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ညွှန်ကြားချက်များကို သိရှိနားလည်ထားရန်လိုအပ်ကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် မူပိုင်ခွင့်ဥပဒေ လေးရပ်ဖြစ်သည့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပေးသွားမည်ဟု သိရှိရကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း ဆွေးနွေးပွဲမှရရှိသည့် မူပိုင်ခွင့်နှင့်စပ်လျဉ်းပြီး သိရှိသင့်သည့် အသိပညာ၊ ဗဟုသုတများ၊ ဥပဒေရေးရာအကြောင်းအရာများကို မိမိတို့လုပ်ငန်းနယ်ပယ်၌ပြန်လည်အသုံးချပြီး နိုင်ငံတော်၏အကျိုးစီးပွားကိုကာကွယ်စောင့်ရှောက်နိုင်သည့် ဝန်ထမ်းကောင်းများဖြစ်စေရေး ကြိုးစားကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနှင်းနွယ်အေးက မူပိုင်ခွင့်ဥပဒေနှင့် မူပိုင်ခွင့်၏အရေးပါပုံ၊ အခြေခံသိကောင်းစရာများခေါင်းစဉ်ဖြင့်လည်းကောင်း၊ညွှန်ကြားရေးမှူး ဦးလင်းအောင်ဆွေက တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခြေခံသိကောင်းစရာများနှင့်စပ်လျဉ်း၍လည်းကောင်း အကျယ်တဝင့်ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကချင်ပြည်နယ် မြစ်ကြီးနားဘူတာ၊ ဘူတာယာဒ်ဝင်းနှင့် ဒီဇယ်စက်ခေါင်းပြင်ရုံ(မြစ်ကြီးနား)တို့ကို ဒုတိယဝန်ကြီး ဦးအောင်မြိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၃၀

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၂၉ ရက်က မြစ်ကြီးနားဘူတာနှင့် ဘူတာယာဒ်ဝင်းတို့၏ အခြေအနေ၊ဝန်ထမ်းနေအိမ်လိုင်းခန်းများ၊တွဲပြင်ရုံနှင့် ဒီဇယ်စက်ခေါင်းပြင်ရုံ(မြစ်ကြီးနား)တို့၏အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက ဘူတာ၊ ဘူတာယာဒ်ဝင်းနှင့် ဘူတာယာဒ်ဝင်းရှိ ဝန်ထမ်းနေအိမ်လိုင်းခန်းများအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေးဆောင်ရွက်ရန်နှင့် အိမ်ရာကြီးကြပ်ရေးအဖွဲ့စနစ်တကျဖွဲ့စည်း၍ ပုံမှန်စစ်ဆေးပြီး ပျက်စီးမှုများကို ပြန်လည်ပြုပြင်ဆောင်ရွက်သွားရန်၊ စစ်ဆေးပြုပြင်ရန် အချိန်ကျရောက်သည့်ကုန်တွဲများ၊ လူစီးတွဲများကို ပုံမှန်စစ်ဆေးပြုပြင်သွားရန်၊ လူစီးတွဲများအတွင်း ရှိထိုင်ခုံများနှင့် လူစီးတွဲကိုယ်ထည်များ ပျက်စီးမှုမရှိစေရေးထိန်းသိမ်းကြပ်မတ်ရန်၊ စက်ရုံတွင်ထိန်းသိမ်းထားသည့်စက်ခေါင်းများ၊ တွဲများနှင့် RBE ရထားတွဲများ၏ ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးခြင်းများပြုလုပ်သွားရန်၊ ဝန်ထမ်းများအရည်အသွေးနှင့် ကျွမ်းကျင်မှုတိုးတက်စေရေး၊ စက်ရုံရှိ စက်ကိရိယာပစ္စည်းများ ရေရှည်ကြံ့ခိုင်ကောင်းမွန်စေရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးစနစ်တကျစီမံဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့သည်။



ထို့နောက် ဒုတိယဝန်ကြီးသည် မြန်မာ့မီးရထားတိုင်းအဆင့် အရာထမ်းဝန်ထမ်းများ၊ မြန်မာ့မီးရထားရဲတပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ မိမိတိုင်းနယ်မြေအတွင်း ဘူတာယာဒ်ဝင်းနှင့် ရထားလမ်းတစ်လျှောက်ရှိ မြန်မာ့မီးရထားဌာနပိုင်ပစ္စည်းများပျောက်ဆုံး၊ ပျက်စီးဆုံးရှုံးမှုမဖြစ်စေရေး ရထားရဲတပ်ဖွဲ့နှင့်ပူးပေါင်း၍ စနစ်တကျ စစ်ဆေးဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၁-၁-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၈၀ | ၃၂၉၅ | ၃၂၆၀ | ၃၁၉၅ | ၃၃၀၀ | ၃၃၁၅ | ၃၃၃၅ | ၃၂၅၅ | ၄၅၀၅ | ၃၅၄၅ | ၃၂၇၀ | ၃၂၇၀ | ၃၃၄၀ | ၃၃၀၅ | ၃၃၃၀ | ၃၅၈၅ | ၄၁၀၀ |
| 95 Ron | ၃၂၆၀ | ၃၃၇၅ | ၃၃၄၀ | ၃၂၇၅ | ၃၃၈၀ | ၃၃၉၅ | ၃၄၁၀ | ၃၃၃၀ | ၄၅၆၀ | ၃၆၂၅ | ၃၃၅၀ | ၃၃၅၀ | ၃၄၂၀ | ၃၃၈၅ | ၃၄၀၅ | ၃၆၆၅ | ၄၂၅၀ |
| HSD (500 ppm) | ၂၈၂၀ | ၂၉၃၀ | ၂၈၉၅ | ၂၈၃၀ | ၂၉၃၅ | ၂၉၅၅ | ၂၉၇၀ | ၂၈၉၀ | - | ၃၁၈၀ | ၂၉၀၅ | ၂၉၀၅ | ၂၉၇၅ | ၂၉၄၀ | ၂၉၆၅ | ၃၂၂၀ | ၄၁၀၀ |
| HSD (50 ppm) | ၃၄၈၅ | ၃၆၀၀ | ၃၅၆၅ | ၃၅၀၀ | ၃၆၀၅ | ၃၆၂၀ | ၃၆၄၀ | ၃၅၅၅ | ၄၈၃၀ | ၃၈၅၀ | ၃၅၇၅ | ၃၅၇၅ | ၃၆၄၅ | ၃၆၁၀ | ၃၆၃၅ | ၃၈၉၀ | - |
| HSD (10 ppm) | ၃၄၈၅ | ၃၆၀၀ | ၃၅၆၅ | ၃၅၀၀ | ၃၆၀၅ | ၃၆၂၀ | ၃၆၄၀ | ၃၅၅၅ | - | ၃၈၅၀ | ၃၅၇၅ | ၃၅၇၅ | ၃၆၄၅ | ၃၆၁၀ | ၃၆၃၅ | ၃၈၉၀ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၀၀၇ | ၃၁၀၁ |
| 95 Ron | ၃၀၈၂ | ၃၁၇၈ |
| HSD (500 ppm) | ၂၆၅၄ | ၂၇၃၆ |
| HSD (50 ppm) | ၃၃၀၂ | ၃၃၉၈ |
| HSD (10 ppm) | ၃၃၀၂ | ၃၃၉၈ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၃၀**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ခေမာသီဝံပရိယတ္တိစာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၇၄ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်းနှင့် ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၃၀**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၉ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု ရွှေပေးရပ် မြို့ပတ် (၁)လမ်းတွင် မင်းထက်အောင်(ခ)ဘေးနေဒစ် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၉၀ သိမ်းဆည်းရမိခဲ့ပြီး ညနေ ၅ နာရီတွင် မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု မယင်းငယ်ဖျားကျေးရွာရှိ ၎င်း၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း၊ ကွင်းဆက်အရ ည ၆ နာရီတွင် မြိတ်မြို့နယ် ပသောင်းကျေးရွာအုပ်စု တောင်ပုလဲကျေးရွာနေ နိုင်ရွှေမန်း(ခ)နောင်မန်းအား စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ နှင့်လည်းကောင်း၊ ယင်းနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် ဒေါပုံမြို့နယ် ဗမာအေးရပ်ကွက်တွင် မသင်္ကာဖွယ်တွေ့ရှိသူ သူရဇော်(ခ)အောင်ရဲလင်းအား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ညနေ ၃ နာရီတွင် ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက် ရွှေဖူးမျှော်လမ်းရှိ ၎င်း၏နေအိမ်တွင် ဝေယံအောင်(ခ) သဘော်သီးအား စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ နှင့်လည်းကောင်း၊ ညနေ ၄ နာရီတွင် သာကေတမြို့နယ် (၂/တောင်)ရပ်ကွက်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ အောင်ကျော်ဆန်း (ခ) ဖြိုးကိုအားလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ထို့အတူ ပူးပေါင်းအဖွဲ့သည် နံနက် ၈ နာရီခွဲတွင် ကလောမြို့နယ် ဝက်ဖြူရေကျေးရွာအုပ်စု ရေယားကျေးရွာအနီးတွင် ထွန်းဇော်မြင့်(ခ)လူဇော် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ နံနက် ၁၀ နာရီခွဲတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခိုင်းသူ ဇော်လင်း(ခ)ငဇော်အား တောင်ကြီးမြို့နယ် အေးသာယာမြို့ ရပ်ကွက်(၅)ရှိ ၎င်း၏နေအိမ်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ညောင်ရွှေမြို့နယ် ရေပူရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် နေအိမ် တစ်လုံး ပျက်စီးခဲ့ကြောင်း မဟုတ်မမှန်သတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဇန်နဝါရီ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် ရေပူရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် နေအိမ် တစ်လုံး ပျက်စီးခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းတုသတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူ တစ်ဦး၏ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် စစ်ရေးပစ်မှတ်မဟုတ်သည့် ဒေသခံပြည်သူများနေထိုင်ရာ ကျေးရွာ၊ ရပ်ကွက်များအတွင်းသို့ မည်သည့်ပစ်ခတ်မှုမျှ လုပ်ဆောင်ခြင်းမရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ၎င်းတို့အပေါ်ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာ၊ ရပ်ကွက်များကို ခေါင်းစဉ်အမျိုးမျိုးတပ်၍ အကြောက်တရားများ လွှမ်းမိုးစေရန် လက်နက်ကြီးများ၊ ဒရုန်းများဖြင့် ပစ်ခတ်လျက်ရှိကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်သမားများ ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည်များသည် ကျေးရွာအတွင်း ကျရောက်ပေါက်ကွဲရာမှ နေအိမ်များမီးလောင်ပျက်စီးခဲ့ရခြင်းဖြစ်ကြောင်းနှင့် တရားမဝင်ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်ရည်ရွယ်၍ မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ရေကြောင်းသတိပေးချက်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ် M-9 ရှိ ဇော်တိကစီမံကိန်းနှင့် ကမ်းလွန်လုပ်ကွက်အမှတ် M-5 & M-6 ရှိ ရတနာစီမံကိန်းတို့တွင် Geotechnical Site Investigation Survey (GTI) လုပ်ငန်းများကို Survey VesseL, GEO MARINER ရေယာဉ်ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော ကမ်းလွန်လုပ်ကွက်အမှတ် M-5/M-6 (ရတနာ)ရှိ Well Location Point M5-Exp C1 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၇ မိနစ် ၄၅.၂၆၁၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၀ မိနစ် ၁၀.၅၁၃၁ စက္ကန့်၊ Point M5- Exp C2 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၂ မိနစ် ၅၀.၃၇၇၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၆ မိနစ် ၀.၄၂၂၁ စက္ကန့်၊ Point M6-Exp CA မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၂ မိနစ် ၅၈.၀၆၇၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၃ မိနစ် ၅၉.၃၅၇၈ စက္ကန့်၊ Point M6- Exp CF မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၇ မိနစ် ၆.၁၈၃၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၀၉ မိနစ် ၂၉.၂၁၉၀ စက္ကန့်၊ Point Yadana-Infill WP2 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၉ မိနစ် ၀၈.၈၈၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၆ မိနစ် ၅၀.၈၈၇ စက္ကန့်၊ Point Badamya-Infill WP4 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၉ မိနစ် ၃၈.၁၁၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၃ မိနစ် ၀၂.၁၀၈ စက္ကန့်၊ Point Apprisal-C1 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၉ မိနစ် ၂၃. ၅၂၈၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၉ မိနစ် ၄၈.၄၀၀၁ စက္ကန့်၊ Point Apprisal-C2 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၃ မိနစ် ၃၃. ၇၃၁၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၅ မိနစ် ၃၅.၇၃၅၁ စက္ကန့်နှင့် ကမ်းလွန်လုပ်ကွက် M-9 (ဇော်တိက)ရှိ Wellhead Platform Location-Point WPH Zawtika-41 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၇ မိနစ် ၁၈. ၅၈၇၁၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၄ မိနစ် ၅၆. ၂၇၆၇၈ စက္ကန့်တို့အတွင်းတွင် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်မှ ဧပြီ ၃၀ ရက်ထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် M-9 ရှိ ဇော်တိကစီမံကိန်းနှင့် ကမ်းလွန်လုပ်ကွက်အမှတ် M-5 & M-6 ရှိ ရတနာစီမံကိန်းတို့တွင် Geotechnical Site Investigation Survey (GTI) လုပ်ငန်းများကို Survey Vessels, GEO MARINER ရေယာဉ်ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါတည်နေရာများမှ လေးကီလိုမီတာပတ်လည်အတွင်းကို ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ် (Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင် ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန် ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့် မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသော ကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံ ကတ်(OWIC) လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

ခရီးသွားဆောင်းပါး

# ဝါးခယ်မကိုကျော်၊ ပုသိမ်ကိုဖြတ်

သက်နိုင်(ပြင်ဦးလွင်)

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့မှာရှိတဲ့ သောကဘုရားကို ဖူးမြော်ပြီးကြတာနဲ့ ဝါးခယ်မမြစ်ကြောင်းအတိုင်း စက်လှေနဲ့ပြန်လာခဲ့ကြတယ်။ မြစ်တွေ၊ ချောင်းတွေ၊ မြောင်းတွေအလွန်ပေါများပြီး လှေ၊ သင်္ဘောတွေကို အသုံးပြုသွားလာကြတာများပြားတဲ့ ဧရာဝတီတိုင်းဒေသကြီးထဲမှာ အမှတ်တရအဖြစ် စက်လှေစီးခဲ့ပါပြီ။ ရှေ့ခရီးကို ဆက်ကြဖို့အတွက် မြို့ခံစာရေးဆရာမရဲ့ အိမ်ကနေထွက်လာတဲ့အချိန်က နေ့လယ်စာထမင်းစားချိန် ရောက်နေပြီဖြစ်သလို ဝါးခယ်မမြို့တွင်းမှာလဲ သွားလာလှုပ်ရှားနေကြသူတွေနဲ့ စည်ကားနေတာကိုတွေ့မြင်နေရပါတယ်။ အချိန်က နေ့လယ်စာထမင်းစားချိန်ဖြစ်လို့ ထမင်းစားကြဖို့အတွက် ခရီးဖော်တွေနဲ့ ပြောဆိုတိုင်ပင်ပေမဲ့ မြို့ခံဆရာမက ကျွေးမွေးညှဲ့ခံပါ့မယ်ဆိုတာကို ငြင်းဆန်လိုက်တာကတစ်ကြောင်း၊ မြို့ခံဆရာမရဲ့အိမ်ကနေ ထွက်လာခဲ့ကြပြီးမှ မိမိတို့ကိုယ်တိုင်က ထမင်းဆိုင်တွေမှာ ဝင်ရောက်စားသောက်နေတာကိုသိသွားရင် မကောင်းဖြစ်နေမှာတို့ကြောင့် ဝါးခယ်မမြို့မှာ နေ့လယ်စာ မစားကြတော့ဘဲ မြောင်းမြကိုရောက်တော့မှ စားသောက်ကြဖို့ စီစဉ်ထားလိုက်ကြတယ်။

ဝါးခယ်မဆိုတာက မွန်ဘာသာအသံထွက်နဲ့ ဝယ်ခမတ်ကနေ ဆင်းသက်လာတာပါ။ ဝယ်ဆိုတာ ကွင်း၊ ခမတ်ကရေထိကရုံးပင်ကို ဆိုလိုတာဖြစ်တာကြောင့် ရေထိကရုံးပင်ကွင်း သို့မဟုတ် ရေထိကရုံးပင်တွေ ရှင်သန်ပေါက်ရောက်ရာကွင်းဆိုပြီး အဓိပ္ပာယ်ရနေပါတယ်။ ဝါးခယ်မမြို့ကို ဝင်ရောက်လာတဲ့အချိန်နဲ့ ပြန်ထွက်လာတဲ့အချိန်၊ မြို့တွင်းလမ်းတွေမှာ သွားလာနေတဲ့အချိန်၊ ဝါးခယ်မမြစ်ကြောင်းတစ်လျှောက်နဲ့ သောကဘုရားမှာ ဖူးမြော်လေ့လာနေတဲ့အချိန်၊ ဆရာမကြီးဒေါ်ခင်နှင်းယုရဲ့ မွေးဝတ္ထုထဲက အိမ်ခြံဝင်းကြီးထဲကို ရောက်ရှိနေတဲ့အချိန်တွေမှာ ရေထိကရုံးပင်တွေရှိလား၊ မရှိလားဆိုတာကို သတိမထားမိခဲ့ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ရေထိကရုံးပင်တွေ ရှင်သန်ပေါက်ရောက်တဲ့ ဝယ်ခမတ် သို့မဟုတ် ဝါးခယ်မမြို့ကို နှုတ်ဆက်ခဲ့ပြီး ရှေ့ခရီးကိုထွက်ခွာလာခဲ့ကြပါတယ်။

ဝါးခယ်မမြို့ကနေ မြောင်းမြမြို့ကိုရောက်ရှိဖို့အတွက် မရမ်းချောင်း၊ ကျွန်းကုန်း၊ ရွာသစ်၊ ကျုံးဝါး စတဲ့လမ်းဆုံတွေကိုဖြတ်သန်းပြီး ခရီးအကွာအဝေး ၂၃ မိုင်ကျော်ရှိကြောင်း လမ်းပြမြေပုံအရ သိရပါတယ်။ နေ့လယ်စာထမင်းစားချိန်ကို ကျော်လွန်နေပြီဖြစ်ပေမဲ့ မြောင်းမြမြို့ရောက်အောင် မောင်းနှင်ရမှာပါ။ ဝါးခယ်မ-မြောင်းမြလမ်းက ကျယ်ဝန်းပြီး ကတ္တရာခင်းလမ်းဖြစ်လို့ ကားကိုအရှိန်နှုန်းမြှင့်ပြီး မောင်းလို့ရနေတယ်။ ကားပေါ်မှာလိုက်ပါလာကြတဲ့ ခရီးဖော်အားလုံးကလဲ ဗိုက်ဆာနေကြပြီဖြစ်ကြောင်း သိရတာကြောင့် ကားကိုဂရုတစိုက်နဲ့ ပိုမိုမြန်ဆန်အောင် မောင်းရတော့တယ်။ ဒါပေမဲ့ မကြာခင်မှာ ရောက်ရှိလာတဲ့ ကျုံးဝါးလမ်းဆုံမှာ မြောင်းမြသို့ ၅ မိုင်၊ ပုသိမ်သို့ ၂၇ မိုင် ၃ ဖာလုံဆိုတဲ့ လမ်းညွှန်ဆိုင်းဘုတ်တစ်ခုကို တွေ့ရတာကြောင့် ကားကိုခဏရပ်လိုက်ပြီး ခရီးဖော်တွေအားလုံး စဉ်းစားတိုင်ပင်ကြတယ်။ နေ့လယ်စာထမင်းစားကြဖို့အတွက် မြောင်းမြမြို့ထိ ဆက်သွားကြရင် အသွား ၅ မိုင် အပြန် ၅ မိုင် စုစုပေါင်း ၁၀ မိုင်ခရီးနဲ့ ထမင်းဆိုင်ရှာဖွေရတဲ့အချိန်၊ ထမင်းစားသောက်ကြတဲ့အချိန်တွေကြောင့် ပုသိမ်မြို့ကိုရောက်ရှိချိန်နောက်ကျသွားနိုင်တယ်။ ဒါကြောင့် လမ်းခရီးမှာ အချိန်ပိုမိုရရှိအောင် မြောင်းမြမြို့ထိသွားရောက်ပြီး နေ့လယ်စာမစားကြတော့ဘဲ ပုသိမ်မြို့ထိရောက်အောင် ဆက်လက်သွားရောက်ကြဖို့နဲ့ နေ့လယ်စာထမင်းကိုလဲ အဆင်ပြေတဲ့တစ်နေရာမှာ ဝင်ရောက်စားသောက်ကြဖို့ တိုင်ပင်လိုက်ကြတယ်။ ဒီလိုစဉ်းစားတိုင်ပင်လိုက်ကြပြီး ကျုံးဝါးလမ်းဆုံကနေ ပြန်လည်ထွက်ခွာမောင်းနှင်လာချိန်မှာ မွန်းလွဲ ၁ နာရီကျော်နေပါပြီ။

မြောင်းမြ-ပုသိမ်လမ်းအတိုင်း မောင်းလာရင်း နဲ့ ခရီးဖော်ကြီးတစ်ဦးက နေ့လယ်စာထမင်းကို အရိပ်ကောင်းရှိတဲ့ ဆိုင်တစ်ဆိုင်မှာ ဝင်ရောက်စားသောက်လိုကြောင်း ပြောပြတာကြောင့် ကားမောင်းနေရင်းနဲ့ သစ်ပင်အရိပ်ကောင်းရှိတဲ့ ထမင်းဆိုင်ကို သတိထားပြီးရှာဖွေလာရတယ်။ လမ်းတစ်လျှောက်မှာ သစ်ပင်အရိပ်ကောင်းကောင်းတွေကို မကြာခဏတွေ့မြင်နေရပေမဲ့ အချို့သစ်ပင်




တွေအောက်မှာ ဘာဆိုင်မှမရှိတာမျိုးတွေ၊ အချို့အရိပ်ကောင်းတဲ့ သစ်ပင်တွေအောက်မှာ ဆိုင်ကယ်ပြင်ဆိုင်၊ ဝါးထရံနဲ့ဓနိဆိုင်၊ သစ်သီးဆိုင်၊ ကုန်စုံဆိုင်၊ အကြော်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ဆံပင်ညှပ်ဆိုင်၊ ကားလက်မှတ်အရောင်းဆိုင်၊ ဖုန်းအမျိုးမျိုးပြုပြင်ရေးနဲ့ အရောင်းဆိုင်မျိုးတွေကိုသာ တွေ့မြင်နေရတာကြောင့် စားသောက်ကြဖို့မဖြစ်နိုင်ဘဲ ရှေ့ဆက်ပြီး မောင်းလာနေရတယ်။

ဒါပေမဲ့ မြင်းကဆိပ်သို့ ၂ ဖာလုံ၊ ပုသိမ်သို့ မိုင် ၂၀ လို့ ရေးသားညွှန်ပြထားတဲ့ လမ်းဆုံတစ်ခုအရောက်မှာ သစ်ပင်အရိပ်ကောင်းကောင်းတစ်ခုကို မြင်တွေ့လိုက်ရတဲ့အပြင် တရုတ်၊ မြန်မာထမင်းဟင်းမျိုးစုံရသည်ဆိုတဲ့ ဆိုင်လေးတစ်ဆိုင်ကိုလဲ ရုတ်တရက်တွေ့မြင်လိုက်ရတာကြောင့် ကားကိုဘရိတ်အုပ်ရပ်တန့်လိုက်ရတယ်။ ခရီးဖော်တစ်ဦးဆန္ဒရှိနေတဲ့ အရိပ်ကောင်းကောင်းနဲ့ထမင်းဆိုင်ကို တွေ့ပါပြီ။ သစ်ပင်ရိပ်အောက်မှာလဲ စားပွဲ၊ ကုလားထိုင်တွေကို တည်ခင်းထားတယ်။ ဒါပေမဲ့ ဆိုင်အတွင်းမှာရောသစ်ပင်ရိပ်အောက်မှာပါ စားသောက်နေကြသူတွေမရှိ၊ ဆိုင်ရှင်တွေ စားပွဲထိုးတွေကို မတွေ့မမြင်ရတာကြောင့် ကားကိုဆိုင်အတွင်း သစ်ပင်ရိပ်ထိ ရောက်အောင်မောင်းပြီး ဝင်မသွားသေးဘဲ လမ်းဘေးတစ်နေရာမှာရပ်ထားခဲ့ပြီးမှ ထမင်းစားလို့ရ၊ မရကို သွားရောက်စုံစမ်းမေးမြန်းရတယ်။ ဒီလိုမေးမြန်းတဲ့အခါမှ လူနှစ်ယောက်ဆိုင်ထဲကနေ ထွက်လာကြပြီး တရုတ်-မြန်မာဟင်းလျာတွေကို မှာယူစားသောက်နိုင်တယ်ဆိုတာကို သိရှိသေချာသွားရတော့တယ်။ ဒီတော့မှကားကိုလဲ ဆိုင်ခြံဝင်းအတွင်း သစ်ပင်ရိပ်အောက်ထိ မောင်းလာ၊ ခရီးဖော်တွေကိုခေါ်၊ စားပွဲကုလားထိုင်တွေမှာ ထိုင်ပြီးမှ စားသောက်ဖွယ်ဟင်းလျာတွေကို မှာယူကြရတယ်။ အချိန်နာရီနဲ့ပုသိမ်မြို့၊ ငွေဆောင်ကမ်းခြေရှိရာတွေထိမိုင်အကွာအဝေးတွေ ကားမောင်းချိန်တွေကို တွက်ချက်မှန်းဆပြီး အချိန်ကောင်းကောင်းရနေနိုင်တာနဲ့ သစ်ပင်ရိပ်ကောင်းကောင်းအောက်မှာ အေးအေးဆေးဆေးအပန်းဖြေအနားယူစားသောက်နိုင်ကြဖို့အတွက် တရုတ်ဟင်းလျာတွေကို အဓိကမှာယူထားလိုက်တယ်။

ဟင်းတွေကိုမှာယူကြတဲ့အခါ ဆိုင်ရှင်သားအမိနှစ်ယောက်ရဲ့ ပြောပြချက်အရ ကြက်၊ ဝက်၊ ငါးအကြော်၊ အလှော်၊ အကင် ဘာဟင်းကိုမှာမှာ တစ်ပွဲ ၆၀၀၀ ကျပ်၊ ငါး၊ ပုစွန်ပင်လယ်စာတွေအပါအဝင် ဟင်းရည်တစ်ပွဲ ၈၀၀၀ ကျပ်၊ ကြက်၊ ဝက် အစိမ်းကြော်၊ ကြက်ဥမွှေကြော်တစ်ပွဲ ၄၀၀၀ ကျပ် ပုံသေဈေးနှုန်းသတ်မှတ်ထားကြောင်း သိရှိလိုက်ရတဲ့အပြင် ဟင်းပွဲတွေက ဈေးသက်သာနေတာကြောင့် စားလို့ကောင်းတာ၊ မကောင်းတာကို အပထားပြီး တစ်ယောက်ကို ဟင်းတစ်ပွဲနှုန်းနဲ့ မိမိတို့ကြိုက်နှစ်သက်ရာကို မှာယူလိုက်ကြတယ်။ ပင်လယ်စာတွေနဲ့ တံ့ယန်းဟင်းရည်၊ ဝက်သားစင်းကော၊ ဝက်သားကုန်းဘောင်ကြီးကြော်၊ ဝက်နံကင်ကြော်၊ ကြက်သားချဉ်စပ်၊ ကြက်သားအစိမ်းကြော်၊ ဝက်သားအစိမ်းကြော်၊ ဖီတန်သုပ် စတဲ့ဟင်းလျာရှစ်မျိုးကို တစ်ယောက်တစ်မျိုးမှာယူပြီး မကြာခင် ရှေ့ဆင့်နောက်ဆင့် ဟင်းပွဲတွေရောက်ရှိလာတဲ့အခါမှာ ဟင်းပွဲတွေက စားကောင်းပါတယ်။ စားသောက်ကြပြီးလို့ ငွေရှင်းတဲ့အခါ လူရှစ်ယောက် ဟင်းရှစ်ပွဲကို ၅၃၀၀၀ ကျပ်သာကုန်ကျနေတယ်။ ထမင်းဖိုးအတွက် လူတစ်ယောက်ကို တစ်ထောင်ကျပ်သတ်မှတ်ထားပြီး ရေသန့်ဘူးနှစ်ဘူးကို မေတ္တာလက်ဆောင်အဖြစ်ပေးပါသေးတယ်။ အလွန်ဈေးနှုန်းချိုသာပြီး စားလို့ကောင်းတဲ့ဆိုင်ကလေးတစ်ဆိုင်ပါ။

ဒါပေမဲ့ မိမိတို့ခရီးဖော်တွေ စားကြသောက်ကြ၊ စကားပြောကြရင်းနဲ့ မြောင်းမြမြို့ကိုသွားမယ်ဆိုရင် အသွား ၅ မိုင်၊ အပြန် ၅ မိုင်၊ ခရီးမိုင်စုစုပေါင်း ၁၀ မိုင်ကို ရုတ်တရက်ဆုံးဖြတ်တွက်ချက်လိုက်တာတွေ မှားယွင်းသွားခဲ့ကြောင်း၊ နောက်တစ်ခေါက် ဒီခရီးကိုပြန်လာကြဖို့ မလွယ်ကူကြောင်း၊ မြောင်းမြမြို့က ဧရာဝတီတိုင်းဒေသကြီးထဲမှာ အထင်ကရမြို့ကြီးတစ်မြို့ဖြစ်ကြောင်း၊ အခုတစ်ခေါက်မှာ အဆင်သင့်ကြုံကြိုက်နေရက်သားနဲ့ မရောက်ခဲ့ကြရတာ အလွန်နစ်နာကြောင်း ပြောဆိုဆွေးနွေးခဲ့ကြပြီး နောင်တကိုယ်စီရကြရတယ်။ ကျုံးဝါးလမ်းဆုံတုန်းက ကားကိုခဏရပ်ပြီး စဉ်းစားတိုင်ပင်ကြတဲ့အခါ အားလုံးကမြောင်းမြကို မသွားကြတော့ဘဲ ရှေ့ခရီးကို ဆက်လက်သွားရောက်ကြဖို့ ဆုံးဖြတ်လိုက်ကြတာပါ။ စားရင်းသောက်ရင်း သေသေချာချာအချိန်ယူ စဉ်းစားတွေးတောလိုက်ကြတော့မှ မြောင်းမြကို မဝင်ခဲ့မိတာ မှားယွင်းကြောင်းသိကြရတယ်။ အခုခရီးစဉ်မှာ ဧရာဝတီတိုင်းဒေသကြီးထဲက မြို့ကြီးတစ်မြို့ကိုရောက်ရှိဖို့ လွဲချော်သွားခဲ့ရပါပြီ။

မြောင်းမြဆိုတာ မွန်ဘာသာအသံထွက် မရောင်မလဲ့ကနေ ဆင်းသက်လာခဲ့ပြီး မရောင်ဆိုတာက မြောင်း၊ မလဲ့ဆိုတာကမြရာပင် ဖြစ်ပါတယ်။ ဒါကြောင့် မရောင်မလဲ့-မြရာပင်မြောင်းဆိုပြီး အဓိပ္ပာယ်ရနေတယ်။ မြောင်းမြမြို့မှာ ကျိုက်ဇလဲထော်လို့ခေါ်တဲ့ မြောင်းမြမြို့ဟောင်းကြီး တည်ရှိနေသေးကြောင်းနဲ့ စကြာနန္ဒစေတီတော်ကြီးက မြို့ကျက်သရေဆောင်ကျော်ကြားထင်ရှားနေကြောင်း သိထားရတယ်။ ဒ့ါပြင် ဘုရားစေတီတွေ အလွန်ပေါများတဲ့ အကြေပုဂံခေါ် မြောင်းမြမြို့ဟောင်းတည်ရှိနေသေးကြောင်း ထပ်မံမှတ်သား သိရှိလိုက်ရတာကြောင့် မြောင်းမြမြို့ကို မဝင်ဖြစ်ခဲ့တာ မှားသွားလေခြင်းဆိုပြီး နောင်တအခါခါရကြရတယ်။ ဒါပေမဲ့ နောက်တစ်ခေါက်အခွင့်အခါရရင် သွားရောက်လေ့လာလည်ပတ်ကြဖို့ ဆုံးဖြတ်ထားလိုက်ကြတယ်။

ထမင်းစားသောက်ပြီးကြတဲ့အခါ မိုင် ၂၀ သာဝေးတော့တဲ့ ပုသိမ်မြို့ရှိရာကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ မိုင် ၂၀ ဆိုတဲ့ ခရီးအကွာအဝေးက မိနစ်အနည်းငယ်လောက်သာ မောင်းနှင်ရမှာပါ။ ဒါပေမဲ့ ပုသိမ်မြို့ကိုဝင်ရောက်ခါနီးမှာ လမ်းတွေတိုးချဲ့ပြင်ဆင်နေတာကြောင့် အချိန်အနည်းငယ် ကြန့်ကြာသွားခဲ့ရတယ်။ မျက်နှာချင်းဆိုင်ကနေ လာနေတဲ့ ကားကိုစောင့်ဆိုင်းမောင်းနှင်နေကြရလို့ ဖြစ်ပါတယ်။ ပုသိမ်မြို့အဝင်ကိုရောက်ရှိလာတဲ့အခါ ညနေ ၃ နာရီထိုးတော့မှာပါ။ မြို့တွင်းကနေဖြတ်သန်းလာရင်း ခရီးဖော်တွေကို ငွေဆောင်ကမ်းခြေသွားတဲ့အခါ ပုသိမ်တံတားအသစ်ကြီးကနေ သွားမလား၊ တံတားဟောင်းကနေသွားမလားဆိုပြီး မေးမြန်းကြည့်တော့ အားလုံးက တံတားအသစ်ကနေ သွားကြမယ်ဆိုတာကြောင့် တံတားအသစ်ကြီးရှိရာကို မောင်းနှင်လာခဲ့ရတယ်။ မကြာခင်မှာ အဖြူရောင်၊ အနီရောင်ဆေးတွေနဲ့ တံတားအသစ်ကြီးကို မြင်တွေ့ကြရတယ်။ တံတားအသစ်ဆိုပေမဲ့ အခုမှ တည်ဆောက်ဖွင့်လှစ်ထားတဲ့ တံတားအသစ်ကြီးမဟုတ်ပါဘူး။ ဖွင့်လှစ်ထားတာ နှစ်အနည်းငယ်ကြာမြင့်နေပါပြီ။ ဒါပေမဲ့ အရင်ရှိနေခဲ့တဲ့ တံတားကြီးတစ်စင်းရှိတာကြောင့် တံတားဟောင်း၊ တံတားအသစ်ဆိုပြီး သုံးစွဲခေါ်ဆိုနေတာပါ။ အခုဖြတ်သန်းမောင်းနှင်တော့မဲ့ တံတားအသစ်ကြီးက မြို့တွင်းမှာရှိတဲ့ဈေးတွေ၊ ကျောင်းတွေ၊ ရုံးဌာနတွေနဲ့ အနီးမှာရှိပါတယ်။

ပုသိမ်မြို့က ဧရာဝတီတိုင်းဒေသကြီးရဲ့ မြို့တော်ဖြစ်တာနဲ့အညီ မြို့တွင်းပိုင်းနေရာတွေကို ရောက်လာတာနဲ့ စည်ကားရှုပ်ထွေးမှုတွေနဲ့ ကြုံတွေ့လာရတယ်။ ဒါကြောင့်လဲကားကို ပိုမိုဂရုစိုက်မောင်းနေရတယ်။ တံတားအသစ်ကြီးရှိတဲ့နေရာက ဈေးနဲ့အလွန်နီးတာကြောင့် တံတားနားကိုရောက်လေ ပိုမိုရှုပ်ထွေးစည်ကားလေပါ။ မကြာခင်မှာ တံတားကြီးပေါ်ကနေ ဖြတ်သန်းမောင်းနှင်လာရပါတယ်။ တံတားကြီးအနီးမှာ ညနေပိုင်းဖွင့်ကာစ ညဈေးတန်းကို အပေါ်စီးကနေ တွေ့မြင်နေကြရပြီဖြစ်သလို မိမိတို့ခရီးဖော်အဖွဲ့တွေနဲ့အတူ တံတားကြီးကိုဖြတ်ပြီး ငွေဆောင်ကမ်းခြေရှိရာကို ဆက်လက်သွားရောက်ခဲ့ပါတယ်။ ခရီးစဉ်အရ ဝါးခယ်မကိုကျော်လွန်လာခဲ့ပြီး ပုသိမ်ကို ဖြတ်ကျော်နေပြီဖြစ်ပါတယ်။

ဝတ္ထုတိုကဏ္ဍာ

# ဆုတောင်းမများရအောင်

ထွန်းလှိုင်(မြိုင်)



တိရစ္ဆာန်ဆေးကုဆရာဝန် ဆရာမောင်တင်ထွေး ရန်ကုန်မြို့ ရောက်သည်မှာ ငါးရက်ရှိသွားပြီ။ သူ့ဆရာ အင်စပက်တော်မင်းက ရုံးချုပ်သို့ ငွေစာရင်းကိစ္စနဲ့ လွှတ်လိုက်တာ ဖြစ်တယ်။ ခရီးစရိတ်လဲ ရ၊ ဘုရားလဲဖူးရဆိုသလို တစ်ချက်ခုတ် နှစ်ချက်ပြတ်နဲ့ ရောက်ရှိလာတာဖြစ်ပြီး ရန်ကုန်မှာ လေး၊ ငါးရက်လောက်နေခဲ့ဖို့ မှာလိုက်ပါတယ်။ နောက်နေ့ဆိုရင် သူတာဝန်ကျရာ ဒေသသို့ ပြန်ရတော့မယ်။ ဒါပေမဲ့ တောင်တွင်းကြီးမြို့နယ် မွေးရပ်မြေဆပ်သွားကိုဝင်ပြီး အမေ့ကိုလဲ ကန်တော့ချင်သေးတယ်။ ခွင့်ပြုချက်မရဘဲ ရက်ပိုနေရမလားဆိုပြီး သူ့ဆရာ သိသွားရင် ပုနေအောင် ထုလိမ့်မယ်။ နှက်လိမ့်မယ်။ နောက်ဆုံး စားသောက်ဆိုင်တစ်ဆိုင်မှာ ညနေစာ အရည်ရော၊ အဖတ်ပါ ဧည့်ခံရပါလိမ့်မယ်။

ဒါကြောင့် ဆရာကြီးအင်စပက်တော်မင်း ကျေနပ်အောင် ရန်ကုန်ပြန်လက်ဆောင်ဝယ်မှဖြစ်မယ်။ ဆရာကြီးထက် ဆရာကတော်ဖို့ အဓိက ဝယ်ရမယ်။ ဆရာကတော်က အသက်ငယ်ငယ် ချောတယ်။ ခေတ်ဆန်တယ်။ ဒီတော့ အဆင်းလှလှဇင်းမယ်ပါတိတ်ဝမ်းဆက်၊ မိတ်ကပ်နဲ့ နှုတ်ခမ်းနီ၊ ဆရာကြီးဖို့တော့ ကျို့တို့ကျဲတဲ့ပေါက်နေတဲ့ ဆံပင်နဲ့ ထိပ်ပြောင်တာ ကာကွယ်ဖို့ ဦးထုတ် ဟုတ်ပြီ။ ဒီအစီအစဉ်အတိုင်း ဝယ်သွားမယ်ဆိုရင် ဆရာမောင်တင်ထွေး ရန်ကုန်အပြန် မွေးရပ်မြေဝင်လို့ရပြီ။ ချောက်မြို့ရုံးရောက်တော့ အိတ်တောင်ခြေမချရသေးဘူး။

''ဖိုးတင်ထွေး မင်းကြာလှချည်လားကွ။ လေးငါးရက်နေခဲ့ပါလို့ ပြောထားရက်နဲ့ အခုတော့ ရှစ်ရက်တောင် ရှိသွားပြီ။ ဝန်ထောက်မင်း သိသွားရင် ငါ့ကို အဆူခံနေရအုံးမယ်''

မျက်နှာထားတင်းတင်း အသံခပ်မာမာနဲ့ ဆိုပြောလေးပြောလိုက်၏။ ဘာရမလဲ။ ဆရာမောင်တင်ထွေးက ဒီအထာတွေ နပ်ပြီးသား။

''ရုံးကိစ္စတွေ မပြီးလို့ပါ ဆရာရယ်။ ပြီးတော့ ဆရာကတော်ဖို့ ဇင်းမယ်ပါတိတ် အဆင်ဆန်းဆန်းလေး နောက်ရက်မှ မော်လမြိုင်ရထားဝင်ရင် ပါမယ်ဆိုလို့ စောင့်နေမိတာပါ''

ဒီတော့ အင်စပက်တော်မင်းက စောစောကသုန်မှုန်နေတဲ့ မျက်နှာထားကနေ မှိုရတဲ့ မျက်နှာထားနဲ့-

''မင်း ရုံးကိစ္စ အဆင်ပြေခဲ့လားကွ''တဲ့။

''ဟုတ်ကဲ့ပါ ဆရာ''

ဆရာမောင်တင်ထွေးလဲ ပြောပြောဆိုဆိုနဲ့ ဆရာကတော်ဖို့ ဇင်းမယ်ပါတိတ်ဝမ်းဆက်၊ မိတ်ကပ်၊ နှုတ်ခမ်းနီဘူး၊ ဆရာကြီးဖို့ ဦးထုပ်တစ်လုံးပါ အိတ်ထဲက ထုတ်ပြီး ဆရာကြီးစားပွဲပေါ် တင်ပေးလိုက်ပြီး-

''ရန်ကုန်ပြန် လက်ဆောင်ပါ ဆရာကြီး''

ပြုံးဖြဲဖြဲနဲ့-

''ဒါတွေ မလိုပါဘူးကွာ''တဲ့။

ဒါပေမဲ့ အင်စပက်တော်မင်းက ဆရာမောင်တင်ထွေးပေးတဲ့ လက်ဆောင်တွေ ဗီရိုထဲ ထည့်ဖို့ ပြင်နေပြီ။ ကိုယ့်တပည့်က ဂါရဝပြုတာ မကြိုက် ဘယ်သူရှိပ့ါမလဲ။

ဆရာမောင်တင်ထွေးလဲ အဆင်ပြေသွားပြီ။ မော်တော်မီအောင်သွားမယ် ဆရာကြီးဆိုပြီး ပြောပြောဆိုဆို ထွက်သွားပါတော့တယ်။

ဆရာမောင်တင်ထွေးက ချောက်မြို့နယ်၊ ပခန်းမြို့ပခန်းမြို့နယ်ခွဲ တိရစ္ဆာန်ဆေးကုဌာနခွဲ (မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန)တွင် တိရစ္ဆာန်ဆေးကုဆရာဝန်တာဝန်နဲ့ ရုံးနဲ့ ကနားနဲ့ နေသူဖြစ်တယ်။ နယ်က လူတော်တော်များများကတော့

''ဆရာ''တဲ့။

ခင်မင်သူတွေကတော့ ''ဆရာ တိရစ္ဆာန်'' တဲ့။ အချို့ကျတော့ ''နွားဝေးကု ဆရာကြီး''တဲ့။ အမျိုးမျိုးခေါ်ကြပေမဲ့ ဆရာမောင်တင်ထွေး စိတ်မဆိုး။ စကားမပြောတတ်တဲ့ တိရစ္ဆာန်တွေ ကျန်းမာရေးစောင့်ရှောက်ပေးရလို့ သူပျော်နေတယ်။

ဆရာမောင်တင်ထွေး ပခန်းငယ်မှာ ရုံးစိုက်တယ်ဆိုပေမဲ့ ကျေးရွာအုပ်စုက ၁၆ အုပ်စု၊ ကျေးရွာပေါင်း ၇၀ ကျော်မှာ ရှိတဲ့ တိရစ္ဆာန်တွေရဲ့ ကျန်းမာရေးစောင့်ရှောက်ပေးရတာ။ ကာကွယ်ဆေးထိုးတာ၊ ဆေးကုသပေးရတာ၊ မွေးမြူရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးရတာ၊ မေထုန်မဲ့သားစပ်ပေးရတာ၊ တိရစ္ဆာန်ဦးရေစာရင်း ကောက်ယူတာ၊ အာဏာပိုင်အဖွဲ့စစ်ကြောင်းနဲ့လိုက်ပါဆောင်ရွက်ရတာ စတဲ့ လုပ်ငန်းတွေလုပ်ရတာ ဂျင်ခြေလည်နေတာပဲ။ တစ်လ ရက် ၂၀ ခရီးထွက်ရတော့ ရုံးစိုက်ရာမှာ နေရတယ်မရှိ။ တစ်ရွာဝင်တစ်ရွာထွက် လှည့်လည်ကျက်စားပြီးဌာနလုပ်ငန်းတွေ ဆောင်ရွက်ရတာ။ ရုံးစိုက်ရာ ပခန်းငယ်မှာဆို ထမင်းအိုး ပျောက်နေတယ်။ ဟန်ကျလိုက်တာ။

ရန်ကုန်အပြန် ရုံးစိုက်ရာ ရောက်တယ်ဆိုပဲ-

''ဆရာ ဇောင်းတောကန်က ဥက္ကဋ္ဌဦးရာကျော်လာသွားတယ်။ နွားငယ်တစ်ကောင်နဲ့ ခိုင်းနွားကြီးတစ်ကောင်ယာထွန်ပြီးအပြန် ချက်ချင်း လဲသေသွားတယ်တဲ့။ ဆရာ ရောက်ရင် ဆက်ဆက်လာခဲ့ပါတဲ့''

''လေးပင်ကုန်းက ဦးတင်ဦးလို့ ပြောတယ်။ နွားသိုးငါးကောင်သင်းကွပ်ချင်လို့တဲ့''

''ဦးယာဥ်က ကိုသန်းရှိန်က နွားမသားစပ်ဖို့လဲ လာခေါ်တယ်။ ဒီတစ်ခါ ဆရာနောက်ကျလို့ အချိန်မမီရင် နောက်တစ်ခါ ၂၁ ရက်ပြည့်ရင် လာခဲ့ပါတဲ့''

''ကျောက်ရဲ ရွာသစ်က ဦးဘိုကတော့ နွားတွေကာကွယ်ဆေးထိုး ချင်လို့တဲ့''

''မြောက်ပိုင်းက မိချိုတို့အိမ်က ဝက်မကြီး မွေးပြီး နို့မထွက်လို့တဲ့ ဆရာ။ ရောက်ရောက်ချင်း လာခဲ့ပါတဲ့''

''အေး အေး သွားရမှာပေါ့ကွာ'' ဟု ပြောပြီး သက်ပြင်း မှုတ်ထုတ်လိုက်တယ်။

တပည့်ကျော် ကြက်ခြေပြာ ခင်မောင်သန်း ပြောရတာ မောသွားပြီ။

''အေး မနက်ဖြန် တို့ ဇောင်းတောကန် သွားကြမယ်ကွာ။ နွားသေတယ်ဆိုတော့ ''အောက်ဘရိတ်'' (ကူးဆက်ရောဂါ ကျရောက်ခြင်း)ဆိုတော့ အရေးကြီးတယ်။ ကျန်တာတွေ နောက်ရက်မှ လုပ်ကြတာပေ့ါ။ မင်းလဲ စောစောလာခဲ့ကွာ''

ဆရာမောင်တင်ထွေး တိရစ္ဆာန်ဆေးကုဆရာဝန်ဖြစ်တာ သုံးနှစ် သုံးမိုး ရှိပြီ။ ကျွဲနွားထောင့်သန်းရောဂါ၊ ကျွဲနွားလည်ချောင်းကွဲရောဂါ၊ ကျွဲနွားပေါင်ပုပ်လက်ပုတ်ရောဂါ၊ ကျွဲနွားခွာနာလျှာနာရောဂါ၊ အောက်ဘရိတ်ပေါင်းစုံ တွေ့ကြုံခဲ့ပြီးပြီ။ အောက်ဘရိတ်ဖြစ်ရင်တော့ ဘယ်အောက်ဘရိတ်မှ မကောင်း။ အစီရင်ခံစာ ရေးရတယ်။ ကာကွယ်ဆေးထိုးရတယ်။ တစ်နေရာမှ တစ်နေရာ မကူးစက်အောင် တားဆီးရတယ်။ ပင်ပန်းတယ်။ အလုပ်ရှုပ်တယ်။ ဒါကြောင့် အောက်ဘရိတ်မဖြစ်ဖို့ တိရစ္ဆာန်တွေအားလုံး ကျန်းမာစေကြောင်း မေတ္တာပို့ရသည့်ကြားက အခုလို ဇောင်းတောကန်ရွာမှာ အောက်ဘရိတ်ဖြစ်ကြောင်း သတင်းကြားရတော့ ဒုက္ခ။ ခရီးစရိတ်ကလေး၊ နေ့တွက်ကလေးတော့ ရပါရဲ့။ ပင်ပန်းတာက မစားသာ။ သွားရေးလာရေးကလဲခက်။ ခြေကျင်နဲ့ကုန်းကြောင်းပဲရှိတယ်။ ပင်ပန်းတာကို နားလည်ခဲ့ပေမဲ့ ဝါသနာအရ အသက်မွေးဝမ်းကျောင်းဖြစ်လို့ ဆရာမောင်တင်ထွေး ပျော်တယ်။ အဲဒီအချိန်တုန်းက ဝန်ထမ်းကလဲနည်း၊ ဗဟုသုတကလဲနည်းတော့ ကူးစက်ရောဂါတွေ ဖြစ်တာပေ့ါ။

ဇောင်းတောကန်ကျေးရွာ အောက်ဘရိတ်အကြောင်း အင်စပက် တော်ကြီးထံ အစီရင်ခံရအုံးမယ်။ အစီရင်ခံစာ ရောက်သွားလို့ကတော့ ''မင်းတို့ ကာကွယ်ဆေးမထိုးကြဘူးလား။ ရွာမဆင်းဘူးလား''ဆိုပြီးအထုအနှက်ခံရအုံးမယ်။ ပြီးခဲ့တဲ့လက ပေါင်ပုတ်လက်ပုတ် အောက်ဘရိတ်ဖြစ်လို့ အထုအနှက်ခံထားရတဲ့ မြည်တွန်တောက်တီးချက်တွေ မပျောက်သေးဘူး။ ကူးစက်ရောဂါသတင်း ကြားရရင်တော့ အင်ပက်တော်ကြီးရင်မှာ မောစမြဲ။ တိရစ္ဆာန်တွေရဲ့ ကျန်းမာရေးလုပ်အားတွေ မလျော့ပါးရေး၊ တစ်မြို့နယ်လုံး တာဝန် သူ့မှာရှိတယ်လေ။

ဆရာမောင်တင်ထွေးအနေနဲ့လဲ ဇောင်းတောကန်ရွာမှာ ကျွဲနွားတွေ ကာကွယ်ဆေး မထိုးရသေး။ တိရစ္ဆာန်ဆေးကုဆရာဝန် တစ်ယောက်တာဝန်ယူရတဲ့ ရွာပေါင်းကလဲ အများသား။ ဒီအထဲ တိရစ္ဆာန်ဦးရေ စာရင်းကောက်ရ၊ ပြည်သူ့အကျိုးပြုစစ်ကြောင်းလိုက်ရနဲ့ ဂျင်ခြေလည်နေတာပဲ။ ရောဂါအလိုက် ထိုးလိုက်ရတဲ့ ကာကွယ်ဆေးကလဲ နှစ်ပေါက်ပဲ။ လက်ချောင်းလေးတွေတောင် အမွေးတုံးပြီး အမာရွတ်ထင်နေပါတော့တယ်။

အညာနေက အလွန်ပူတယ်။ နေမပူအောင် ဆိုပြီး မနက်စောစော ဆရာမောင်တင်ထွေးတို့ ဆရာတပည့်နှစ်ယောက် ကျောပိုးအိတ် ကိုယ်စီလွယ်ပြီး လမ်းလျှောက်လာပေမဲ့ သဲတောရုန်းနေရလို့ ခရီးမရောက်လှ။ နေအတော်မြင့်မှ ဇောင်းတောကန်ရွာရောက်တော့ အိတ်ကိုယ်စီလွယ်ထားတဲ့ ဆရာမောင်တင်ထွေးတို့ကို အထူးအဆန်း ကြည့်နေကြတယ်။ အရေးထဲ ခွေးတွေက ဟောင်လိုက်သေး။ ဥက္ကဋ္ဌအိမ် ရောက်တော့ ၁၀နာရီ ကျော်နေပြီ။

အဆင်သင့်ပဲ ဥက္ကဋ္ဌတွေ့ရတယ်။ ရေနွေးသောက်ခဏတဖြုတ်နားပြီး နွားသေတဲ့အိမ်ကို သွားပြီး စုံစမ်းစစ်ဆေးမှုတွေ လုပ်ရတော့ ဆရာမောင်တင်ထွေးက စုံထောက်တစ်ပိုင်းဖြစ်သွားတယ်။ ဘယ်နေ့ကစဖြစ်သလဲ။ ဘယ်နှကောင် သေသလဲ။ ဘယ်နေရာမှာ ဘာဖြစ်သလဲ။ ဘာတွေ တွေ့သလဲ။ ဘယ်လောက်ခံသလဲ။ ဘယ်လိုကူးစက်သလဲ စတဲ့ မေးခွန်းပေါင်းသောင်းခြောက်ထောင်မေးရပြီ။ ဥက္ကဋ္ဌရော နွားပိုင်ရှင်ပါ အလုပ်ရှုပ်သွားပြီ။ ဦးနှောက်စားပြီပေ့ါ။

''နွားသေတာ နှစ်ကောင် ရှိသွားပြီ။ အရင် နွားပေါက်တစ်ကောင် သေတယ်။ နှစ်ရက်လောက်ကြတော့ ဟောဒီ ဦးမြအောင် ခိုင်းနွားကြီး ယာထွန်ပြန် ကတုန်ကယင်ဖြစ်ပြီး သေသွားတယ်။ ဗိုက်ကြီးကလဲ ဖောင်းလာတယ်။ အခု ရွာထဲက လူတွေလန့်နေကြတယ်ဆရာ''

ဥက္ကဋ္ဌ ဦးရာကျော်မှ ရှင်းပြတယ်။

''သေတဲ့ နွားတွေ မြေမြှုပ်ပစ်လား ဥက္ကဋ္ဌကြီး''

''နွားတွေက နာဖျားမနေဘဲ ရုတ်တရက် သေသွားတော့ အောင်နိုင်နတ်ဖမ်းစားတယ်ဆိုပြီး ဖျက်ရောင်းတယ် ဆရာ။ ပြီးတော့ နွားပြန်ဝယ်ဖို့ ငွေကလဲ ခက်ခဲတော့ ဒီလိုပဲ လုပ်ကြတယ်''

''ကောင်းရောဗျာ၊ ခင်ဗျားတို့ ရောဂါတွေ ဖြန့်သလို ဖြစ်ကုန်ပြီ။ နွားဖျက်တော့ ဘာတွေ ထူးခြားတာတွေ့လဲ''

''ဝမ်းခေါင်းချိုင့်ထဲ အရည်တွေအပြည့် ဆရာ၊ အူတွေလဲ နီနေတယ်။ သရက်ရွက်က နည်းနည်းကြီးနေသလိုပဲ ဆရာ''နွားပိုင်ရှင်မှ ပြောပြပါတယ်။

''အနီးစပ်ဆုံး ထောင့်သန်းရောဂါပဲ ဥက္ကဋ္ဌကြီးရေ၊ နေ့လယ် ၂ နာရီလောက် ရွာထဲရှိ နွားတွေအားလုံး ကာကွယ်ဆေးထိုးရအောင် ရွာဆော်ကို အော်ခိုင်းပေးတော့ဗျာ။ ညဘက်ထမင်းစားပြီး တောင်သူတွေ

စာမျက်နှာ ၂၅ သို့ ➤

# စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာသီးနှံ ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး



**စစ်ကိုင်း ဇန်နဝါရီ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာသီးနှံ ၃၁၃၃၇ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအာလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နေကြာ ၃၁၃၃၇ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိအချိန်မှာတော့ ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပကနေတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် များပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

ယခုနှစ် စစ်ကိုင်းမြို့နယ်တွင် နေကြာစိုက်မည့်တောင်သူများကို မျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ချိုသာသော ဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေးစီမံထားခြင်း၊ ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှတောင်သူ ဖလှယ်သည့် နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးသွားမည် ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်တွင် နေကြာ အထွက်နှုန်း ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံနိုင်သည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာမည် ဖြစ်သောကြောင့် နေကြာကို ယခုထက်ပိုမို စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ဆက်လက် ပြောပြ၍ သိရသည်။

(၂၀၆)

---

➤ စာမျက်နှာ ၂၄ မှအဆက်

ဥက္ကဋ္ဌကြီးအိမ် စုပေး၊ နွားရောဂါအကြောင်း နည်းနည်းပြောရအောင်"

ဥက္ကဋ္ဌအိမ်ရောက်တော့ ဥက္ကဋ္ဌကတော်နဲ့ ထမင်းဝိုင်းက ဆီးကြိုနေတယ်။ ဟင်းခွက်တွေက များလိုက်တာ။

"ဆရာရေ ဘာမှ အားနာစရာ မလိုဘူးနော်။ ကျွန်တော့်အိမ်က ဟော့ဒီအမဲသားဟင်းတစ်မျိုးပဲ ချက်ရတာ။ ကျန်တဲ့ဟင်းတွေက ဧည့်သည်ရောက်ရင် အိမ်နီးချင်းတွေက တစ်အိမ်တစ်မျိုး ပို့နေကျ။ အဲဒါ ကျေးရွာဓလေ့ပဲ ဆရာ"

အင်း တစ်နေ့က သေတဲ့ အမဲသားတော့ မဖြစ်လောက်ပါဘူး။ ပဲသီးဟင်း၊ ချဉ်ပေါင်ရွက်ဟင်း၊ ငါးပိကောင်ကြော်၊ ကြက်ဥကြော်၊ မြေပဲဆန်ချက်၊ ငါးပိချက်၊ ကင်းပုံသီးချက်၊ ပဲကြီးနှပ်၊ ပဲနောက်ဟင်းချို၊ ငရုတ်သီးထောင်း၊ ပုန်းရည်သုပ်၊ ဆက်နေရရင်ထမင်းစားရတော့မှာ မဟုတ်တော့။ ဆရာမောင်တင်ထွေးတို့ ဆာဆာနဲ့ ခေါင်းမဖော်နိုင်အောင် စားလိုက်ကြတာ ရေသောက်ဖို့ နေရာတောင် ချန်ဖို့မေ့သွားတယ်။

ဆရာမောင်တင်ထွေးတို့ ထမင်းစားများလို့ စားပိုးနင့်နေပြီ။ ထမင်းလုံးစီမယ်လုပ်တုန်း ရွာလယ်ဇရပ်မှာ ကာကွယ်ဆေးထိုးဖို့ နွားတွေ တရုန်းရုန်း ဖြစ်နေကြပြီ။ ဦးရာကျော်က ဆေးထိုးသွားဖို့ ရေနွေးဇလုံနဲ့ စောင့်နေ၏။ ဆရာမောင်တင်ထွေးတို့လဲ ဆေးထိုးပိုက်ရေနွေးစိမ်ပြီး ကာကွယ်ဆေးထိုးဖို့ ပြင်ဆင်လိုက်တယ်ဆိုရင်ပဲ သူ့နွားအရင်ထိုးပါ၊ ငါ့နွားအရင်ထိုးပါးဆိုပြီး အလုအယက် နွားတွေဆွဲလာပါတော့တယ်။ ဆရာတပည့်နှစ်ယောက် လိုးဝါးမောင့် ဆေးထိုးပိုက် တစ်ယောက်တစ်ချောင်းနဲ့ ဆိုင်းဆရာစိန်ကုလား ပတ်ဝိုင်းတီးသလို မလွှတ်တမ်း ထိုးနေရတယ်။ ဒီထဲ ထိပ်ကွက်လို့ မြီးမစွတ်တဲ့နွား၊ နွား ပြာထိပ်နီ၊ နွားဂျစ်မွေး နွားတွေပါလာလို့ကတော့ ဆေးထိုးတဲ့ဆရာလဲ အကပ်မခံ၊ ကျန်တဲ့နွားတွေလဲ ဝေ့နဲ့ နွားအလစ် ကာကွယ်ဆေးထိုးလိုက်မိလို့ကတော့ ဆရာလဲ ရှောင်မိအောင်ရှောင်၊ ကျန်တဲ့နွားတွေလဲ ဝေ့နဲ့ ဝရုန်းသုန်းကား ဖြစ်သွားတာပဲ။

တိရစ္ဆာန်ဆရာဝန်တွေ ပုံမှန်အလှည့်ကျ ကာကွယ်ဆေးထိုးသွားရင် တစ်ကောင်နဲ့တစ်ကောင် တစ်နေကုန်အောင် စောင့်ထိုးရတယ်။ အခုလို တစ်ကောင်နှစ်ကောင်သေပြီဆိုရင်တော့ ကာကွယ်ဆေးထိုးရတာ လက်မလည်တော့ဘူး။ ဟိုက ဆရာ ဒီက ဆရာနဲ့ တစ်ခါတလေ ကာကွယ်ဆေးထိုးချင်လွန်းလို့ နွားတစ်ကောင်၊ နှစ်ကောင် သေပါစေလို့ ဆုတောင်းရမလို ဖြစ်နေတယ်။ ဆုတောင်းမမှားရအောင် နွားတွေ ကာကွယ်ဆေးမှန်မှန်ထိုးဖို့ ညကျရင်တော့ ဆွေးနွေးရအုံးမယ်။ ညနေ ၅ နာရီလောက် နွားအကောင် ၂၀၀ ထောင့်သန်းရောဂါကာကွယ်ဆေး ထိုးပြီးသွားပြီ။

ညနေဘက် ရေချိုးဆင်းပြီး ထမင်းမစားမီ ဥက္ကဋ္ဌကြီးက–

"ဆရာ ဟိုဒင်းဟိုဟာလေး လုပ်သလားတဲ့"

"ဘာလဲဗျ ဥက္ကဋ္ဌကြီးရဲ့ ဟိုဒင်း ဟိုဟာဆိုတာ"

"ထွေးညို (တောအရက်၊ တချို့က ဂျမ်း) ပြောတာ ဆရာ"

"ဆရာရေ မေးလို့သာ မေးရတာ ကျွန်တော်လဲ ဘွားတော်ကို ကြောက်ရတယ်။ ဧည့်သည်လာရင်တော့ ခွင့်လွှတ်ပါတယ်။ ဒါကြောင့် ဧည့်သည်ပဲ မျှော်နေတာ"

ယမကာမှီဝဲဖို့အရေး ဥက္ကဋ္ဌကြီးဦးရာကျော်က ကျွန်တော်တို့ကို တရားခံ လုပ်နေပြီ။

ဒီလိုဆိုလဲ စားကောင်းသောက်ကောင်း တစ်ခွက်တစ်ဖလား သောက်ကြတာပေ့ါ ဥက္ကဋ္ဌကြီးရယ်"

ဦးရာကျော်သည် ပြည်သူ့ကောင်စီ မရွေးခင်ကတည်းက ကျေးရွာလူကြီး ဖြစ်တယ်။ ရွာပေါ်ရပ်ပေါ် စေတနာထားမှု၊ သူ့ဘက်ကိုယ့်ဘက် ဘက်လိုက်မှု မရှိ၊ မှန်မှန်ကန်ကန် ဆောင်ရွက်ပေးလေ့ ရှိတယ်။ သူ့ရဲ့ ရိုးသားမှုနဲ့ ဒီနေ့ထိ ရပ်ရွာအကြီးအကဲ တာဝန်ယူနေရာ အသက် ၆၀ ကျော်နေပြီ။ ဦးရာကျော်ဆိုရင် မင်းစိုးရာဇဌာနဆိုင်ရာ အကြီးအကဲ မသိသူမရှိ။ ဧည့်သည်လာရင်တာဝန်ကျေတယ်။ ဒါကြောင့် ဇောင်းတောကန်ဆိုရင်မဆွတ်ခင်က ညွတ်ပြီးသား။ အခုတော့ ညစာမစားမီ ဥက္ကဋ္ဌ ကြီးဦးရာကျော်လဲ အဆင်ပြေသွားပြီ။ ဆရာမောင်တင်ထွေးလဲ စားကောင်းသောက်ကောင်း ဖြစ်သွားပြီ။

ညဘက် ထမင်းစားပြီးတော့ ဥက္ကဋ္ဌအိမ်မှာ လူတော်တော်စုံနေပြီ။ ရောက်တုန်းရောက်ခိုက် ကူးစက်ရောဂါအကြောင်း နည်းနည်းဆွေးနွေးရဦးမယ်။

"ဆရာရေ တောင်သူတွေ စုံသလောက် ရှိနေပြီ"

"ကိုင်း...ဒီညတော့ ခင်ဗျားတို့ရွာမှာ ဖြစ်ပွားတဲ့ ထောင့်သန်းရောဂါ အကြောင်း နည်းနည်းသိထားရအောင် ဆွေးနွေးရအုံးမယ်"

"အခု ဦးမြမောင် နွားကြီးသေတဲ့ရောဂါက "ကျွဲနွားထောင့်သန်းရောဂါဗျ၊ နေရာဒေသအလိုက် သည်းကြီးရင်ကား၊ အူပေါ်ရေလျှံ၊ မှင်တက် မိနာ၊ သရက်ရွက်ကြီးရောဂါ၊ အောင်နိုင်နတ်ဖမ်းစားတယ်ဆိုပြီး အမျိုးမျိုး ခေါ်ကြတယ်။

ဒီရောဂါဟာ ဘက်တီးရီးယား ပိုးတစ်မျိုးကြောင့် ဖြစ်တာပဲ။ ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်၊ ဆင်တွေပါဖြစ်ပြီး အခန့်မသင့်ရင် လူတွေပါ ကူးစက်ပြီး အချိန်မီ ဆေးမကုရင် သေဆုံးနိုင်ပါတယ်။

ဒီထောင့်သန်းရောဂါက ကြောက်စရာကောင်းတယ်။ ကျွဲ၊ နွား ကာကွယ်ဆေးထိုးမထားလို့ကတော့ တစ်ခြံလုံး၊ တစ်ရွာလုံး ပြုတ်အောင် သေတာပဲ။ ဒါကြောင့် ထောင့်သန်းရောဂါ ကာကွယ်ဆေးပုံမှန် ထိုးကြဖို့ လိုတယ်။ ဆရာမောင်တင်ထွေး ထောင့်သန်းရောဂါအကြောင်း ဆွေးနွေးပြီး တစ်နေကုန် ပင်ပန်းသမျှ အနားယူလိုက်ပါတော့တယ်။

## လှပစိတ်ထား

- မေတ္တာကို အခြေခံထားလို့
  နေကြံသွားစို့ တို့တစ်တွေ၊
  ရှင်သန်ချိန် ကိုယ်ပေးစွမ်း
  အေးချမ်းစိတ်နေ၊
  အတ္တတို့ ရှောင်ရှားလေ
  အောင်စကားတွေ ပြောကြားရင်း၊
  တစ်ဦးကို တစ်ဦးက
  ဖေးမဆောင်ကြဦး။

- ဗြဟ္မစိုရ် ကိုယ့်ရင်တွင်းက
  ချစ်ခြင်းနှင့် ပြောပြုကြံ၊
  လုပ်ဆောင်ရာ အေးသဘော
  မနှောမှန်ကန်၊
  လောဘနှင့် တစ်ယူမသန်
  ကြည်ဖြူဉာဏ် မြတ်ဆန္ဒ၊
  ကောင်းမှုဆောင် ရင်ဝယ်ကိန်း
  ထိန်းသိမ်းစိတ္တာ။

- ရှင်သန်ချိန် တစ်ခဏမို့
  အလှတို့ ဖြစ်စေအောင်၊
  မကောင်းညဉ့် ဒုစရိုက်
  မလိုက်ဖယ်ရှောင်၊
  ငြိမ်းချမ်းတဲ့ လူ့ပြည်ဘောင်
  မြတ်ဂုဏ်ရောင် ဖန်တီးလျက်၊
  ဦးထိပ်တည် များကောင်းကျိုး
  သယ်ပိုးဆောင်ရွက်။

- များအပေါ် ပေးပြုလက်
  ကျေးမှုမခက် မတွန့်တို၊
  စေတနာ ကိုယ့်ရင်တွင်းက
  ကောင်းခြင်းနှင့်ဆို၊
  ချစ်ခြင်းနှင့် အမုန်းမသို
  အပြုံးချို ဂုဏ်အင်များ၊
  စိတ္တဝယ်
  ထိပ်ကတွယ် မြတ်သီလနှင့်
  လှပစိတ်ထား။ ။

ခေတ်သစ် (ကြွေပုဂံ)


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

# ပေါင်းစည်းချစ်ကြည်လက်တွဲညီ ပြည်ထောင်စုရဲ့ပန်းတိုင်ဆီ

မန္တလာ ကိုကိုဝင်း

**❖တိုင်းရင်းသားအားလုံးက စည်းစည်းလုံးလုံးညီညီညွတ်ညွတ်နဲ့ ဆောင်ရွက်ကြမယ်ဆိုရင် မြန်မာနိုင်ငံမှာ ပညာတတ်တွေပေါ်များလာပြီး နိုင်ငံရဲ့အနေအထားက ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံကနေ ဖွံ့ဖြိုးပြီးနိုင်ငံအဖြစ်သို့ တက်လှမ်းနိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံအတွင်းမှာမှီတင်းနေထိုင်ကြတဲ့ ပြည်သူတွေအနေနဲ့ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ မိမိတို့ရဲ့လူမှုစီးပွားဘဝတွေမြင့်မားရေးကို လိုလားကြသူတွေသာဖြစ်ပါတယ်။❖**

ပြည်ထောင်စုနေ့ဆိုတာ မြန်မာ့လွတ်လပ်ရေးရရှိဖို့ အနီးကပ်ဆုံးလှမ်းလိုက်တဲ့ခြေလှမ်းတစ်လှမ်းဆိုရင်မမှားပါဘူး။ လွတ်လပ်ရေးဆိုတဲ့ ပန်းတိုင်ရဲ့ အနီးဆုံးမှာတည်ရှိနေတဲ့ နေ့မြတ်တစ်နေ့မို့ လွတ်လပ်ရေးရရှိအောင် တိုက်ပွဲဝင်ခဲ့ကြသူအပေါင်းကို အထူးပဲကျေးဇူးတင်သတိရမိပါတယ်။ ပြည်ထောင်စုနေ့အကြောင်း ရေးသားဖော်ပြမယ်ဆိုရင် အင်္ဂလိပ်ကိုလိုနီနယ်ချဲ့တွေ မြန်မာနိုင်ငံထဲကို ဒုတိယအကြိမ် ပြန်လည်ဝင်ရောက်လာရာကနေ အစပြုချင်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်တဲ့ ဘီအိုင်အေ ဗမာ့လွတ်လပ်ရေးတပ်မတော်ဟာ ဂျပန်တွေဆီမှာ စစ်ပညာသင်ယူတယ်။ အင်္ဂလိပ်ကို ဂျပန်နဲ့ပူးပေါင်း တိုက်ထုတ်တယ်။ နောက်တစ်ဖန် ဂျပန်တွေက မြန်မာတွေအပေါ်မှာ အလွန်ဆိုးရွားတဲ့ဖက်ဆစ်စနစ်နဲ့အုပ်ချုပ်ခဲ့လို့ တပ်မတော်နဲ့ ပြည်သူလက်တွဲပြီး ဂျပန်တွေကိုတိုက်ထုတ်ခဲ့ရပြန်တယ်။ အဲဒီအချိန် ဒုတိယကမ္ဘာစစ်မှာစစ်နိုင်ခဲ့တဲ့ အင်္ဂလိပ်တွေ မြန်မာနိုင်ငံထဲကို ပြန်ရောက်လာပါတယ်။

အင်္ဂလိပ်တွေက စက္ကူဖြူစီမံကိန်းရေးဆွဲလာပြီး အုပ်ချုပ်ခဲ့ကြတယ်။ နှစ်ပေါင်းတစ်ရာကျော် အုပ်ချုပ်လာခဲ့တဲ့ အင်္ဂလိပ်တွေဟာ မြန်မာနိုင်ငံကို ဆက်လက်အုပ်ချုပ်ချင်တယ်။ ဒါပေမဲ့ ဒီအချိန်မှာ ပြည်သူတစ်ရပ်လုံးက ဗိုလ်ချုပ်အောင်ဆန်းနဲ့အတူ ညီညွတ်စွာရှိနေကြပြီဖြစ်လို့ မဖြစ်မနေလွတ်လပ်ရေးပေးရတော့မဲ့ အနေအထားရောက်လာခဲ့ပါပြီ။ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့ကို အင်္ဂလိပ်ဗြိတိသျှနန်းရင်းဝန်အက်တလီက လန်ဒန်ကိုဖိတ်ခေါ်ပြီး ဆွေးနွေးတယ်။ အောင်ဆန်း-အက်တလီစာချုပ်ဖြစ်လာခဲ့တယ်။

အဲဒီလိုမဖြစ်ခင် ဗိုလ်ချုပ်အောင်ဆန်း လန်ဒန်မှာရှိနေစဉ်က ရှမ်းပြည်နယ်စော်ဘွားတချို့နဲ့ အင်္ဂလိပ်အလိုတော်ရိတွေက ဗိုလ်ချုပ်အောင်ဆန်းဟာ သူတို့ ကိုယ်စားလှယ်မဟုတ်ပါဆိုတဲ့ ကြေးနန်းဝင်လာခဲ့တယ်။ ရှမ်းပြည်နယ်မှာရှိတဲ့ တက်ကြွပြီး ပညာတတ်တဲ့လူငယ်တွေက လူထုစည်းဝေးပွဲတွေကျင်းပပြီး ဗိုလ်ချုပ်အောင်ဆန်းဟာ တစ်နိုင်ငံလုံးရဲ့ကိုယ်စားလှယ်ဖြစ်ကြောင်း ကြေးနန်းပြန်ပို့လိုက်တဲ့အတွက် အောင်ဆန်း - အက်တလီစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့တာဖြစ်ပါတယ်။

အဲဒီစာချုပ်မှာ အချက်ကြီး ၉ ချက်ပါဝင်ပါတယ်။ စာချုပ်အပိုဒ်(၈)မှာ "တောင်တန်းဒေသများက မြန်မာပြည်မနှင့် ပူးပေါင်းသည် မပူးပေါင်းသည်ကို ကွဲပြားစွာသိရှိနိုင်ရန် မိမိတို့၏ ထင်မြင်ချက်များကို ထုတ်ဖော်ပြောဆိုနိုင်ရေးအတွက် နောင်လဆန်းတွင် ကျင်းပမည်ဖြစ်သော ဝန်ကြီးများအစည်းအဝေးတွင်လည်းကောင်း၊ သို့မဟုတ် ဤကိစ္စအတွက် အထူးကျင်းပသော ကွန်ဖရင့်တွင်လည်းကောင်း၊ နယ်ခြားဒေသရှိ လူမျိုး၏ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များကို မေးမြန်းရမည်"လို့ ဖော်ပြထားပါတယ်။ ဆက်လက်ပြီး "ပင်လုံအစည်းအဝေးသို့ အထူးကွန်ဖရင့်အစည်းအဝေးပြီးဆုံးသည့်အခါတွင် ဘုရင်မင်းမြတ်အစိုးရနှင့် မြန်မာနိုင်ငံတော်အစိုးရတို့သည် နယ်ခြားဒေသလူများ ထုတ်ဖော်ပြောဆိုသော ထင်မြင်ချက်များနှင့် လိုက်လျောညီစွာအများ သဘောတူ လိုလားချက်များကို ဖြည့်စွမ်းပေးရန် အကောင်းဆုံးသောနည်းစနစ်ကို သဘောတူညီချက်ယူလိမ့်မည်ဖြစ်ကြောင်း" လို့ ဖော်ပြထားပါတယ်။

အင်္ဂလိပ်တွေအနေနဲ့ လွတ်လပ်ရေးပေးရမည်ဆိုလျှင်သော်မှ မြင်းခွာသဏ္ဌာန်ချန်ထားပြီးမှ လွတ်လပ်ရေးပေးချင်တယ်။ ဆိုလိုတာက တစ်နိုင်ငံလုံးကို တစ်ပြိုင်တည်း လွတ်လပ်ရေးမပေးချင်ဘူး။ သူတို့ရဲ့ လျှို့ဝှက်ချက်တွေကို မြန်မာ့အလင်းသတင်းထောက် ဦးစံအောင်က သိရှိခဲ့ပါတယ်။ အဲဒီအကြောင်းကို "ညီညွတ်ရေးအရေးတော်ပုံ" စာအုပ်ထဲမှာ ရေးထားပါတယ်။ နယ်ချဲ့တွေအနေဖြင့် မြင်းခွာသဏ္ဌာန်ဖြစ်တဲ့ ရခိုင်တိုင်းတစ်စိတ်တစ်ဒေသ၊ ချင်းဝိသေသတိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့ကို ဆက်လက်အုပ်ချုပ်ထားဦးမယ်ဆိုတဲ့ "သီးခြားဒေသအုပ်ချုပ်ရေး ဥပဒေစည်းမျဉ်းများ" စာတမ်းမှာ ဖော်ပြထားတာဖြစ်ပါတယ်။

ဒီနေ့ကာလအခေါ်အဝေါ်နဲ့ဆိုရင် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်လို့ခေါ်ပါတယ်။ မြင်းခွာပုံသဏ္ဌာန် တောင်တန်းဒေသကို အင်္ဂလိပ်တွေလက်အောက်မှာ ချန်ထားပြီး ပြည်မမြေပြန့်တစ်ခုလုံးကို လွတ်လပ်ရေးပေးဖို့ပါ။ အဲဒီရည်ရွယ်ချက် စီမံကိန်းအောင်မြင်စေဖို့ ကြိုးပမ်းနေတဲ့သူက နယ်ခြားဒေသအတွင်းဝန် စတီဗင်ဆင်ဖြစ်ပါတယ်။ ဖော်ပြပါအုပ်ချုပ်ရေးစည်းမျဉ်းအရဆိုရင် စော်ဘွားတွေမှာ တိုက်သူကြီးအဆင့်မျှသာရှိမှာဖြစ်ပါတယ်။ ရေးယခင်ကထက် အင်္ဂလိပ်အရာရှိတွေ ပိုမိုများပြားပြီး အုပ်ချုပ်မှာဖြစ်ပါတယ်။

အဲဒီစာတမ်းကို ဗိုလ်ချုပ်အောင်ဆန်းဆီ အရောက်ပို့ခဲ့ကြပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းဆီရောက်သွားတဲ့အတွက် ရခိုင်၊ ချင်းတောင်၊ ကချင်တောင်တန်းသားတွေကို ဗိုလ်ချုပ်အောင်ဆန်း စည်းရုံးရေးလုပ်ငန်းတွေ ကြိုတင်လုပ်ဆောင်ခဲ့ပါတယ်။ ပြည်ထောင်စုနေ့တိုင်းမှာ တွေ့မြင်နေရတဲ့ ဓာတ်ပုံတွေမှာ ဗိုလ်ချုပ်အောင်ဆန်းဟာ တိုင်းရင်းသားဝတ်စုံဝတ်ပြီး တိုင်းရင်းသားတွေနဲ့ စည်းလုံးညီညွတ်စွာရိုက်ကူးထားတဲ့ပုံကိုတွေ့မြင်နိုင်ပါတယ်။

သီးခြားဒေသအုပ်ချုပ်ရေး ဥပဒေစည်းမျဉ်းများ စာတမ်းနဲ့ပတ်သက်လို့ မိုင်းပွန်စော်ဘွားကြီးကို တင်ပြဆွေးနွေးတဲ့အခါမှာ မိုင်းပွန်စော်ဘွားက အင်္ဂလိပ်ကိုဆန့်ကျင်လာပါတယ်။ ၎င်းမှ ဆက်လက်ပြီး တောင်ပိုင်းစော်ဘွားကြီးကို ဆက်လက်တင်ပြဆွေးနွေးကြရာမှ ဤပြဿနာမှာ စော်ဘွားများလောကတွင် တွင်ကျယ်လာခဲ့ပါတယ်။ နောက်ဆုံးမှာတော့ စော်ဘွားများပင်လုံမှာ တွေ့ဆုံဆွေးနွေးကြရင်း ပထမပင်လုံညီလာခံသဘင်ကျင်းပဖို့ ဖြစ်ပေါ်လာခဲ့ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းအနေနဲ့ အင်္ဂလိပ်တွေရဲ့ အကြံအစည်ကို ကြိုတင်သိရှိခဲ့တာကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးလုပ်ငန်းတွေ ပိုမိုအောင်မြင်ခဲ့ပါတယ်။ အဲဒီစာတမ်းရဲ့ဂယက်ဟာ စော်ဘွားတွေ၊ ဒူးဝါးတွေလောကမှာလည်း တောမီးပမာပျံ့နှံ့ တောက်လောင်လျက်ရှိပါတယ်။

၁၉၄၆ ခုနှစ် မတ် ၂၀ ရက်မှ ၂၈ ရက်ထိ ရှမ်းပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်းနဲ့ အရှေ့ပိုင်းတို့ရဲ့ဆုံရာ လဲချားစော်ဘွားရဲ့နယ်အတွင်းရှိ ပင်လုံမြို့ကို ဗဟိုပြုပြီး တွေ့ဆုံဆွေးနွေးပွဲကျင်းပဖို့ စော်ဘွားကြီးငယ်တွေ၊ ဒူးဝါးတွေ၊ မျိုးချစ်ပုဂ္ဂိုလ်တွေ၊ စက်မှုလက်မှုပညာသည်တွေ၊ လူတန်းစားအလွှာအသီးသီးကို ဖိတ်ကြားထားပါတယ်။

ပထမအကြိမ်ပင်လုံဆွေးနွေးပွဲကို ပြည်မဖဆပလကိုယ်စားလှယ်များအဖြစ် ဗိုလ်ချုပ်အောင်ဆန်း၊ ဦးဘဖေနဲ့ မျိုးချစ်ပါတီမှ ဂဠုန်ဦးစောတို့ကိုလည်း ဖိတ်ကြားထားပါတယ်။ ဒ့ါပြင် နယ်ခြားဒေသမှ တိုင်းရင်းသား ချင်း၊ ကချင်များကိုလည်း ဖိတ်ကြားထားပါတယ်။ နယ်ခြားဒေသအတွင်းဝန် စတီဗင်ဆင်လည်း တက်ရောက်မှာဖြစ်ပါတယ်။

အဲဒီအစည်းအဝေးကို ဗိုလ်ချုပ်အောင်ဆန်း မတက်ရောက်ဖြစ်ခဲ့ပါဘူး။ သခင်နုနဲ့ မန်းဘခိုင်၊ ဦးစောတို့ တက်ရောက်ခဲ့ပါတယ်။ ပြည်တွင်းခရီးစဉ်နဲ့ ပြည်ပခရီးစဉ်တွေ သွားရောက်နေရလို့ဖြစ်ပါတယ်။ အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဆိုပြီးတဲ့အခါမှာ နန်းရင်းဝန်အက်တလီအနေဖြင့် ပင်လုံတွင်ကျင်းပရန်စီစဉ်ထားသည့် အစည်းအဝေးသို့ ဗိုလ်ချုပ်အောင်ဆန်းတက်ရောက်ဖို့ ဖိတ်ကြားခဲ့တယ်လို့ သိရပါတယ်။ အစပထမက ဗိုလ်ချုပ်အောင်ဆန်းကို ဖိတ်ကြားဖို့ရည်ရွယ်ချက်မရှိခဲ့ပါဘူး။ ဘုရင်ခံ တက်ရောက်ပြီး နယ်ခြားဒေသပြည်နယ်များသမဂ္ဂ အကောင်အထည်ဖော်ရေးအတွက် စီစဉ်ထားသော အစည်းအဝေးဖြစ်ပါတယ်။ နန်းရင်း ဝန်အက်တလီက ဗိုလ်ချုပ်အောင်ဆန်းကို ရှမ်းပြည်လူထုကထောက်ခံတယ်လို့ သိရှိသွားတဲ့အတွက် ဗိုလ်ချုပ်အောင်ဆန်းအနေဖြင့် ထိုအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားခဲ့တာဖြစ်ပါတယ်။ နယ်ချဲ့တို့အနေဖြင့် ၎င်းတို့အတွက် ကျိတ်၍စီစဉ်အကွက်ချထားတဲ့ပင်လုံအစည်းအဝေးဟာ ဗိုလ်ချုပ်အောင်ဆန်းအတွက် ပင်လုံအစည်းအဝေးအဖြစ်သို့ ရုတ်ခြည်းပြောင်းလဲသွားခဲ့ပါတယ်။

ပင်လုံညီလာခံကြီးကား မြန်မာပြည်မြေပြန့်နဲ့ တောင်တန်းဒေသတို့ရဲ့ ပူးပေါင်းရေး၊ မပူးပေါင်းရေး ပြဿနာ အဖြေပေးတော့မည့်ပွဲကြီးဖြစ်ပါတယ်။ အောင်ဆန်း - အက်တလီဆွေးနွေးနေစဉ် ဗိုလ်ချုပ်အောင်ဆန်းထံသို့ တောင်ကြီးလူထု၏ တောင်းဆိုတဲ့ ဆန္ဒကြေးနန်းအရ အင်္ဂလိပ်အစိုးရက ပင်လုံညီလာခံမှာ စော်ဘွားများ၊ တောင်တန်းသားများနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့၏ အစည်းအဝေးမည်သို့ဆုံးဖြတ်ကြမည်ကိုလေ့လာရန် မစ္စတာဘော်တွန်မလီရဲ့လေ့လာရေးအဖွဲ့ငယ်ကလေးကို ဗိုလ်ချုပ်တို့နှင့် ရှေ့ဆင့်နောက်ဆင့် ဘိလပ်မှ ပင်လုံသို့စေလွှတ်လိုက်ပါတယ်။

နယ်ချဲ့တို့ရဲ့အစီအစဉ်မှာ ပင်လုံညီလာခံအပြီး ရှမ်းစော်ဘွားတွေရဲ့ ပဒေသရာဇ်ကောင်စီအစည်းအဝေးကို ဖေဖော်ဝါရီ၁၅ရက်နေ့မှာ တောင်ကြီးမြို့၌ ကျင်းပမယ်။ အဲဒီအစည်းအဝေးကို ဘုရင်ခံပါတက်ရောက်ပြီး နယ်ခြားဒေသပြည်နယ်များသမဂ္ဂဟု အကောင်အထည်ဖော်ပြီး နယ်ချဲ့တို့အောင်ပွဲခံဖို့ဖြစ်ပါတယ်။ ဒါပေမဲ့ ရှမ်းစော်ဘွားတွေနဲ့ တောင်တန်းဒေသကိုယ်စားလှယ် ဂျိန်းဖော(ကချင်)ဒူးဝါးကြီးနဲ့ ချင်းခေါင်းဆောင်များမှာ ဗြိတိသျှတို့ရဲ့ နယ်ခြားဒေသအုပ်ချုပ်ရေးဥပဒေ (ထိပ်တန်းလျှို့ဝှက်)ကြီးကို အသေးစိတ်လေ့လာထားပြီးဖြစ်လို့ အပေါ်ယံသကာလိမ်းထားတယ်ဆိုတာသိနေကြပါပြီ။ တောင်တန်းဒေသသားတွေကို ကျွန်တွင်းမှာ ဆက်လက်နှံ့နစ်ရုံမှတစ်ပါး မထူးခြားသည်ကို စော်ဘွားတချို့ အထူးသဖြင့် မိုင်းပွန်နဲ့ တောင်ပိုင်းစော်ဘွားကြီးတို့က သဘောပေါက်ကြပါတယ်။ နယ်ချဲ့အင်္ဂလိပ်တွေအဖို့ အထင်နဲ့ အမြင်တခြားစီဖြစ်သွားပါပြီ။

ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှာ မြန်မာပြည်မကခေါင်းဆောင်တွေနဲ့ တောင်တန်းဒေသကခေါင်းဆောင်များ မြန်မာပြည်မနှင့်ပူးပေါင်း၍ လွတ်လပ်ရေးကိုအရယူရန် ဆွေးနွေးသဘောတူညီမှုရရှိခဲ့ကြပါတယ်။ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၀ နာရီမှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ တောင်တန်းဒေသခေါင်းဆောင်ကြီးတွေဟာ မြန်မာ့လွတ်လပ်ရေးနဲ့ ပြည်ထောင်စုတည်မြဲရေးအတွက်အရေးပါလှတဲ့ "ပင်လုံစာချုပ်" ကိုချုပ်ဆိုနိုင်ခဲ့ကြပါတယ်။ ပင်လုံစာချုပ် ချုပ်ဆိုရာမှာပါဝင်ကြသူတွေမှာ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် စုစုပေါင်း ၂၃ ဦးဖြစ်ပါတယ်။

အဲဒီလိုပြည်မနဲ့ ပြည်နယ်များညီညွတ်ရေးအတွက် လက်မှတ်ရေးထိုးထားတဲ့ ဖေဖော်ဝါရီလ ၁၂ရက်နေ့ကို နှစ်စဉ်ပြည်ထောင်စုနေ့အဖြစ် တိုင်းရင်းသားအားလုံးက အသိအမှတ်ပြုခဲ့ပါတယ်။ ပေါင်းစည်းချစ်ကြည်လက်တွဲညီ ပြည်ထောင်စုရဲ့ပန်းတိုင်ဆီသို့လျှောက်လှမ်းနေသည်မှာ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ၇၈ နှစ်သို့ရောက်ရှိခဲ့ပြီဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တိုင်းပြည်တာဝန်တွေ ဦးဆောင်နေစဉ်အတွင်းမှာ တိုင်းပြည်သာယာဝပြောရေးနဲ့ စားရေရိက္ခာဖူလုံရေးကို ဆောင်ရွက်ပေးလျက်ရှိသလို စစ်မှန်၍ စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကို တည်ဆောက်လျက်ရှိပါတယ်။

ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိဖို့ အလေးထားလုပ်ဆောင်နေပါတယ်။ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိဖို့ တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်မှာ လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများလက်တွဲပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းကြရမှာလည်းဖြစ်ပါတယ်။

တိုင်းရင်းသားအားလုံးက စည်းစည်းလုံးလုံးညီညီညွတ်ညွတ်နဲ့ဆောင်ရွက်ကြမယ်ဆိုရင် မြန်မာနိုင်ငံမှာ ပညာတတ်တွေပေါ်များလာပြီး နိုင်ငံရဲ့အနေအထားက ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံကနေ ဖွံ့ဖြိုးပြီးနိုင်ငံအဖြစ်သို့ တက်လှမ်းနိုင်မှာဖြစ်ပါတယ်။ နိုင်ငံအတွင်းမှာမှီတင်းနေထိုင်ကြတဲ့ ပြည်သူတွေအနေနဲ့ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ မိမိတို့ရဲ့လူမှုစီးပွားဘဝတွေမြင့်မားရေးကို လိုလားကြသူတွေသာဖြစ်ပါတယ်။

ဒါကြောင့် ပိုမိုတိုးတက်ဖွံ့ဖြိုးသော၊ ပိုမိုတည်ငြိမ်အေးချမ်းသော၊ ပိုမို၍ ပညာအရည်အချင်းပြည့်ဝသော၊ ပိုမို၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲနေစေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ လက်တွဲဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။

**ကိုးကား**

**- မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု သုတေသနစာတမ်း - နတ်မောက်ဘုန်းကျော်**

**- ညီညွတ်ရေးအရေးတော်ပုံ-စံအောင်**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၆၃၄၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ခင်ဦး ဇန်နဝါရီ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၆၃၄၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၆၅၁၅ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၃၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ ပဲတီစိမ်း ၆၅၁၅ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၆၃၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေ ရှိပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် ပဲတီစိမ်း စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျ သုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် ပဲတီစိမ်းများအထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှု ဖူလုံစေရုံသာမက ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့်ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် ပဲတီစိမ်းများအထွက်နှုန်းတိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်ထံမှ သိရသည်။ (၂၀၆)

## မိုးနဲမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုးနဲ ဇန်နဝါရီ ၃၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်ရန်ရည်ရွယ်၍ နမ့်မော် လေ+နားလင်းကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၉ ရက် နံနက်ပိုင်းက နမ့်မော်လေကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးနဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအာကာဖြိုးက နမ့်မော်လေ+နားလင်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံ၍ ရန်ပုံငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၅၄ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက နမ့်မော်လေ+နားလင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၁ ဦးကို ရန်ပုံငွေကျပ် ၄၅၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မိုးနဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ မောင်ခိုင်

# အီတလီနိုင်ငံတွင် ဟာမီနီယာမုန်တိုင်းကြောင့် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရ



**ရောမ ဇန်နဝါရီ ၃၀**

ဟာမီနီယာ မုန်တိုင်းသည် ပြင်သစ်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် ဇန်နဝါရီ ၂၉ ရက်တွင် အီတလီနိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ခဲ့ရာ အီတလီနိုင်ငံ တက်စ်ကာနီနယ်မြေနှင့် လီဂူရီယာနယ်မြေတို့တွင် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရကြောင်း Civil Protection Agency က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဖလောရင့်မြို့တွင် ရေကြီးရေလျှံမှုဖြစ်ပေါ်နေပြီး ဖလောရင့်မြို့ရှိ မြေအောက်လမ်းကူး လူသွားလမ်းများ ရေလွှမ်းလျက်ရှိသကဲ့သို့ လမ်းမကြီးတချို့လည်း ရေလွှမ်းလျက်ရှိကြောင်း၊ ဂျီနိုအာမြို့တွင်လည်း ရေကြီးရေလျှံမှုအပြင် မြေပြိုကျမှုများ ဖြစ်ပေါ်နေပြီး လမ်းမကြီးတချို့ကို ယာယီပိတ်ထားကာ ရေဘေးအန္တရာယ် အရေးပေါ်အခြေအနေ ကြေညာထားကြောင်း၊ မြေပြိုကျမှုနှင့်အတူ သစ်ပင်ကြီးများလည်း လဲကျခဲ့ပြီး နေအိမ်တချို့ ပျက်စီးခဲ့ကြောင်း Civil Protection Agency က ထုတ်ပြန်ခဲ့သည်။

"ဟာမီနီယာမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပါတယ်။ ရေကြီးရေလျှံမှုနဲ့အတူ မြေပြိုကျမှုတွေလဲဖြစ်ပေါ်နေပါတယ်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ရေလျှံတက်မှုတွေ ဖြစ်ပေါ်လာနိုင်တယ်။ စီဗီမြစ်ရေပမာဏလဲ မြင့်တက်လာနေတဲ့အတွက် မြစ်ရေလျှံတက်မှုနဲ့ ပတ်သက်ပြီး အချိန်မီသတိပေးချက်ထုတ်ပြန်နိုင်အောင် ဆောင်ရွက်နေပါတယ်"ဟု Civil Protection Agency မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# အင်္ဂလန်နိုင်ငံတွင် မိုးသစ်တောများ ပြန်လည်ထူထောင်ရန် စေတနာ့ဝန်ထမ်းများက သစ်ပင်ထောင်နှင့်ချီ၍ စိုက်ပျိုးလျက်ရှိ

**လန်ဒန် ဇန်နဝါရီ ၃၀**

အင်္ဂလန်နိုင်ငံ အနောက်တောင်ပိုင်း ဒီဗွန်ကောင်တီရှိ စားကျက်မြေ နေရာများတွင် အိုင်းရစ်မိုးသစ်တောများ ပြန်လည်ထူထောင်ရေးရည်ရွယ်ချက်ဖြင့် Devon Wildlife Trust သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စေတနာ့ဝန်ထမ်းအဖွဲ့က သစ်ပင်ပေါင်း ထောင်နှင့်ချီ၍ စိုက်ပျိုးလျက်ရှိကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

Devon Wildlife Trust သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စေတနာ့ဝန်ထမ်းအဖွဲ့အနေဖြင့် ဆောင်းရာသီအကုန်ထိ ဒေသမျိုးစိတ်များပါဝင်သော သစ်ပင်ပေါင်း ၇၀၀၀ ကို စိုက်ပျိုးသွားရန် ရည်မှန်းထားပြီး စိုက်ပျိုးမြေ ၇၅ ဧကကို လွှမ်းခြုံစိုက်ပျိုးသွားမည်ဖြစ်ကာ ယခုအခါ သစ်ပင်ပေါင်း ၂၅၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

"ဒီအသွင်ကူးပြောင်းမှုမှာ အရေးကြီးတဲ့ကဏ္ဍက ဒေသခံတွေပါပဲ။ သစ်ပင်တွေရရှိဖို့ ကြိုးစားပြီး ကူညီပေးခဲ့ပါတယ်"ဟု Devon Wildlife Trust သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စေတနာ့ဝန်ထမ်းအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ကလဲအင်းဂလက်စ်က ပြောကြားခဲ့သည်။

မိုးသစ်တောများ ပြန်လည်ဖြစ်ထွန်းရေးအတွက် ကွန်းဝဲလ်နှင့် အိုက်အော့မန်းကောင်တီတို့အပြင် စကော့တလန်နှင့် မြောက်အိုင်ယာလန်တို့တွင်လည်း ကြိုးပမ်း လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

Ref : Russia Today
Trs : AZH

# အင်ဒိုနီးရှားနိုင်ငံ အရှေ့တောင်ဆူလာဝေစီပြည်နယ်တွင် ငလျင်လှုပ်ခတ်မှုကြောင့် နေအိမ်တချို့ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်

**ဂျကာတာ ဇန်နဝါရီ ၃၀**

အင်ဒိုနီးရှားနိုင်ငံ အရှေ့တောင်ဆူလာဝေစီ ပြည်နယ် အရှေ့ကိုလာကာဒေသတွင် ဇန်နဝါရီ ၂၉ ရက် နံနက်ပိုင်းက ပြင်းအား ၅ ဒသမ ၁ မဂ္ဂနီကျူရှိ ငလျင်တစ်ခု လှုပ်ခတ်ခဲ့မှုကြောင့် နေအိမ်တချို့ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အေဂျင်စီ၏ ထုတ်ပြန်ချက်များကို ကိုးကား၍ ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အရှေ့တောင်ဆူလာဝေစီပြည်နယ် အရှေ့ကိုလာကာခရိုင်တွင် ပြင်းအား ၅ ဒသမ ၁ မဂ္ဂနီကျူရှိသော ငလျင်တစ်ခုလှုပ်ခတ်ခဲ့ရာ နေအိမ် ၃၂ လုံးနှင့် ဝတ်ပြုရာနေရာနှစ်ခုတို့ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ပြီး လူထိခိုက်သေဆုံးမှုမရှိကြောင်း ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အေဂျင်စီမှ ကာကွယ်ရေးဌာနမှူး တာဂျူဒင်က ပြောကြားခဲ့သည်။

"ငလျင်က သုံးစက္ကန့်လောက်ပဲ ကြာအောင် လှုပ်ခတ်ခဲ့တာဖြစ်ပြီး နေအိမ်တချို့ ထိခိုက်ပျက်စီးမှုတွေဖြစ်ပေါ်ခဲ့ပါတယ်။ ဒေသခံတချို့ကတော့ အန္တရာယ်ကင်းတဲ့ အဆောက်အအုံတွေကို ပြောင်းရွှေ့နေတာရှိတယ်။ နောက်ဆက်တွဲ ငလျင်တွေဖြစ်ပေါ်လာနိုင်တဲ့အတွက် အခြေအနေတွေကိုတော့ စောင့်ကြည့်နေပါတယ်"ဟု ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အေဂျင်စီမှ ကာကွယ်ရေးဌာနမှူး တာဂျူဒင်က ပြောကြားခဲ့သည်။



ငလျင်သည် ကုန်းမြေဒေသမှ လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး အနက်ပေများသောကြောင့် ဆူနာမီဖြစ်ပေါ်နိုင်သည့်အန္တရာယ် မရှိကြောင်း၊ ငလျင်လှုပ်ခတ်မှုကို ပြည်နယ်အတွင်းရှိ ခရိုင်ခုနစ်ခုမှာ သိသိသာသာခံစားခဲ့ရကြောင်း တာဝန်ရှိသူများ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

Ref : Russia Today
Trs : AZH

# ၂၀၃၅ ခုနှစ်တွင် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုဆိုင်ရာ မူဝါဒအသစ်များချမှတ်ရန် ဆွစ်ဇာလန်အစိုးရက အတည်ပြု

**ဘန်း ဇန်နဝါရီ ၃၀**

ဆွစ်ဇာလန်နိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးနှင့် ပတ်သက်ပြီး အရှိန်မြှင့်တင်ဆောင်ရွက်သွားရန် ပြင်ဆင်နေပြီး ရာသီဥတုဖောက်ပြန်မှုကို ဖြစ်ပေါ်စေသော ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ ထုတ်လွှတ်မှုဆိုင်ရာ မူဝါဒအသစ်များ ချမှတ်ရန် ဆွစ်ဇာလန်အစိုးရက ဇန်နဝါရီ ၂၉ ရက်တွင် အတည်ပြုခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မူဝါဒအသစ်အရ ၂၀၃၅ ခုနှစ် အရောက်တွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ကို ၁၉၉၀ ပြည့်နှစ်က ထုတ်လွှတ်ခဲ့သောပမာဏ၏ ၆၅ ရာခိုင်နှုန်းထိ လျှော့ချနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဥရောပတရားရုံးချုပ်က ဥရောပနိုင်ငံများအနေဖြင့် ၂၀၁၆ ခုနှစ်အတွင်း ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးနှင့် ပတ်သက်၍ လုံလောက်သည့် ဆောင်ရွက်မှုများ ပြုလုပ်နိုင်ခဲ့ခြင်းမရှိကြောင်း ထောက်ပြခဲ့ပြီးနောက် ဆွစ်ဇာလန်အစိုးရက ယခုနှစ်မှစ၍ ဆွစ်ဇာလန်နိုင်ငံ၏ ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်မြှင့်တင်သွားရန် စီစဉ်လာခြင်းဖြစ်ကြောင်း သိရသည်။

"၂၀၃၅ ခုနှစ် အရောက်မှာ ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ ထုတ်လွှတ်မှုကို ၁၉၉၀ ပြည့်နှစ်က ထုတ်လွှတ်တဲ့ပမာဏရဲ့ ၆၅ ရာခိုင်နှုန်းထိ လျှော့ချဖို့ကို အရှိန်မြှင့်တင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ၂၀၃၅ ခုနှစ်မတိုင်မီ ၂၀၃၁ ခုနှစ်ကနေ ၂၀၃၅ ခုနှစ်အတွင်း ၁၉၉၀ ပြည့်နှစ်က ထုတ်လွှတ်ခဲ့တဲ့ပမာဏရဲ့ ၅၉ ရာခိုင်နှုန်းထိ လျှော့ချနိုင်ဖို့အတွက် ဆောင်ရွက်နိုင်အောင်လဲ မူဝါဒအသစ်တွေ ချမှတ်သွားမှာ ဖြစ်ပါတယ်"ဟု ဆွစ်ဇာလန်အစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရေးအတွက် စွမ်းအင်ကဏ္ဍကို အဓိကပြင်ဆင်သွားမည်ဖြစ်ပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍအပြင် နျူကလီးယားဓာတ်ပေါင်းဖိုများ တည်ဆောက်သွားရေးအတွက် ပြင်ဆင်နေကြောင်း ဆွစ်ဇာလန်အစိုးရက အတည်ပြုခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် ရေကြီးရေလျှံမှုကာကွယ်ရေးအတားအဆီးများကို အဆင့်မြှင့်တင်သွားမည်

**အော့တဝါ ဇန်နဝါရီ ၃၀**

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် ရေဘေးအန္တရာယ်ဖြင့် အဓိက ရင်ဆိုင်ရလေ့ရှိသည့် တက်ဟ်စစ်ဒေသတွင် ရေကြီးရေလျှံမှု ကာကွယ်ရေး အတားအဆီးများကို တည်ဆောက်ထားပြီး အဆိုပါအတားအဆီးများကို အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း ဖက်ဒရယ်အစိုးရက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှုကာကွယ်ရေး အတားအဆီးများကို အဆင့်မြှင့်တင်ရေးအတွက် ဖက်ဒရယ်အစိုးရက အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ သန်း ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ အဆင့်မြှင့်တင်တည်ဆောက်ရာတွင် ရေကြီးရေလျှံမှုကာကွယ်ရေးနံရံ အတားအဆီးနှစ်ခုတည်ဆောက်သွားမည်ဖြစ်ပြီး တက်ဟ်စစ်ဒေသအတွင်း ရေရောက်လာနိုင်သည့် လမ်းကြောင်းဘက်ကို ဦးစားပေးတည်ဆောက်သွားမည်ဖြစ်ကြောင်း ဖက်ဒရယ်အစိုးရက ထုတ်ပြန်ထားသည်။

"လူမှုအဖွဲ့အစည်း ဘေးကင်းလုံခြုံဖို့အတွက် ဖက်ဒရယ်အစိုးရအနေနဲ့ ဆောင်ရွက်သင့်တာတွေကို အရှိန်မြှင့်တင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရေဘေးအန္တရာယ် မကြာခဏရင်ဆိုင်နေရပြီး လူမှုအဖွဲ့အစည်းတွေ ဆုံးရှုံးပျက်စီးမှုတွေနဲ့ ရင်ဆိုင်နေရတာတွေကို လျှော့ချပေးနိုင်ဖို့အတွက် အရှိန်မြှင့်တင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်သူတွေအတွက် သာမက ပြည်သူပိုင်အဆောက်အအုံတွေ၊ ပြည်သူတွေရဲ့ အိုးအိမ်စည်းစိမ်တွေသာမက သက်ရှိသတ္တဝါတွေအားလုံး ဘေးကင်းဖို့အတွက် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးသွားမှာပါ။ ဗြိတိသျှကိုလံဘီယာ ပြည်နယ် တက်ဟ်စစ်ဒေသမှာ တည်ဆောက်ထားတဲ့ ရေကြီးရေလျှံမှု ကာကွယ်ရေး အတားအဆီးတွေကို အဆင့်မြှင့်တင်မှုတွေ ပြုလုပ်သွားဖို့လဲ ဘတ်ဂျက်ခွင့်ပြုပေးထားပြီး ဖြစ်ပါတယ်။ စီမံကိန်းကို အမြန်ဆုံးဆောင်ရွက်ပေးသွားမှာပါ"ဟု ဖက်ဒရယ်အစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# စနေနေ့ညကစားမဲ့ အမှတ်ပေးပွဲတွေထဲက အိမ်ကွင်းအားသာချက်နဲ့ အသင်းလိုက် ကစားအားကောင်းနေတဲ့ အဲဗာတန်အသင်း၊ စတုဂတ်အသင်း၊ ဆီဗီလာအသင်းတို့ကိုရွေးချယ်ရမှာပါ

M L



ဥရောပအမှတ်ပေးပြိုင်ပွဲတွေဟာ ပွဲစဉ်(၂၀)ကျော်လာချိန်မှာပြိုင်ဆိုင်မှုပြင်းထန်လာတာကြောင့် အသင်းကြီးတွေအနေနဲ့လည်း ရုန်းကန်နေရတာကိုတွေ့ရမှာပါ။ ပြီးခဲ့တဲ့ရက်သတ္တပတ်မှာတော့ ပရီးမီးယားလိဂ်က ပရိသတ်တွေအကြိုက်တွေ့နေတဲ့ နော်တင်ဟမ်အသင်းက ဘုန်းမောက်အသင်းကို ဂိုးပြတ်ရှုံးခဲ့သလို စပါးအသင်းကလဲ လက်စတာအသင်းကို အိမ်ကွင်းမှာမထင်မှတ်ဘဲရှုံးခဲ့တာဖြစ်ပါတယ်။ ဘွန်ဒက်လီဂါမှာတော့ လိုက်ပ်ဇစ်က လေဗာကူဆင်ကို သရေ၊ ဒေါ့မွန်အသင်းက ဝါဒါဘရီမင်အသင်းကို သရေ၊ ဖရန့်ဖတ်အသင်းက ဟော့ဖန်ဟိန်းအသင်းကို သရေသာကစားနိုင်ခဲ့သလို၊ လာလီဂါမှာ ဆီဗီလာအသင်းက အက်စ်ပန်ညိုအသင်းကို သရေ၊ ဆိုစီဒက်အသင်းက ဂီတာဖေးအသင်းကိုဂိုးပြတ်ရှုံးခဲ့တာကိုတွေ့ရမှာပါ။ ပြင်သစ်လီဂူးမှာတော့ ပီအက်စ်ဂျီအသင်းက ရိမ်းအသင်းကို သရေသာကစားနိုင်ခဲ့တာကြောင့် ပရိသတ်တွေမျှော်လင့်ထားသလိုဖြစ်မလာဘူးလို့ပြောရမှာပါ။ ဒီတစ်ပတ်မှာတော့ ကြားရက်မှာ ဥရောပပြိုင်ပွဲအုပ်စုနောက်ဆုံးပွဲစဉ်တွေ ကစားခဲ့ရတာဖြစ်လို့ အသင်းကြီးအများစုအနေနဲ့ ဒဏ်ရာရ၊ ပွဲပန်းမှုတွေရှိနေမှာသေချာပါတယ်။ ဒါကြောင့် ဒီတစ်ပတ်ကစားမဲ့ပွဲစဉ်တွေမှာ ကစားသမားစုဖွဲ့မှုကောင်းတဲ့အသင်းတွေနဲ့ ဥရောပပြိုင်ပွဲမကစားဘဲ အနားရထားတဲ့အသင်းတွေကိုပဲ ရွေးချယ်သွားမှာပါ။

## အဲဗာတန်အသင်းနဲ့ လက်တွဲရမှာပါ

ပရီးမီးယားလိဂ်ပွဲစဉ် (၂၄)မှာ အကြိုက်တွေ့မိတာကတော့ အဲဗာတန်အသင်းနဲ့ လက်စတာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ အဲဗာတန်အသင်းဟာ နည်းပြဒိုက်ချီလက်ထက်မှာ အမှတ်ပေးပွဲ ၁၉ပွဲကစားအပြီးမှာ ရမှတ် ၁၇ မှတ်သာရရှိခဲ့လို့ တန်းဆင်းဇုန်ဖိအားအောက်ကျရောက်ခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် အသင်းတာဝန်ရှိသူတွေက ဒိုက်ချီကိုထုတ်ပယ်ခဲ့ပြီး အသင်းနည်းပြဟောင်း မိုယက်စ်ကို ပြန်လည်ခန့်အပ်ချိန်မှာ အသင်းအနေနဲ့ နိုင်ပွဲပြန်လည်ရှာတွေခဲ့တာဖြစ်ပါတယ်။ နည်းပြမိုယက်စ်ဟာ ယခင်အဲဗာတန်အသင်းနဲ့ အောင်မြင်မှုရယူနိုင်ခဲ့သလို လက်ရှိမှာလဲ သုံးပွဲတာဝန်ယူခဲ့ရာမှ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးရလဒ် ရရှိခဲ့တာကို သတိပြုရမှာပါ။ သူတို့အသင်းရှုံးခဲ့တာကလဲ ဒီရာသီမှာ ခြေစွမ်းထက်မြက်နေတဲ့ အေဗီလာအသင်းဖြစ်ပြီး စပါးအသင်းလိုတိုက်စစ်ကောင်းတဲ့အသင်းကို သုံးဂိုးနှစ်ဂိုးနဲ့အနိုင်ရခဲ့သလို၊ ဘရိုက်တန်အသင်းလိုစုဖွဲ့မှုနဲ့ လျင်မြန်မှုကောင်းတဲ့အသင်းကိုလဲ တစ်ဂိုး ဂိုးမရှိနဲ့ အနိုင်ကစားခဲ့တဲ့ ခြေစွမ်းတွေကအားရစရာဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ လက်စတာလိုခံစစ်ပိုင်းပေးဂိုးများတဲ့အသင်းနဲ့တွေ့နေတာကြောင့် ရမှတ်ရှာဖွေနိုင်ဖို့အခက်အခဲမရှိနိုင်သလို နည်းစနစ်ပိုင်းနဲ့ကစားသမားစုဖွဲ့မှုကလဲသာနေတာဖြစ်လို့ လက်စတာကိုပွဲချိန်ပြည့်ဖိအားပေးနိုင်မှာပါ။

လက်စတာအသင်းကတော့ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ချန်ပီယံရှစ်ဖလားရယူနိုင်ခဲ့ပြီး ပရီးမီးယားလိဂ်ကို တန်းတက်နိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ တန်းတက်ခွင့်ယူပေးခဲ့တဲ့ နည်းပြမာရက်စ်ကာကို လက်လွှတ်ခဲ့ရတာကြောင့် ပရီးမီးယားလိဂ်အတွေ့အကြုံရှိတဲ့ နည်းပြစတိဗ်ကူးပါးကို ခန့်အပ်ခဲ့တာကိုတွေ့ရမှာပါ။ နည်းပြကူးပါးလက်ထက်မှာတော့ လက်စတာဟာထင်သလောက်အလုပ်မဖြစ်ခဲ့ဘဲ ရလဒ်ကောင်းဖို့ ရုန်းကန်နေရပြီး အမှတ်ပေးပွဲမှာနှစ်ပွဲသာ အနိုင်ရခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အသင်းတာဝန်ရှိသူတွေက ပြီးခဲ့တဲ့နှစ်နိုဝင်ဘာလမှာ နည်းပြ သစ်နစ္စတယ်ရွိုင်းကိုခန့်အပ်ခဲ့ပြီး သူ့လက်ထက်မှာလဲ အသင်းရဲ့ကစားပုံတိုးတက်လာခြင်းမရှိဘဲ ခြေစွမ်းပိုင်းတည်ငြိမ်ဖို့ကြိုးစားနေရပြီး ခံစစ်ပိုင်းကပေးဂိုးများခဲ့တာဖြစ်ပါတယ်။ နစ္စတယ် ရွိုင်းဟာ ၄-၂-၃-၁ ကစားကွက်နဲ့ပွဲထွက်ခဲ့ပေမဲ့ တိုက်စစ်မြှင့်ကစားနေတာကြောင့် ခံစစ်ကသူကိုင်တွယ်ခဲ့တဲ့ပွဲတိုင်း ဂိုးပေးခဲ့ရတာကို သတိပြုရမှာပါ။ လာမဲ့ပွဲမှာလဲ အန်ဒီဒီ၊ ပါရဲရား၊ ဖာတာဝူတို့လိုကစားသမားတွေ ဒဏ်ရာကြောင့် ပါဝင်နိုင်မှာမဟုတ်လို့ တိုက်စစ်ပိုင်းထက်မြက်လာတဲ့ အဲဗာတန်အသင်းကို ထိန်းချုပ်ဖို့မဖြစ်နိုင်တာကြောင့် အဲဗာတန်အသင်းနဲ့လက်တွဲရမှာပါ။

### အဲဗာတန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘုန်းမောက် | ၁ | - | ၀ | အဲဗာတန် |
| အဲဗာတန် | ၂ | - | ၀ | ပီတာဘရော့ |
| အဲဗာတန် | ၀ | - | ၁ | အေဗီလာ |
| အဲဗာတန် | ၃ | - | ၂ | စပါး |
| ဘရိုက်တန် | ၀ | - | ၁ | အဲဗာတန် |

### လက်စတာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အေဗီလာ | ၂ | - | ၁ | လက်စတာ |
| လက်စတာ | ၆ | - | ၂ | ကျူပီအာ |
| လက်စတာ | ၀ | - | ၂ | ပဲလေ့စ် |
| လက်စတာ | ၀ | - | ၂ | ဖူလ်ဟမ် |
| စပါး | ၁ | - | ၂ | လက်စတာ |

## စတုဂတ်အသင်းကိုရွေးချယ်ရမှာပါ

ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ် (၂၀) မှာ အကြိုက်တွေ့တာကတော့ စတုဂတ်အသင်းနဲ့ ဂလာဘတ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ စတုဂတ်အသင်းဟာ နည်းပြဟိုးနက်စ်လက်ထက်မှာ ပုံစံကောင်းရခဲ့ပြီး အသင်းလိုက်ကစားပုံ တိုးတက်ခဲ့တာကြောင့် ပြီးခဲ့တဲ့ဘောလုံးရာသီမှာ အဆင့်(၂) နေရာကနေ ချန်ပီယံလိဂ်ဝင်ခွင့်ရခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ချန်ပီယံလိဂ်ဝင်ခွင့်ရထားပြီး တိုက်စစ်မှူးဂီရက်ဆီကို ဒေါ့မွန်အသင်းကိုရောင်းချခဲ့ပေမဲ့ တိုက်စစ်မှူးအန်ဒက်ဗ်နဲ့ အစားထိုးနိုင်ခဲ့တာကြောင့် တိုက်စစ်ပိုင်းကျဆင်းသွားခဲ့ခြင်းမရှိပါဘူး။ လက်ရှိအမှတ်ပေးပွဲ ၁၉ပွဲအပြီးမှာ ကိုးပွဲနိုင်၊ ငါးပွဲသရေ၊ ငါးပွဲရှုံး၊ ရမှတ် ၃၂ မှတ်နဲ့ အဆင့်(၄)မှာရပ်တည်နေတာဖြစ်ပါတယ်။ နည်းပြဟိုးနက်စ်ကတော့ ၄-၂-၂ ကစားကွက်ကိုအထိုင်ချကစားနေပြီး တိုက်စစ်မှာ ဝိုးလ်မိတ်နဲ့အန်ဒက်ဗ်တို့အတွဲက အသင်းရဲ့အဆုံးအဖြတ်ဂိုးတွေ သွင်းယူပေးနေတာဖြစ်ပါတယ်။ ပထမအကျော့အဝေးကွင်းမှာလဲ သူတို့အသင်းက ဂလာဘတ်အသင်းကို သုံးဂိုးတစ်ဂိုးနဲ့နိုင်ခဲ့တာကြောင့် အခုပွဲမှာလဲ ထိန်းချုပ်ကစားနိုင်မှာသေချာပါတယ်။

ဂလာဘတ်အသင်းဟာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိသေးတဲ့အသင်းဖြစ်သလို ဒုတိယရာသီဝက်စကတည်းက နိုင်ပွဲတစ်ပွဲသာရခဲ့တာဖြစ်ပါတယ်။ သူတို့အနိုင်ရခဲ့တာကလဲ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ ဘိုချမ်လိုကစားသမားစုဖွဲ့မှုအားနည်းတဲ့အသင်းကို သုံးဂိုးပြတ်နဲ့အနိုင်ရခဲ့တာကို တွေ့ရမှာပါ။ လက်ရှိအမှတ်ပေးဇယားမှာတော့ ရှစ်ပွဲနိုင်၊ သုံးပွဲသရေ၊ ရှစ်ပွဲရှုံးရမှတ်၂၇မှတ်နဲ့အဆင့်(၈)မှာရပ်တည်နေပေမဲ့အဆင့်(၉)ကနေ အဆင့်(၁၂)ထိ အသင်းတွေနဲ့ ရမှတ်နှစ်မှတ်သာကွာဟနေတာကြောင့် ဒီပွဲကိုရှုံးခဲ့ရင် အမှတ်ပေးဇယားအောက်ကိုကျဆင်းမှာသေချာပါတယ်။ နည်းပြဆီအိုနီကတော့ လက်ရှိလူစာရင်းနဲ့အသင်းကြီးတွေကို ယှဉ်ပြိုင်ကစားဖို့ကြိုးစားနေပေမဲ့ ပွဲကစားချိန်ကြာလာတာနဲ့ ကစားသမားတွေရဲ့စွမ်းဆောင်ရည်ပိုင်းအားနည်းချက်က နည်းစနစ်ပိုင်းကိုပါအားနည်းလာစေပြီးရှုံးပွဲကြုံရတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ရာသီအမှတ်ပေးပွဲမှာလဲ တန်းဆင်းဇုန်ကရုန်းထွက်ဖို့ရုန်းကန်ခဲ့ရလို့ အဆင့်(၁၄)သာရောက်ခဲ့တာဖြစ်ပါတယ်။ သူတို့နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုမှာရလဒ်တူနေပေမဲ့ လက်ရှိခြေစွမ်းနဲ့ကစားသမားစုဖွဲ့မှုက စတုဂတ်အသင်းကသာနေတာကြောင့် စတုဂတ်အသင်းကိုရွေးချယ်ရမှာပါ။

### စတုဂတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အော့စ်ဘတ် | ၀ | - | ၁ | စတုဂတ် |
| စတုဂတ် | ၂ | - | ၁ | လိုက်ပ်ဇစ် |
| စတုဂတ် | ၄ | - | ၀ | ဖရိုင်းဘတ် |
| ဆလိုဗန် | ၁ | - | ၃ | စတုဂတ် |
| မိန့်ဇ် | ၂ | - | ၀ | စတုဂတ် |

### ဂလာဘတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဂလာဘတ် | ၂ | - | ၂ | နီမီဂျန် |
| ဂလာဘတ် | ၀ | - | ၁ | ဘိုင်ယန်မြူးနစ် |
| ဝုဖ်ဘတ် | ၅ | - | ၁ | ဂလာဘတ် |
| လေဗာကူဆင် | ၃ | - | ၁ | ဂလာဘတ် |
| ဂလာဘတ် | ၃ | - | ၀ | ဘိုချမ် |

## ဆီဗီလာအသင်းရလဒ်ကောင်းမှာပါ

စပိန်လာလီဂါပွဲစဉ် (၂၂) မှာ အကြိုက်တွေ့မိတာကတော့ ဂီတာဖေးအသင်းနဲ့ ဆီဗီလာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဂီတာဖေးအသင်းဟာ ပထမရာသီဝက်ကာလမှာ ခြေစွမ်းပိုင်းတည်ငြိမ်ဖို့ခက်ခဲနေပေမဲ့ ဒုတိယရာသီဝက်မှာတော့ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲဆက်ရှုံးနိမ့်ခဲ့ခြင်းမရှိပါဘူး။ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာလဲ ဆိုစီဒက်လိုအသင်းကို တန်ပြန်တိုက်စစ်ကနေ အကောင်းဆုံးဖိအားပေးနိုင်ခဲ့တာကြောင့် ဒုတိယပိုင်းမှာ သုံးဂိုးထိသွင်းယူနိုင်ပြီး နိုင်ပွဲဆက်ခဲ့တာဖြစ်ပါတယ်။ နည်းပြဘိုဒါလက်စ်ကတော့ ပြိုင်ဘက်ရဲ့ကစားပုံကို လိုက်ပြီးကစားကွက်ပြောင်းလဲခဲ့ပေမဲ့ ပြိုင်ပွဲတိုင်းကိုခံစစ်အားပြုကစားပြီး တန်ပြန်တိုက်စစ်ကနေဂိုးရယူလေ့ရှိတာကိုသတိပြုရမှာပါ။ သူတို့အသင်းဟာ အမှတ်ပေးပွဲ ၂၁ ပွဲမှာရမှတ် ၂၃ မှတ်နဲ့အဆင့်(၁၄)မှာရပ်တည်နေပေမဲ့ တန်းဆင်းဇုန်က အက်စ်ပန်ညိုအသင်းနဲ့ ရမှတ်သုံးမှတ်သာ ကွာဟနေတာဖြစ်ပါတယ်။ လက်ရှိဂီတာဖေးအသင်းဟာ ကစားကွက်ပိုင်းအကောင်းဆုံးအခြေအနေမှာရှိနေပေမဲ့ ခံစစ်ပိုင်းကအယ်ဒါရက်တီ အနီကတ်ကြောင့် မပါနိုင်တာဖြစ်လို့ ဆီဗီလာအသင်းတိုက်စစ်ကို ထိန်းချုပ်ဖို့ခက်မှာပါ။

ဆီဗီလာအသင်းကလဲ နည်းပြသစ်လက်ထက်မှာ ခြေစွမ်းပိုင်းတည်ငြိမ်ဖို့ရုန်းကန်နေရတဲ့အသင်းဖြစ်ပါတယ်။ သူတို့အသင်းကလဲ ၂၁ပွဲအပြီးမှာ ရမှတ် ၂၇ မှတ်သာရတာကြောင့် ဂီတာဖေးအသင်းနဲ့ ရမှတ်ကွာဟမှုကျဉ်းမြောင်းနေတာကိုတွေ့ရမှာပါ။ ဒါပေမဲ့ ဆီဗီလာအသင်းဟာ အဆင့်(၆)က မာယော့ကာနဲ့ ရမှတ်သုံးမှတ်သာ ကွာဟနေတာကြောင့် လာမဲ့ပွဲမှာအနိုင်ရခဲ့ရင် အမှတ်ပေးဇယားအထက်ကိုရောက်ရှိမှာ သေချာပါတယ်။ ဒ့ါပြင် ဆီဗီလာဟာ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲဆက်မှာလဲ တစ်ပွဲသာအနိုင်ရခဲ့ပြီးနှစ်ပွဲသရေ၊ နှစ်ပွဲရှုံးဖြစ်တယ်ဆိုပေမဲ့ သူတို့အနိုင်ရခဲ့တာက ဂျီရိုနာလိုအသင်းကို နိုင်ပွဲရခဲ့တာကိုတွေ့ရမှာပါ။ လာမဲ့ပွဲမှာလဲ နီယန်ဇူကလွဲရင် အဓိကကစားသမားတွေပါဝင်နိုင်မှာဖြစ်တာကြောင့် ဂီတာဖေးအသင်းခံစစ်ပိုင်း ပွဲချိန်ပြည့်တားဆီးဖို့မဖြစ်နိုင်ပါဘူး။ သူတို့နှစ်သင်းနောက်ဆုံးတွေ့ဆုံမှုသုံးကြိမ်မှာလဲ ဆီဗီလာအသင်းကပဲ အနိုင်ရခဲ့တာဖြစ်လို့ ဆီဗီလာအသင်းရလဒ်ကောင်းမှာပါ။

### ဂီတာဖေးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဂရန်နာဒါ | ၀ | - | ၁ | ဂီတာဖေး |
| လက်ပါးမက် | ၁ | - | ၂ | ဂီတာဖေး |
| ပွန်တီဗီဒရာ | ၀ | - | ၁ | ဂီတာဖေး |
| ဂီတာဖေး | ၁ | - | ၁ | ဘာစီလိုနာ |
| ဆိုစီဒက် | ၀ | - | ၃ | ဂီတာဖေး |

### ဆီဗီလာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ရီးရဲလ်မက်ဒရစ် | ၄ | - | ၂ | ဆီဗီလာ |
| အယ်မာရီယာ | ၄ | - | ၁ | ဆီဗီလာ |
| ဆီဗီလာ | ၁ | - | ၁ | ဗလင်စီယာ |
| ဂျီရိုနာ | ၁ | - | ၂ | ဆီဗီလာ |
| ဆီဗီလာ | ၁ | - | ၁ | အက်စ်ပန်ညို |

# ကန့်ကြီးထောင့်မြို့နယ်တွင် စားဖိုဆောင်းသီးနှံကေ ၂၄၁၀၀ထိ စိုက်ပျိုးပြီးစီး လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ပုသိမ် ဇန်နဝါရီ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန့်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်းသီးနှံကေ ၂၄၁၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

ကန့်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စားဖိုဆောင်းသီးနှံလျာထား ၂၃၇၉ ကေကိုအောက်တိုဘာလ ပထမ အပတ်ကစတင်စိုက်ပျိုးခဲ့ရာယနေ့တွင် စားဖိုဆောင်းသီးနှံကေ၂၄၁၀၀ ထိစိုက်ပျိုးပြီးစီးပြီဖြစ်ပြီးလျာထားကေထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စားဖိုဆောင်းသီးနှံများ လျာထားကေထက်ပိုမိုစိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက် စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

''အခု ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန့်ကြီးထောင့်မြို့နယ်မှာ စားဖိုဆောင်းသီးနှံ ၂၃၇၉ ကေလျာထား စိုက်ပျိုးခဲ့ရာကေ ၂၄၁၀၀ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက စားဖိုဆောင်းသီးနှံတွေအခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့သွင်းအားစုတွေ ပိုးမွှားရောဂါကာကွယ်ရေးလုပ်ငန်းနဲ့ စိုက်ပျိုးရေး နည်းပညာပေးလုပ်ငန်းတွေကို ကြိုတင်ဆောင်ရွက်ပေးနေပါတယ်''ဟုကန့်ကြီးထောင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ကန့်ကြီးထောင့်မြို့နယ်တွင် စားဖိုဆောင်းသီးနှံ စိုက်တောင်သူများအနေဖြင့် သီးနှံများကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက စားသုံးမှုဖူလုံသည့် အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး အကျိုးစီးပွားပိုမိုဖြစ်ထွန်းနိုင်မည်ဖြစ်ရာ စားဖိုဆောင်းသီးနှံများ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကန့်ကြီးထောင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# တောင်သာမြို့နယ် ငါးပင်စင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**တောင်သာ ဇန်နဝါရီ ၃၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ငါးပင်စင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကို ဇန်နဝါရီ ၂၉ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြင်းခြံခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးဝင်း၊ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ငါးပင်စင်ကျေးရွာ၌ အရှည် ၅၇၅ပေ၊ အကျယ် ၁၂ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် မြင်းခြံခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးဝင်းသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးညှိနှိုင်းမှာကြားသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ငါးပင်စင်ကျေးရွာ၌ နိုင်ငံတော်ပံ့ပိုး ငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၆၁၅၀၀၀၀ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးကူညီကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များမှ ဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် ဩဂုတ်လ ဒုတိယပတ်မှစတင်၍ ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**






ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင် Exhibition Vanue Award ရရှိခဲ့သော

မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင်

ရတနာပုံခန်းမ



Exhibition Vanue Award



ရရှိနိုင်သောဝန်ဆောင်မှုများ

ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ ရှင်ပြုရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊မင်္ဂလာဆောင်ပွဲများ၊ မွေးနေ့ပွဲများ၊အထိမ်းအမှတ်ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊အငြိမ့်ပွဲ၊ ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊ အလှဓာတ်ပုံရိုက်ကူးခြင်းများအတွက် ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရန်လိပ်စာ - ၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေး။
ဖုန်း-၀၂-၄၀၃၀၄၃၈၊ ၀၂-၄၀၃၀၄၃၉၊ ၀၉ ၆၇၈၉၉၉၉၁၊ ၀၉ ၆၇၈၉၉၉၉၂

သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....

ရွှေဖီဦး BLACK TEA (နောင်တရား)ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူး လျက်ရှိပါသည်။

ရွှေဖီဦး

(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP)ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာန အသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ် ရေး အဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**




"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm။
Website Address – http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေးဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ မိမိတို့တစ်ဦးတစ်ယောက်ချင်းစီ၏ စာပေဖတ်ရှုလေ့လာခြင်းမှ ရရှိလာသည့် အသိဉာဏ်အလင်းသည် ဘဝတိုးတက်မှုအတွက် များစွာ အထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်ပြီး မိမိ၏ မိသားစုနှင့် မိမိတို့တာဝန်ထမ်းဆောင်ရသည့် ပတ်ဝန်းကျင်ကိုပါ အလင်းရောင်နှင့် လမ်းကြောင်းမှန်ကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် မန္တလေးပညာရေးဒီဂရီကောလိပ်ရှိ နည်းပြဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

**၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက် ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၄၄၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

**တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ဒေးဒရဲမြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်**

စာမျက်နှာ- ၂၀

## မြန်မာနေရှင်နယ်လိဂ် ပွဲစဉ်(၁၈)တွင် ရခိုင်ယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ ဂိုးမရှိသရေရလဒ်ထွက်ပေါ်

ရန်ကုန် ဇန်နဝါရီ ၃၀

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ပွဲစဉ်(၁၈)ကို ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့သုဝဏ္ဏအားကစားကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံးခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများရှိခဲ့ကာ ဂိုးပေါက်ကန်သွင်းခွင့်အခွင့်အရေးများ ရရှိခဲ့ကြသော်လည်း တိုက်စစ်ကစားသမားများ အခွင့်အရေးများကို အသုံးချနိုင်ခြင်းမရှိခဲ့ဘဲ ပွဲပြီးဆုံးချိန်ထိ ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့သည့်အတွက် ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သည်။

စာမျက်နှာ ၂၀ ကော်လံ ၄ ☆



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la



Phone; 09973037364(Office), 09971922346(Mill)

မြန်မာပြည်တွင်ထုတ်လုပ်သည်

သကြားဖြူ White Sugar